# ပဋ္ဌာန်းညဝါသုံးစောင်တွဲ

မဟာသံဃာ့ရာဇာ

သအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

သုံးချက်ရ၊ ပစ္စည်းပြိုင်၊ ရာသီရ

မည်သော

# ပဋ္ဌာန်းညဝါသုံးစောင်တွဲ

ပါဠိဆရာကြီး–ဦး၊ချစ်ထွန်း ကြည့်ကြစ်ပြင်ဆင်သည်၊

ဦးဘိုးသာ-ဒေါ်ညွှန့် နှင့် သားသမီးများ
ဆိုင်နံပါတ် ၄-၅-၆-၇ စီရုံ၊ ဈေးကြိုတော်
မန္တလေးမြို့၊

၁၃၁၅-ခု။ တပိုတွဲလ။

သမတ,ပုံနှိပ်တိုက်။ ဆိုင်းတန်း–မန္တလေး

# အကြောင်းပြ–နိဒါန်း။

**သံသာရ သာဂရ၊** "ဤမည်သောသတ္တာသည်၊ဤမျှအရေအတွက်ရှိသော၊အနှစ်တရာ,အနှစ်တထောင်ထက်မှာ ဖြစ်ဖူးပြီ၊ ယင်းမှရှေ့၌ မဖြစ်ဖူးချေသေး" ဟူ၍၎င်း။ "ကပ္ပါတသောင်း,ကပ္ပါတသိန်းထက်၌ ဖြစ်ဖူးပြီ ယင်းမှရှေ့၌ မဖြစ်ဖူးချေသေး"ဟူ၍၎င်း။ "မည်သည့် မင်းလက်ထက်၌ ဖြစ်ခဲ့ဖူး၍၊ မည်သည့် ဘုရားသခင့် လက်ထက်တော်၌ ဖြစ်ခဲ့ဖူးပြီ ယင်းမှ ရှေ့၌ မဖြစ်ဖူးချေသေး"ဟူ၍၎င်း။ဤသို့ သတ္တာတဦးတယောက်၏ ဖြစ်စကို ဖေါ် ပြခြင်းငှာသော်၎င်း။

"ဤအဝိဇ္ဇာသည် ဤအခါမှ ရှေးလွန်ခဲ့ပြီးသော များစွာသော ကာလတို့၌ မဖြစ်ဖူးချေသေး၊ ယင်းမှ နောက်ကာလ၌သာ ဖြစ်၏"ဟူ၍၎င်း။"ဤဘဝတဏှာသည် ဤအခါမှ ရှေးလွန်ခဲ့ပြီးသော များစွာသော ကာလတို့၌ မဖြစ်ဖူး ချေသေး၊ ယင်းမှ နောက်ကာလ၌သာဖြစ်၏"ဟူ၍၎င်း။ ဤသို့ သံသရာဝဋ်၏ မူလ,ဘူတ–ပဌမ တရား ၂ ပါးတို့၏ ဖြစ်စကို ဖေါ်ပြခြင်းငှာသော်၎င်း,မစွမ်းနိုင်ချေ။

သို့ပုဂ္ဂလအနေအားဖြင့်၎င်း၊ဓမ္မအနေအားဖြင့်၎င်း၊ဖြစ်စ=(ပုဗ္ဗကောဋိ)ကို မသိစွမ်းနိုင်သော ခန္ဓာအာယတန ဓာတ်တို့၏၊မပြတ်မစဲ ဖြစ်ပေါ်နေခြင်းကို အသိဉာဏ်၏ထောက်တည်ရာ မရနိုင်အောင် ကျယ်ဝန်း လှသောကြောင့် "သံသာရ သာဂရ"ဟု ဆိုအပ်၏။

**ဇလ သာဂရ၊** အံရာ မကသောပြည်, အထောင် မကသော စိတ်၊ အသောင်းမကသော တင်း၊ အသိန်းမကသော.တို့။ဤသို့ ချိန်ခွက် ချင်တောင်း များစွာတို့ဖြင့် ချိန်ခြင်း။ ချင်ခြင်းကိုပြု၍၊ သမုဒ္ဒရာကြီးတို့မှ ရေသည်၊ 'ပြည်မည်မျှ,စိတ်မည်မျှ,တင်းမည်မျှ, ကျိုမည်မျှ" ရှိသည်ဟု မနိုင်းချင်နိုင်ကုန်။

စင်စစ်အားဖြင့် မချိန်နိုင်-မချင်နိုင်သော၊ ရေထု,ရေအဟုန်ရှိသော၊ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်သော အပြောကျယ်လှစွာသော သမုဒ္ဒရာ ရေတို့ကို“ဇလသာဂရ” ဟု ဆိုအပ်၏။

**နယသာဂရ၊** သာသနာတော်၌ သဒ္ဒါသက်ဝင် ကြည်ညို၍ စဉ်းစား မြော်ခေါ် ဉာဏ်ရှိသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်၊ ဝိနည်းပိဋကတ်တော်ကို လေ့လာကြည့်ရှု၍ “ဤသို့ သဘောရှိသော ပြစ်မှု၌ ဤအပြစ်ဖြစ်၏။ ဤသို့ သဘောရှိသော ကျူးလွန်မှု၌ ဤအာပတ်သင့်၏။ “ဤသို့ စသည်ဖြင့် ကျူးလွန်သော အပြစ်အား လျော်စွာ မယုတ်မလွန်, မလျော့ မတင်း, မရှောင်, မတိမ်း နိုင်အောင် တိတိကျကျ သိက္ခာပုဒ်တို့ကို ပညတ်တော်မူခြင်း မည်သည်၊ ကရုဏာ့ရှင် ဘုရားသခင်တို့သာ စွမ်းဆောင် နိုင်သော အရာ ဖြစ်၏၊ အခြားသူတို့ စွမ်းဆောင်နိုင်သော အရာ မဟုတ်ပါတကား” ဤသို့မူလပညတ်,အနုပညတ်,သာဓါရဏပညတ်,အသာဓါရဏပညတ်-စသည်ဖြင့်၊ အကျယ် အကျယ် ခွဲခြမ်းဝေဘန်၍၊ ခေါက်ပြန်တုံ့လှည့်, ဉာဏ်မျက်စိကို ဖြန့်ကြည့်သောအခါ၊ အတိုင်းမသိ-အဆုံးအပိုင်းအခြား မရှိသော နှစ်သက်ခြင်း-ဝမ်းမြောက်ခြင်း ဖြစ်ရပေ၏။

အဘိဓမ္မပိဋကတ်တော်ကို လေ့လာကြည့်ရှု၍“ ဤကား ခန္ဓာ, ဤကား အာယတန, ဤကား ဓါတ်, ဤကား ဣန္ဒြေ, ဤကား ဗောဇ္ဈင်,ဤကား မဂ္ဂင်-ဤသို့စသည်ဖြင့်၊ နူးညံ့ သိမ်မွေ့ နက်နဲလှစွာသော ရုပ်နာမ်တရားတို့ကို “ကောင်းကင်၌ နက္ခတ်တာရာများကို ရေတွက် သကဲ့သို့” အစိတ် အစိတ် အပိုင်းအပိုင်း တခုစီ၊ တသန့်စီ ဝေဖန်ထပ်ထပ်,သုံးသပ်သော အခါ၊“ဪ....ဘုရားသခင်သည်၊ ဤကဲ့သို့ အသိခက်ခဲ,နက်နဲ

ကျယ်ဝန်း လှစွာသော သဘာဝဓမ္မတွေကို ကိုယ်တိုင် ထိုးထွင်း,အကြွင်းမရှိ သိတော်မူပါပေသည်တကား'' ဤသို့ မိမိ သိတော်မူသည့် အတိုင်းလည်း၊ ကိုယ်နှင့်ထပ်တူ, ဟိန္ဒူကို၊ ကြည်ဖြူ၍ဝေ၊ သိစေတော်မူခဲ့ပါဘိတကား''ဟု၊ အတိုင်းမသိ၊ အဆုံးမရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း ဖြစ်ရပေ၏။ ဤသို့စသည်ဖြင့် ကြွင်းကျန်သော ပါဝစနဗိဋကတ်တော်တို့ကို လေ့လာသုံးသပ်၍ ပိဋကတ်တော်တိုင်း-ဗိဋကတ်တော်တိုင်း၌,အတိုင်းမသိ၊ အဆုံးအပိုင်း အခြားမရှိသော နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းဖြစ်ရပေ၏။ သို့အတိုင်းမသိ၊ အဆုံးအပိုင်းအခြားမရှိနှစ်သက်စေနိုင်-ဝမ်းမြောက်စေနိုင်-ကျေနပ်လက်ခံစေနိုင်သော ဗုဒ္ဓပါဝစနတို့ကို ''နယ သာဂရ''ဟု ဆိုအပ်၏။

**ဉာဏ သာဂရ၊** ဤကား သံသာရသာဂရ၊ ဤကား ဇလ သာဂရ၊ ဤကား နယသာဂရ ဟူ၍၊ တပုံတယောက်သော ပုဂ္ဂိုလ်သည်၊ တပုံတခုသော အသိဉာဏ်ထိုးထွင်းမှု၊ချင့်ချိန် တိုင်းတာမှုတို့ဖြင့် ဖေါ်ပြခြင်းငှာ မစွမ်းနိုင်ရှေ့သဗ္ဗညုတဉာဏ်တော်ဖြင့်သာ ဖေါ်ပြခြင်းငှာ စွမ်းနိုင်ပေ၏။

ထိုသို့ ဆိုအပ်ပြီးသော-၃-ပါးသော သာဂရ တို့ထက်လည်း နက်နဲ ကျယ်ဝန်းလှစွာသော၊ ဉေယျခံဘရား-၅-ပါးတို့ကို အကျွင်းအကျန်မရှိ၊ တိမိ ပြတ်သားစွာ သိတော်မူနိုင်ခြင်းဟူသော အစွမ်း၊ငင်းတရားတို့တွင် တပါး တပါးသော တရားတော်၌ ဟောပြသင့်၊ဟောပြ ထိုက်သော အခြင်းအရာ နည်းနာနိသျှအဖုံဖုံ၊ထုယ်ဆယ် ကယ်တင်ပုံ နိသျှည်းတို့ကိုလိပ်လည်းမဲ့၊တိတိ မိမိသိတော်မူနိုင်ခြင်း ဟူသော အစွမ်းသံသရာဝဋ်မှ ထုတ်ဆယ် ကယ်တင် ထိုက်သော ဝေနေယျသတ္တာတို့၏ ထူးထွေသောဆန္ဒ,အဇ္ဈာသယ မျိုးပုံတို့ကို ကုန်စင် ထင်လင်း,သိတော်မူနိုင်ခြင်း ဟူသော အစွမ်း၊ သို့အစွမ်း

၃-ပါးနှင့်ပြည့်စုံသော အနာဝရဏ, အသာဓာရဏ, သဗ္ဗညုတ ဉာဏ်တော်ကို "ဉာဏသာဂရ" ဟု ဆိုအပ်၏။

အနန္တနယ သာဂရ၊

ထိုသည့် ၄-ပါးသော သာဂရ တို့တွင်၊ "နယသာဂရ" အပါအဝင်ဖြစ်သော အဘိဓမ္မပါဠိတို့တွင် "ပဋ္ဌာနပါဠိ" သည်သာ-အနန္တနယ သာဂရ ဖြစ်၏။ မှန်၏! ရှင်တော်မြတ်ဘုရားသည် သဗ္ဗညုဗုဒ္ဓအဖြစ်သို့ရောက်၍၊ စတုတ္ထသတ္တာဟ ရတနာဃရ ရွှေအိမ်၌ ဓမ္မသင်္ဂဏီအစ, ယမိုက် အဆုံးရှိသော အဘိဓမ္မပါဠိတို့ကို သုံးသပ်ဝေဘန် ဉာဏ်ဖြင့် ဆင်ခြင်တော်မူသောအခါ အာရုံဓမ္မကသေးဖွဲ၍၊ အာရမဏိက ဉာဏ်တော်က ကြီးကဲနေသဖြင့် "ဉာဏ်သွားတိုင်း, တရားမလိုက်" ရကား၊ နှစ်မြို့က်ကြနပ်တော်မမူနိုင်ချေ။ ယူဇနာ ရှစ်သောင်း လေးထောင်နက်သော မဟာသမုဒ္ဒရာ၌သာ တည်နေ ပျော်မွေ့ နိုင်ကြသော ကြီးမားလှစွာသော အတ္တဘောရှိသည့်၊ တိမိရ၊ ပိင်္ဂလ, စသော ငါးကြီးတို့သည် ဂင်္ဂါ, ယမုနာ စသော မြစ်ကြီးတို့၌ မပျော်မွေ့နိုင်, မနှစ်မြို့က်, မကျေနပ်နိုင် သကဲ့သို့ ဖြစ်ရပေသည်။

ဤပဋ္ဌာန်းပါဠိကိုသုံးသပ်ဆင်ခြင်တော်မူသောအခါတွင်မှ အာရုံဓမ္မကလည်းအနန္တ၊ အာရမဏိကဉာဏ်တော်ကလည်း အနန္တ ဖြစ်၍။ နှစ်ဝလိုက်လျော, သဘောကြို့က်ညီ "ဉာဏ် ပြေးတိုင်း တရားမှီ" သဖြင့်၊ ရွှေစိတ်တော် အနည်ကျကာ၊ မဟာဈာသယ၊ ကြီးစွာသော လိုအင်ပြည့်ဝတော်မူလေသည်။

သို့လိုအင်ပြည့်ဝသဖြင့် စိတ်ရွှင်လန်း၊ စိတ်ရွှင်လန်းသဖြင့် စိတ္တဇရုပ်တွေ-အစွမ်းကုန် ကြည်လင်၊ စိတ္တဇရုပ်တို့၏- အစွမ်းကုန် ကြည်လင်မှုကြောင့် "ဆဗ္ဗဏ္ဏရံသီ" ရောင်ခြည်တော် ၆-ပုံတို့သည်၊ ဘဝဂ်ဘုံ မဆန့်ချင်းအောင် အနန္တ လောကဓာတ်အတွင်းသို့ ထင်လင်း ထွက်ပေါ်တော် မူကြကုန်၏။

ထို့ကြောင့်၊ ဤ ပဋ္ဌာန ပါဠိသည်သာ နယသာဂရ တို့တွင် "အနန္တနယသာဂရ" ဖြစ်ပေသည်။

**ပဋ္ဌာန်းဒေသနာ ဟောသောခါ၊**

ထိုသို့ အနန္တနယ၊ သမန္တပဋ္ဌာန်း ကျမ်းကြီးကို-၇-ဝါမြောက်ရောက်သော ကာလ၊ တာဝတိံသာနတ်ပြည် ပင်လယ် ကသစ်ပင်ရင်းခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက် နေရာ၌ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားကို အမှူးထား၍၊ စကြဝဠာတိုက်တသောင်းမှ၊ ရပေါင်းညီညာ စည်းဝေး ရောက်လာကြကုန်သော နတ်ဗြဟ္မာတို့အား၊ ဝါ တွင်း-၃-လပတ်လုံး၊ အကျယ်ဝေဖန်၍ ဟောတော်မူသည်။

၎င်းတာဝတိံသာနတ်ပြည်၌ ဟောတော်မူခိုက်၊ စန္ဒကူး တော၌ နေ့သန့်တော်မူစဉ် ဓမ္မသေနာပတိ သျှင်သာရိပုတြာ အား၊ အကျဉ်းချုပ်အားဖြင့် ဟောကြားတော် မူပြန်၏၊ ထို သျှင်သာရိပုတြာသည်-လင်းနို့မျိုး၌ ဖြစ်ခဲ့ဖူးသော မိမိ သဒ္ဓိ ဝိဟာရိက တပည့်ရဟန်း-၅၀၀-တို့အား၊ ဘုရားသခင် ဟော ကြားတော်မူသည့်အတိုင်း၊ ၎င်းတို့ နားသည်အောင် ချဲ့ဘန် သ၍ ချုံ့ကာ မကျဉ်း မကျယ်အားဖြင့် ဟောကြားတော်မူပြန် ၏။ သို့ ဝါစနာမဂ္ဂအားဖြင့် ဓမ္မသေနာပတိ သျှင်သာရိပုတြာ လျှင် အမွှန်ပဘဝ ရှိသော ပဋ္ဌာန်း ဒေသနာတော်မြတ်ကို အာစရိယပရမ္ပရ သိဿာနုသိဿတို့ ခေတ်အဆက်ဆက်, ကာလဒေသအဆက်ဆက်အားဖြင့်၊ သင်အံလေ့ကျက်ဆောင် ရွက်ချို့တော်မူခဲ့ကြရာ၊ အာဂမခေတ်မှ၊ ပစ္စက္ခ စာအုပ်ခေတ် တိုင်အောင်ပင်ဖြစ်တော့သတည်း။

**ကျမ်းကြီးပဋ္ဌာန်း ကျမ်းငယ်သနိုး၊**

နယသာဂရဖြစ်သော ပါဠိစနာတို့၌ပင် လျှင်၊ လေ့လာ တတ်မြောက်ရန် ခဲယဉ်း ပါတိလျက်၊ အနန္တ ဟူသော ဂုဏ်ဘွဲ့ ဖြင့်, ခွဲချီး ကိုဆွဲရှိသော ဤပဋ္ဌာန်းကျမ်းကြီးကို လေ့လာ

တတ်မြောက်ရန် အဘယ်မျှ ခဲယဉ်းမည်ကို မှန်းဆထင်မြင်နိုင်ပေ၏။ မည်သို့ပင် ခက်ခဲသည်ဖြစ်စေကာ "ဝိရိယဝတော ကိန္နာမ ကမ္မံန သမိဇ္ဈတိ-တနေ့ တလံ၊ ပုဂံ ဘယ်ပြေးမလဲ-ယောက်ျားတို့လုံ့လ-သေခါမှ လျှော့ရမည်" ဟူသော ရဲစိတ်တင်းစိတ်၊နောက်မဆုတ်သော စိတ်ဓာတ်တို့ဖြင့်၊ ပစ္စက္ခခေတ် ဝိုင်အောင်သော ဇာတိကုလပုတ္တ အာစာရကုလပုတ္တ အမျိုးကောင်းသားသမီး အဆက်ဆက်တို့သည် ဆောင်ရွက် တတ်မြောက်တော်မူသာ နိုင်ခဲ့ကြကုန်၏။

ငင်းတို့သည် မိမိတို့ ခက်ခဲပင်ပန်းစွာ အားထုတ်လေ့လာ၍ တတ်သိနားလည်နိုင်ခဲ့သော ပဋ္ဌာန်းကျမ်းကြီးကို မိမိတို့ကဲ့သို့ အချိန်မပေး ခရီးမကြာစေဘဲ၊ နောက်သား နောက်သမီးတို့ လေ့လာ နားလည်နိုင်ရန် တမြော်တခေါ် ကြီး တွေးတော ကြောင့်ကြပြုကုန်ကာ တန္တာရေဗိဇာ- သုဒ္ဓမာဂဓိဘာသာဖြင့် ရှိသော သာဋ္ဌကထနှင့် တကွသော ပါဠိစနကို မှီငြမ်းပြုကုန်လျက်၊ကာလ ဒေသ,အခြေအနေအား လျော်စွာဘာသာ အမျိုးမျိုးတို့ဖြင့် အဓိပ္ပါယ်ဖွင့် {Commentary on Patthana Pkarana} ကျမ်းပေါင်း မြောက်များစွာတို့ကို ရေးသားပြုပတော်မူခဲ့ကြကုန်၏။ပျောက်ကွယ် ဆိပ်သုန်းခဲ့ပြီဖြစ်သော ရှေးခေတ်ဟောင်းနှင့်အတူ၊ ရှည်လျားဝေးလံသော အချိန်ခရီး၏အောက်၌ ဝမ်းနည်းဖွယ်ရာ၊အချို့သောအဓိပ္ပါယ်ဖွင့် ကျမ်းများမှာ ကွယ်ပျောက် တိမ်မြုတ်ခဲ့ရရှာကုန်၏။

မိမိတို့ တိုင်းရင်းသား အမျိုးသား အမျိုးသမီးတွေ နားလည် သိရှိနိုင်မှုရန် ကာလ ဒေသ အခြေအနေအား လျော်စွာ ဝိမုတ္တိရသ တင်းပြည့်- ကျပ်ပြည့်ရှိ၍ သန္တိသုခကို မချွတ်မလွဲ ပေးစွမ်းနိုင်သော ဤသို့မွန်မြတ်သော ဒေသနာကြီး တရပ်ကို၊မိမိတို့ ရိုးရာ တိုင်းရင်းဘာသာသို့ ပြန်ဆိုရေးသား ရခြင်းသည်၊နိုင်ငံချစ် စိတ်ရှိသော အာဇာနည် ပညာရှိ သူ့ရဲ

ကောင်းတိုင်းတို့၏၊ ဦးလည်မသုန် ထမ်းဆောင်ရမည့်ဖြစ်သော၊တာဝန် ဝတ်တရားကြီးတရပ် ဖြစ်ပေ၏။ ဘာသာပြန်စာပေသည် ရိုးရာ စာပေ၏ပင်မကို ဖွံ့ဖြိုးကြီးထွား စေ၍၊ သဘာဝအတိုင်း လှပနေသော လုံမပျိုကို ဆန်းကြယ်သော ဝတ်စား တန်းဆာတို့ဖြင့် သင့်တင့်အောင် ဆင်ယင်ပေးသဖြင့်၊သာလွန် လှပသကဲ့သို့ ရှိလေသည်။

သို့တ ၁၂ရောပိတ-သုဒ္ဓမာဂဓိဘာသာမှမြန်မာဘာသာသို့ ပြန်ဆိုကြရာ၌ ကျောက်စာ၊ ရာဇဝင်၊ သမိုင်း၊ မှတ်တန်းများ အရ၊ ပုဂံခေတ်ဆီကပင် အစပြုခဲ့ သော်လည်း။ ဤပဌာန်းကျမ်းကြီး မြန်မာပြန်ကိုမူ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်ဆီ၌၊ သာလွန်ထင်ရှားစွာ တွေ့ရပေ၏။

ညောင်ရမ်းမင်းဆက် ၃-ဆက်မြောက် သက္ကရာဇ်-၉၉၁ ခုနှစ်၊ ဟံသာဝတီ-ပဲခူးနှင့် အဝရွှေနန်းကို ဆက်၍ စိုးစံသော သာလွန်မင်းတြားကြီး၏ ဆရာတော်၊ တိပိဋကာ လင်္ကာရ ဘွဲ့တံဆိပ်တော်ရ ပဌမတောင်ဘီလာ အမှူးရှိကြကုန်သော အင်းဝခေတ်၊ကုန်းဘောင်ခေတ်၊သာသနာ့ဝန်ဆောင်၊သာသနာ့ သူရဲကောင်း အာဇာနည် ပုဂ္ဂိုလ်ကြီး တို့သည်၊ ပဌာနပါဠိစနရင်းကို အဓိပ္ပါယ်သွင်း၍ အကျယ်ရှင်းကာ မြန်မာပြန်ဆိုတော် မူခဲ့ကြကုန်၏။

**အဘိဓမ္မာမှ သဘော သဒ္ဒါမှာ အခြေ၊**

ထိုမြန်မာပြန် များစွာတို့ အနက် တိပိဋကာ လင်္ကာရသာမိ၊ မဟာဓမ္မရာဇာဓိရာဇဂုရု, ဟူသော ပဌမ တံဆိပ်။ နန္ဒမေဓာဘိ သိရိပဝရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဒုတိယတံဆိပ်၊ ဤသို့ တံဆိပ်တော် ၂ တန်၊အလှူတော်ခံရသော ထန်းတပင်သာသနာပိုင် ဆရာတော်ဘုရားကြီး စီရင်ပြန်ဆိုအပ်သော၊ မြန်မာမူ ကိုသာ လေးစားစွာ လေ့လာ သင်ကြားယျက်ရှိကြ၏။ထိုသည့် မြန်မာပြန်ချက်ကို

ပင်၊ ပါဠိတချက် အနက်တချတ် ခင်း၍၊ အဓိပ္ပါယ် ရှင်းကာ ဖေါ်ပြထားသည်ဖြစ်ရကား။ တောင်ဖေးသည့်၊ အားနည်းသူတို့၏ ထောက်တည်မှီရာ ဖြစ်သကဲ့သို့။ ပါဠိ၌ အနက်ဉာဏ် မသက်ဝင်သူတို့၏ ထောက်တည် မှီရာ ဖြစ်သောကြောင့်၊ **နိဿယ** = နိဿျှဟူ၍ခေါ်ဝေါ်ကြ၏၊ ပုဒ်တိုင်း,ပုဒ်တိုင်း၌ရသင့်သော သရုပ်ကို ရေတွက်ကောက်နုတ်ပြတတ်သောကြောင့်၊ **အရေကောက်** ဟူ၍လည်း တွင်ကျယ်စွာ သုံးစွဲကြ၏။ "**အဘိဓမ္မာမှာ သဘော-သဒ္ဒါမှာ အပြော**" ဟူသည်နှင့် အညီ၊ သဘော သက်ဝင်အောင် လေ့လာအပ်သော သဘာဝဓမ္မမျိုးဖြစ်၍ တိတ်ဆိတ်သော ညအခါ၌ အများအားဖြင့်ပို့ချသော စာဝါဖြစ်သောကြောင့်၊ "**ညဝါ**," ဟူ၍လည်း ကျော်စော ကိတ္တိ ရှိခဲ့လေသတည်း။

ထိုသည့်ပဋ္ဌာန်း မြန်မာကျမ်းကြီးသည်၊ နက်လည်း,နက်နဲ၊ ကျယ်လည်း ကျယ်ဝန်းလှသဖြင့်၊မိမိတို့ တိုင်းရင်းဘာသာဖြင့်ပင် ဖြစ်စေကာ၊သက်သောင့် သက်သာ၊ လွယ်လင့် တကူ လေ့လာခြင်းငှာ မစွမ်းနိုင်ချေ။ "မှုဆိုး-စိုင်သင်" ဟူသကဲ့သို့ လေ့လာ သင်ကြားပို့ချရင်းပင်၊ နားအလည် လွယ်ဆုံးနှင့်,အရှင်းလင်းဆုံး နည်းများကို တွေ့ရှိကြသည့် အတိုင်း။ ရှေးဦးသင် ပဋ္ဌာန်းမြန်မာပြန် ကျမ်းများကို၊ ပဋ္ဌာနပါရဂူ, တန်းခွန် ထူခဲ့ကုန်သော ဆရာ့ ဆရာကြီးများသည်၊ရေးသား ပြုစုတော်မူခဲ့ကြကုန်၏။ထိုတွင် သဲအင်း သာသနာပိုင် ဆရာတော် ဘုရားကြီး ပြုစုတော်မူခဲ့သော" ၃ ချက်ရ ပစ္စည်းမြိုင်၊ ရာသီပု,ဟူသော "**ပဋ္ဌာန်းညဝါ ၃-ခေါင်းတွဲ**" ကျမ်းသည်လည်း၊တကျမ်း အပါအဝင် ဖြစ်ပေသည်။ ၎င်း ကျမ်းသည် စကားအစီအစဉ်ပြေပြစ်ခြင်း၊ အသုံးအနှုန်းရိုးရိုးနှင့် နားလည်လွယ်ခြင်း၊ လိုရင်း အဓိပ္ပါယ် ထိမိရုံမျှ အကျဉ်းအားဖြင့် ဆိုထားသဖြင့်,ဆောင်ယူခြင်းငှာ လွယ်ကူခြင်း-စသောဂုဏ်တို့ကြောင့်၊ မြန်မာ အဋ္ဌကထာဟု ဆိုရ လောက်အောင်ပင်

ကောင်းမွန်လှရကား၊ ပဋ္ဌာန်းလေ့လာသူတိုင်း၊ လက်မလွှတ်နိုင်သော ကျမ်းစာတစောင် ဖြစ်ခဲ့ပေသည်။

ပဋ္ဌာန်းညဝါ ကျမ်းဆရာ၊

ထိုကဲ့သို့ ပဋ္ဌာနသုတေသီတို့အား၊ ကျေးဇူးများလှစွာသော "ပဋ္ဌာန်းညဝါ-၃-စောင်တွဲ" ကျမ်းကို ပြုတော် မူခဲ့သော၊ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးသည်ကား၊ ပခန်းကြီးမြို့ ကျေးလက်၊ သဲအင်းရွာ၌၊ ၁၁၂၅ ခု၊ နတ်တော် လဆန်း ၇-ရက်-သောကြာနေ့တွင် ဖွားမြင်တော်မူ၍၊ မိဘ ၂ ပါးမှာ ဦးစံအောင်-ဒေါ်မုံတို့ ဖြစ်ကြပေ၏။

ငယ်မည် မောင်ကြောင်၊ ရှင်သာမဏေဘွဲ့ သျှင်သူရိယ၊ ရဟန်းဘွဲ့ သျှင်သူရိယဝံသ တွင်၍ ၂၅ နှစ်အရွယ်ရောက်လျှင် တိပိဋကာလင်္ကာရသိရီဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ပဌမဖားကရာ ဆရာတော်ဘုရားက သင်္ကန်း သပိတ်စသော ပရိက္ခရာတို့ဖြင့် ချီးမြှောက်၍၊ ဖားကရာတိုက် သိမ်၌၊ ၎င်းဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြုကာ၊ ရဟန်း အဖြစ်သို့ ရောက်တော်မူ၏။

၁၁၆၁-ခုနှစ်၌၊ မိမိဇာတိ သဲအင်းရွာ၌ ကျောင်းကန် တိုက်တာ တည်ဆောက်၍ စာပေပို့ချနေတော်မူသည်။ ဘကြီးတော်လက်ထက် နေပြည်တော်သို့ ပင့်ကာ ညီတော် သာယာဝတီမင်းကို ကိုးကွယ်စေသည်။

ဘကြီးတော် ဘုရားက-၁၁၈၂-ခု၊ ဝါဆို လပြည့်နေ့၌ "သဒ္ဓမ္မဝံသာဘိ- သိရီဓဇ- မဟာဓမ္မ ရာဇာဓိ- ရာဇ ဂုရု" တံဆိပ်တော်ကို ဆက်ကပ်တော်မူသည်။

သာယာဝတီ မင်းတရားက- ၁၁၉၉-ခု၊ နယုန်လပြည့် ကျော်- ၁၃-ရက် ဗုဒ္ဓဟူးနေ့၊ စစ်ကိုင်းမြို့- စံနန်းတော်၌

"သုရိယဝံသာဘိ- သိရီပဝရ လင်္ကာရ- ဓမ္မ သေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" တံဆိပ်တော် ဆက်ကပ်၍၊ သာသနာ ပြုအပ်တော်မူသည်။

ထိုဆရာတော်ဘုရားကြီးကား စာပေကျမ်းဂန်ကျနစွာတတ် မြောက်ရုံသာမက၊ မိမိတတ်မြောက်သည့် အတိုင်းလည်း၊ စာသင်သားတို့ နားလည်အောင် ညက်ညော ပြေပြစ်စွာ အပြောကောင်းလှသောဟူ၏။ အချို့ဆရာတော်များသည်၊ မိမိတို့ကား တတ်မြောက်၏၊ မိမိတတ်သလောက် စာသင်သား နားလည်အောင် မပြောတတ်၊ အချို့မူ မိမိတို့ကား အတန်ငယ်သာ တတ်၏၊ သို့သော်၊ တတ်သည်ထက်ပိုလွန်၍၊ မိမိအား၊ အတန်တတ်မြောက်ပါဘိကား၊ ဟု အထင်ရောက်လောက်ပင်၊ ဟိတ်နိုင် ဟောနိုင်ကြပေ၏။ ထိုဆရာတော်ကြီးကား ထိုသို့မဟုတ်မူ၍၊ မိမိသည်း ကုံလုံအောင် တတ်မြောက်လျက်၊ သူတပါးအားလည်း နားလည်အောင် ပြောကြားတော်မူနိုင်ပေသည်။ ထို့ကြောင့်၊ စာတတ်, ငါးခုံ၊ စာကုန်, မနက်ကျည်းတော၊ စာပြော, သဲအင်း, ဟု၊ ဥဒါန်းတွင်ရစ်ခဲ့ပေသည်။

ထိုကဲ့သို့ သာသနာ့ စီးပွား၊ နှောင်လာ, နောက်သားတို့ စီးပွားကို အားကြိုး-မာန်တက် ဆောင်ရွက်တော် မူခဲ့သော ဆရာတော်ဘုရားကြီးသည်၊ ၁၂၀၁-ခု၊ တော်သလင်းလဆုတ် ၁၃-ရက်၊ သက်တော် {၇၆}ဝါတော် {၅၁}တွင် ပြန်လွန်တော်မူချေပြီ။

ထိုသည့်"ပဋ္ဌာန်းညဝါ-၃-ခေါင်တွဲကျမ်း"ကို၊ သာသနာတော်၌၊ သက်ဝင်ယုံကြည်၍ သာသနာတော်၏ စည်ပင် ကြီးပွားခြင်းကို လိုလား တောင့်တကြကုန်သော ပိဋကတ်စာအုပ်ကုန်သည်များ ဖြစ်ကြသော၊ ဦးဘိုးသာနှင့် သား- မောင်ခင်မောင်- ဦးလှမောင်- ဦးချစ်ကြွယ်, တို့က၊

ကောင်းသည်ထက်,ကောင်းမွန်စေရန်၊ စိတ်အား ထက်သန်စွာ ခေါ်နှင့်ချော်ကန်,တော်တန်လျောက်ပတ်အောင်၊ ရိုက်နှိပ် ဖြန့်ချိ ကြခြင်းဖြစ်လေရာ။ ပဋ္ဌာန သုဘောသိ၊ ပဋ္ဌာန်း စာသင်သား,ပဋ္ဌာန်းလေ့လာ လိုက်စားသူအများတို့သည်၊ ပဋ္ဌာန်း ဒေသနာတော်၏ ဓမ္မရသ, အတ္ထရသ, အနှစ်သာရကို ဝဝ, လင်လင် စားသုံးကြရ၍၊ မဟာဂမိသ်တိသဒ္ဓထေရ်ကဲ့သို့၊ ဝိမုတ္တိရသ,ကို သုံးဆောင်နိုင်ကြသည် ဖြစ်ကြပါစေသောင်။

၁၅၊၃၊၃၊၇၊ အရှင်သုနိယာဘိဝံသ၊
ညောင်ရမ်းပါဠိတက္ကသိုလ်-ကထိက။

{ဈေးကြို တော် ဦးရုံ၊ ပိဋကတ်စာအုပ်ကုန်သည်, မောင်ခင်မောင်၏- လျှောက်ထားချက် အရ၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသန ဓဇသိရီ ပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ် တော်ရ "အရှင်သုနိယာဘိဝံသ" နိဒါန်းရေးသည်။}

အကြောင်းပြ-နိဒါန်း ပြီးပြီ။

# "မာတိကာ"

သုံးချက်ရှု, ပစ္စည်းဖြိုင် မာတိကာ။


| နှစ်ဆယ့်လေးပစ္စည်းအနက်။ | သုံးချက်ရှုနံပါတ်။ | ပစ္စည်းဖြိုင်နံပါတ်။ |
|---|---|---|
| ဟေတု .... | ၇ .... | ၂၃ |
| အာရမ္မဏ .... | ၇ .... | ၂၇ |
| အဓိပတိ .... | ၈ .... | ၂၈ |
| အနန္တရ .... | ၉ ... | ၃၄ |
| သမနန္တရ .... | ၁၀ .... | ၃၅ |
| သဟဇာတ .... | ၁၀ .... | ၃၅ |
| အညမည .... | ၁၁ .... | ၃၇ |
| နိဿယ .... | ၁၂ .... | ၃၉ |
| ဥပနိဿယ .... | ၁၃ .... | ၄၂ |
| ပုရေဇာတ .... | ၁၄ .... | ၄၃ |
| ပစ္ဆာဇာတ .... | ၁၅ .... | ၄၅ |
| အာသေဝန .... | ၁၅ .... | ၄၅ |
| ကမ္မ .... | ၁၆ .... | ၄၆ |
| ဝိပါက .... | ၁၆ .... | ၄၇ |
| အာဟာရ .... | ၁၇ .... | ၄၈ |
| ဣန္ဒြိယ .... | ၁၈ .... | ၅၂ |
| ဈာန .... | ၂၀ .... | ၅၆ |
| မဂ္ဂ .... | ၂၀ .... | ၅၇ |
| သမ္ပယုတ္တ .... | ၂၁ .... | ၆၀ |
| ဝိပ္ပယုတ္တ .... | ၂၁ ... | ၆၁ |
| အတ္ထိ .... | ၂၂ .... | ၆၄ |
| နတ္ထိ .... | ၂၂ .... | ၆၆ |
| ဝိဂတ .... | ၂၂ .... | ၆၆ |
| အဝိဂတ .... | ၂၂ .... | ၆၆ |

မျက်နှာနံပါတ်။

ဟိတ်ခြောက်ပါးတရားတို့အား ကျေးဇူး ပြုသော တရား၊မပြုသောတရားများကိုခွဲ၍ ဆိုရာ .... ၆၇
အာရုံခြောက်ပါးတို့တွင်၊ တပါးပါးကို အာရုံပြု၍၊ လောဘမူဇော ဝိထိကျပုံ။ .... .... ၆၈
၎င်းကိုအာရုံပြု၍ဒေါသဇောဝိထိကျပုံ။ .... ၆၉
မောဟမူသည် လောဘမူနှင့်တူကြောင်းပြရာ .... ၇၁
မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောကျသောဝိထိ။ ၇၁
၎င်းဉာဏဝိပ္ပယုတ်အကျဉ်းဝိထိ။ .... ၇၃
မဟာဝိပါက်၏တဒါရုံကိစ္စဘပ်ခိုက် တဒါရုံကျသောဝိထိ ၇၃
ကာမတဆဲ့အဘုံမှ စုတေ၍၊ကာမသုဂတိ ၇-ဘုံ၌ တိဟိတ်ပဋိသန္ဓေနေပုံ ပဉ္စဒွါရ ဝိထိများ။ .... ၇၄
*၎င်းဝိထိ၌တနည်းပြင်၍ဆိုပုံ။ .... .... ၇၅
(၎င်းပြင်၍ ဆိုရာ၌ပြင်၍ဆိုသင့် မဆိုသင့်သောစကား)။ ၇၈
*တဒါရုံနောင်ဇဘိမှာ တနည်းပြင်၍ဆိုပုံ။ .... ၇၉
၎င်း၏မနောဒွါရဝိထိများကိုဆိုရာ။ .... ၈၁

ဝေဟပ္ဖိုလ်ဘုံ၊ ရူပဆယ်ဘုံမှ စုတေ၍၊ ၎င်းဘုံ၌ တိဟိတ်ပဋိသန္ဓေနေ ပဉ္စဒွါရ ၂-ဝိထိနှင့်မနော ဒွါရဝိထိ။ .... .... .... ၈၄

အရူပလေးဘုံမှစုတေ၍ ၎င်းဘုံ၌၊တိဟိတ်ပဋိသန္ဓေ နေပုံ၊မနောဒွါရမရဏာသန္နဝိထိ။ .... ၉၀
ပဋိသန္ဓေကိစ္စတပ်ခိုက်၊၎င်းဉာဏဝိပ္ပယုတ်၏ ကာမ ဘုံမှ၎င်း၊ ဝေဟပ္ဖိုလ်ဘုံ၊ ရူပဆယ်ဘုံမှ၎င်း စုတေ၍ ကာမသုဂတိ ၇-ဘုံ၌ ဒွိဟိတ်ပဋိသန္ဓေ နေပုံ-ဝိထိများ။ .... .... ၉၁
မဟာကြိယာဉာဏသမ္ပယုတ်ဇောကျသောဝိထိများ။ ၉၂
၎င်းဉာဏဝိပ္ပယုတ်ဇောကျသောဝိထိများ။ .... ၉၃

မျက်နှာနံပါတ်။

ရူပကုသိုလ် ပဉ္စမဈာန်ကို ရလိုသော ပုဂ္ဂိုလ်၏၊ ၎င်းဈာန်ကိုရအောင်အားထုတ်သောအခါ ဝီထိ စိတ်ဖြစ်ပုံ။ .... .... .... ၉၄
ပဉ္စမဈာနလာဘီပုဂ္ဂိုလ်သည်၊၎င်းဈာန်ကိုဝင်စားပုံ။ ၉၅
၎င်းဒုတိယဈာန်ရအောင် အားထုတ်ပုံ။ ၎င်းဈာန် ကို ဝင်စားပုံ။ .... .... .... ၉၆
၎င်းတတိယဈာန်ရအောင်အားထုတ်ပုံ။၎င်းဈာန် ဝင်စားပုံ။ .... .... .... ၉၇
၎င်းစတုတ္ထဈာန်ရအောင်အားထုတ်ပုံ။ .... ၉၉
၎င်းပဉ္စမဈာန်ရအောင်အားထုတ်ပုံ၊၎င်းဈာန်ဝင်စားပုံ။ ၁၀၀
ရူပဝိပါက်သည်၊ပဋိသန္ဓေကိုးခွတပ်နိုင်း၊အသညသတ် အကိန္ဒြေကြည် ရူပ တဆဲ့လေးဘုံမှ ရပေ၏၊ အသညသတ်ကြည် ရူပတဆဲ့ငါးဘုံ၌ပဋိသန္ဓေ နေပုံဂိဝင်။ .... .... .... ၁၀၂
ကာမသုဂတိ ၇-ဘုံမှစုတေ၍၊၎င်းဘုံ၌ပဋိသန္ဓေနေပုံ။ ၁၀၄
ရူပကြိယာဈာန်များကိုရအောင်အားထုတ်ပုံ ဝီထိ အကျဉ်း။ .... .... .... ၁၀၆
ရူပကုသိုလ်ပဉ္စမဈာန်ရပြီး ပုဂ္ဂိုလ်သည် အာကာ သာနဉ္စာယတနဈာန် ရအောင် အားထုတ်ပုံ။ ၎င်းကိုဝင်စားပုံ။ .... .... ၁၀၇
ဝိညာဏဉ္စာယတန။ပ။အားထုတ်ပုံ၊၎င်းကိုဝင်စားပုံ။ ၁၁၀
အာကိဉ္စညာယတန။ပ။အားထုတ်ပုံ ၎င်းကိုဝင်စားပုံ။ ၁၁၁
နေဝသညာနာသညာယတန။ပ။အားထုတ်ပုံ။ .... ၁၁၃
အရူပဘုံမှစုတေ၍၊အရူပဘုံ၌ပဋိသန္ဓေနေသောဝီထိ။ ၁၁၄
ကာမသုဂတိ ၇-ဘုံမှစုတေ၍၊၎င်းဘုံ၌ပဋိသန္ဓေ နေသောဝီထိ။ .... .... .... ၁၁၆
အရူပကြိယာဈာန်များကိုရအောင်အားထုတ်ပုံဝီထိ။ ၁၁၈

မျက်နှာနံပါတ်၊
သောတာပတ္တိမဂ္ဂဝီထိ* ၎င်းဝီထိ၌ တနည်းကားဆိုပုံ။ ၁၂၀
တနည်းကားကိုဆိုသင့်သောအကြောင်းစကား။ .... ၁၂၂
သောတာပတ္တိမိုလ်ဝင်စားသော ဖလသမာပတ္တိဝီထိ။ ၁၂၃
သကဒါဂါမိမဂ္ဂဝီထိ ၎င်းဖလသမာပတ္တိဝီထိ။ ၁၂၄
အနာဂါမိမဂ္ဂဝီထိ ၎င်းဖလသမာပတ္တိဝီထိ။ .... ၁၂၅
အရဟတ္တမဂ္ဂဝီထိ၊ ၎င်းဖလသမာပတ္တိဝီထိ။ .... ၁၂၅
ဟောတုပန်းနည်းရာသီဂု မာတိကာ ပြီး၏။

---

အာရုံပနည်းတရားတို့အားကျေးဇူးပြုသောတရား၊
ကျေးဇူးမပြုသော တရားတို့ကိုခွဲ၍ဆိုရာ။ .... ၁၃၀
အာရုံခြောက်ပါးတရားတို့အား၊ ဆန္ဒါရိကတရား
တို့က၊ ထိုက်သည့်အားလျော်စွာအာရုံပြုပုံ။ ၁၃၀
တနည်း။ ဒွါရဝိမုတ်တို့၏ အာရုံ ထိုက်သည့်အား
လျော်စွာပြရာ။ .... .... .... ၁၃၁
ပဉ္စဝိညာဏရှိ ကမ္မ-အရ၊ အာရုံအသီးအသီးပြရာ။ .... ၁၃၃
ဝိသနဓာတ္တရမုတ္တမှ-အရ၊ အာရုံကိုပြရာ။ .... ၁၃၄
အဂ္ဂမဂ္ဂဖလုပ္ပတ္တိတေပဉ္စ-အရအာရုံကိုပြရာ။ .... ၁၃၄
၎င်းပဉ္စတွင် ကုသိုလ်အဘိညာဉ်၏ ၇ ပါးအပြား
နှင့်တကွ၊ ၎င်းတို့၏အာရုံအသီးအသီးပြရာ။ .... ၁၃၄
သဗ္ဗတ္ထဆန္ဒေတိ အရအာရုံကိုပြရာ။ .... ၁၃၅
၎င်းဆတွင် ကြိယာအဘိညာဉ်၏ ၇-ပါးနှင့်တကွ
၎င်းတို့၏ အာရုံကိုအသီးအသီးပြရာ။ .... ၁၃၅
ပဉ္စဘိံသ မဟဂ္ဂတေ-အရ အာရုံကိုပြရာ။ .... ၁၃၆
၎င်းတွင်၊ ရူပစိတ် ၁၅ ခုတို့၏ ပညတ် အာရုံကို
အသီးအသီးပြရာ။ .... .... ၁၃၆
အရူပစိတ်၏အာရုံကိုအသီးအသီးပြရာ။ .... ၁၃၇

မျက်နှာနံပါတ်၊
*၎င်းတွင်ဝိညာဏဉ္စာယတနစိတ်၃-ခုတို့၏အာရုံ
ပေါင်းနေသည်ကို၊ခွဲ၍ရှင်းသောနည်းတနည်းဖြင့်ဆိုပုံ။ ၁၃၇
*နေဝသညာ နာသညာ ယတနစိတ် ၃ ခုတို့၏
အာရုံပေါင်းနေသည်ကို၊ခွဲ၍ရှင်းသောနည်းဖြင့်ဆိုပုံ။ ၁၃၈

အဠနိဗ္ဗာနဂေါစရေ-၏အရေးအာရုံကိုပြရာ။ .... ၁၃၉

အကုသိုလ်ကို အာရုံပြု၍၊ အကုသိုလ်၊ ကာမ
ကုသိုလ်၊ကာမဝိပါက်၊ ကာမကြိယာ၊ ရူပ
ကုသိုလ်၊ရူပကြိယာအဘိညာဉ်တို့၏ဖြစ်ပုံ။ ၁၃၉
ရူပကုသိုလ်၏အဘိညာဉ်ကိစ္စတပ်ခိုက် ၄ ပါး အ
ပြားရှိသည်ကို အရုံဝိထိများနှင့်ပြရာ။ .... ၁၄၂
ရူပကြိယာ၊လည်း ရူပကုသိုလ်ကဲ့သို့၊အဘိညာဉ်
၄ ပါးကို အရုံဝိထိနှင့်တကွ အကျဉ်းဝိထိ။ .... ၁၅၁
မဟာကုသိုလ်ကို အာရုံပြု၍၊ အကုသိုလ်၊ ကာမ
ကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပ
ကြိယာတို့၏ဖြစ်ပုံဝိထိများ၊ .... .... ၁၅၂
ကာမဝိပါက်ကို အာရုံပြု၍၊ ကာမဝိပါက်၊ အကု
သိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပ
ကုသိုလ်၊ ရူပကြိယာတို့၏ ထိုက်သည့်အား
လျော်စွာဝိထိဖြစ်ပုံ။ .... .... ၁၅၅
ကာမကြိယာကို အာရုံပြု၍၊ ကာမကြိယာ၊အကု
သိုလ်၊ ကာမကုသိုလ်၊ ကာမဝိပါက်၊ ရူပ
ကုသိုလ်၊ ရူပကြိယာတို့၏ ထိုက်သည်အား
လျော်စွာ ဝိထိဖြစ်ပုံ။ .... .... ၁၅၆
ရူပကုသိုလ်ကို အာရုံပြု၍၊ရူပကုသိုလ်၊အကုသိုလ်
ကာမကုသိုလ်၊ကာမကြိယာ၊ရူပကြိယာတို့၏
ထိုက်သည့်အားလျော်စွာဝိထိဖြစ်ပုံ။ .... ၁၅၇

မျက်နှာနံပါတ်၊


*ဂုဏ်းတို့တွင်၊ ရူပကုသိုလ် အဘိညာဉ်၌၊ တနည်း ဆိုပုံ အကျယ်ကိုပြရာ။ .... .... ၁၅၀

ရူပဝိပါက်ကိုအာရုံပြု၍ အကုသိုလ်၊ ကာမကုသိုလ် ကာမကြိယာ၊ ရူပကုသိုလ် ရူပကြိယာတို့၏ ထိုက်သည့်အားလျော်စွာဖြစ်ပုံ။ .... ၁၆၃

ရူပကြိယာကိုအာရုံပြု၍၊ အကုသိုလ်၊ ကာမကုသိုလ် ကာမကြိယာ၊ ရူပကုသိုလ် ရူပကြိယာတို့၏ ထိုက်သည့်အားလျော်စွာဖြစ်ပုံ။ .... ၁၆၅

အရူပ ကုသိုလ်ကို အာရုံပြု၍၊ အရူပ ကုသိုလ်၊ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပ ကုသိုလ်၊ ရူပကြိယာ၊ အရူပဝိပါက်၊ အရူပ ဝိပါက်၊ အရူပကြိယာတို့၏ ထိုက်သည့်အား လျော်စွာဖြစ်ပုံ။ .... .... ၁၆၇

*အရူပကုသိုလ်ကိုအာရုံပြု၍၊ အာကိဉ္စညာယတန အနာဂါမ် ပုဂ္ဂိုလ်သည်၊ ဈာန် ဝင်စားရာ၌၊ ဋီကာနည်းထည့်သွင်းဆိုပုံ။ ... ၁၇၂

*အထက်ဈာန် ၃-ပါးကိုဝင်စားရာ၌ဆိုပုံ။ ဋီကာ နည်းသွင်းဆိုပုံ။ ... .... ၁၇၃

အရူပဝိပါက်ကို အာရုံပြု၍၊ အကုသိုလ်၊ ကာမ ကုသိုလ် ရူပကုသိုလ်၊ ရူပကြိယာတို့၏ ထိုက် သည့်အားလျော်စွာဖြစ်ပုံဋီထိ။ .... ၁၇၄

အရူပ ကြိယာကို အာရုံပြု၍၊ ကာမ ကြိယာ၊ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ် ရူပကြိယာတို့၏ ထိုက်သည့်အား လျော်စွာဖြစ်ပုံဋီထိ။ ... .... ၁၇၆

လောကုတ္တရာကုသိုလ်ကိုအာရုံပြု၍၊ ကာမကုသိုလ် ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာတို့၏

မျက်နှာနံပါတ်၊
ထိုက်သည့်အားလျော်စွာဖြစ်ပုံဝိထိ။ .... ၁၇၆
လောကုတ္တရာဝိပါက်ကိုအာရုံပြု၍၊ ကာမကုသိုလ်ဇောင်းကြီးယာ၊ ရူပကုသိုလ်ဇောင်းကြီးယာတို့၏ထိုက်သည့်အားလျော်စွာဖြစ်ပုံ။ .... ၁၇၀
ရုပ်ကိုအာရုံပြု၍အကုသိုလ်,ကာမကုသိုလ်,ကာမဝိပါက်,ကါမကြီးယာ,ရူပကုသိုလ်,ရူပကြီးယာတို့၏ ထိုသည့်အားလျော်စွာဖြစ်ပုံ။ .... ၁၇၉
တနည်း၊ကာမဝိပါက်အားပစ္စည်းတပ်ရာ၌။အဘိမဟာန္တစသောအာရုံလေးပါးပြားပုံ။ .... ၁၀၀
*ဇောင်းလေးပါးတို့တွင်၊ အတိပရိတ္တာရုံ။ ပါသင့်အမှာစကား။ .... .... .... ၁၀၂
ရူပကုသိုလ်၏ဒိဋ္ဌစက္ခုစသော အဘိညာဉ်ငါးပါးကို အကျယ်ဝိထ်ချပုံ။ .... .... ၁၀၂
နိဗ္ဗာန်ကိုအာရုံပြု၍။ ကာမကုသိုလ်၊ ဇောင်းကြီးယာ၊ ရူပကုသိုလ်၊ ဇောင်းကြီးယာ၊ လောကုတ္တရာကုသိုလ်၊ ဇောင်းဝိပါက်တို့၏ ထိုက်သည့်အားလျော်စွာဖြစ်ပုံဝိထိ။ .... .... ၁၀၇
ပညတ်ကိုအာရုံပြု၍ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြီးယာ၊ရူပကုသိုလ်၊ ဇောင်းဝိပါက်၊ ဇောင်းကြီးယာ၊ အရူပကုသိုလ်၊ ဇောင်းဝိပါက်၊ ဇောင်းကြီးယာတို့ထိုက်သည့်အားလျော်စွာဖြစ်ပုံ။ ၁၉၁
တနည်းအပေါင်းကိုပြဆိုရာ။ .... ၁၉၆
အဓိပတိပစ္စည်း၏ရာသိဗုဒ္ဓါ။ .... ၁၉၀
အနန္တရပစ္စည်း၏ရာသိဗုဒ္ဓါ။ .... ၂၀၃
သမနန္တရသည်၊အနန္တရနှင့်တူကြောင်းညွှန်ရာ။ ၂၁၇
သဟဇာတရာသိဗုဒ္ဓါကိုဆိုရာ။ .... ၂၁၇
အညမညရာသိဗုဒ္ဓါကိုဆိုရာ။ .... ၂၂၃

| | | |
|---|---|---|
| | | မျက်နှာနံပါတ်။ |
| နိဿယရာသီစုကိုဆိုရာ။ | .... | ၂၂၇ |
| ဥပနိဿယရာသီစုကိုဆိုရာ။ | .... | ၂၃၁ |
| ပုရေဇာတရာသီစုကိုဆိုရာ။ | .... | ၂၃၃ |
| ပစ္ဆာဇာတရာသီစုကိုဆိုရာ။ | .... | ၂၃၄ |
| အာသေဝနရာသီစုကိုဆိုရာ။ | .... | ၂၃၈ |
| ကမ္မရာသီစုကိုဆိုရာ။ | .... | ၂၄၁ |
| ဝိပါကရာသီစုကိုဆိုရာ။ | .... | ၂၄၄ |
| အာဟာရရာသီစုကိုဆိုရာ။ | .... | ၂၄၇ |
| ဣန္ဒြိယရာသီစုကိုဆိုရာ။ | ... | ၂၅၀ |
| ဈာနရာသီစုကိုဆိုရာ။ | .... | ၂၅၄ |
| မဂ္ဂရာသီစုကိုဆိုရာ။ | .... | ၂၅၆ |
| သမ္ပယုတ္တရာသီစုကိုဆိုရာ။ | .... | ၂၅၇ |
| ဝိပ္ပယုတ္တရာသီစုကိုဆိုရာ။ | .... | ၂၅၈ |
| အတ္ထိပစ္စည်း။ .... | .... | ၂၆၁ |
| နတ္ထိပစ္စည်း။ .... | .... | ၂၆၁ |
| ဝိဂတပစ္စည်း။ .... | .... | ၂၆၁ |
| အဝိဂတပစ္စည်း .... | .... | ၂၆၁ |

ပဋ္ဌာန်းညဝါသုံးစောင်တွဲကျမ်း

မာတိကာပြီး၏။

*သဟဇာတမျိုး၊ အာရမ္မဏမျိုး၊ အနန္တရူပနိဿယ ပကတူပမျိုး၊ ပုရေဇာတမျိုး၊ ပစ္ဆာဇာတမျိုး၊ နာနက္ခဏိက ကမ္မမျိုး၊ရုပ်အာဟာရမျိုး၊ရူပဇီဝိတိန္ဒြိယမျိုး အားဖြင့် ရှစ်ပါးသော ပစ္စည်းတို့တွင်၊ တပါးပါးသော ပစ္စည်းမျိုး၌ သက်ဝင်သော ပစ္စည်းများကို၊အင်းစောက်ချ၍ ပြပုံ။

---

## ၁။ ။သဟဇာတမျိုး-၁၅။

၁။ ။ဟေတု
၂။ ။သဟဇာတာဓိပတိ
၃။ ။သဟဇာတ
၄။ ။အညမည
၅။ ။သဟဇာတနိဿယ
၆။ ။သဟဇာတကမ္မ
၇။ ။ဝိပါက
၈။ ။နာမ်အာဟာရ
၉။ ။သဟဇာတိန္ဒြိယ
၁၀။ ။ဈာန
၁၁။ ။မဂ္ဂ
၁၂။ ။သမ္ပယုတ္တ
၁၃။ ။သဟဇာတဝိပ္ပယုတ်
၁၄။ ။သဟဇာတတ္ထိ
၁၅။ ။သဟဇာတ အဝိဂတ

---

## ၂။ ။အာရမ္မဏမျိုး-၈။

၁။ ။အာရမ္မဏ
၂။ ။အာရမ္မဏာဓိပတိ
၃။ ။အာရမ္မဏူပနိဿယ
၄။ ။ဝတ္ထာ ရမ္မဏ ပုရေဇာတ နိဿယ
၅။ ။အာရမ္မဏပုရေဇာတ
၆။ ။ဝတ္ထာ ရမ္မဏ ပုရေဇာတ ဝိပ္ပယုတ်
၇။ ။ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ
၈။ ။ဝတ္ထာရမ္မဏပုရေဇာတ အဝိဂတ

---

*(က) သ,အာ,ဥ,ရေ၊ဆာ,ကမ္မေ၊ဟာရေ,ဣန္ဒြိ၊ရှစ်မျိုးသိ။
(ခ) ၁၅-သဟာ၊ ရှစ်ဝ-အာနှင့်၊ ၇-ဖြာ နန်၊ ၆-တန် ဝတ္ထု၊ ၄ ခု-ပစ္ဆာ၊ ၃-ဖြာ-ဟာရော၊ တယော-ဣန္ဒြိ၊ ဒွိ-ပကတု၊ ၁၃မူ-ကံ၊မျိုး၉တန်၊ဆောင်ရန် နှုတ်တက် အာဂုံတည်း။
တောင်မြို့သဉ္စဝါဒီဆရာကြီးများ။

### ၃။ ။အနန္တရူပနိဿယပစ္စည်းမျိုး-၇။

၁။ ။အနန္တရူပနိဿယ
၂။ ။အနန္တရ
၃။ ။သမနန္တရ
၄။ ။အာသေဝန
၅။ ။နတ္ထိ
၆။ ။ဝိဂတ
၇။ ။ပကတူပနိဿယ နာနက္ခဏိကကမ္မတစိတ်

---

### ၄။ ။ပုရေဇာတမျိုး-၆။

၁။ ။ဝတ္ထု ပုရေဇာတ နိဿယ
၂။ ။ဝတ္ထုပုရေဇာတ
၃။ ။ပုရေဇာတိန္ဒြိယ
၄။ ။ပုရေဇာတဝိပ္ပယုတ်
၅။ ။ဝတ္ထုပုရေဇာတတ္ထိ
၆။ ။ဝတ္ထု ပုရေဇာတ အဝိဂတ

---

### ၅။ ။ပစ္ဆာဇာတမျိုး-၄။

၁။ ။ပစ္ဆာဇာတ
၂။ ။ပစ္ဆာဇာတဝိပ္ပယုတ်
၃။ ။ပစ္ဆာဇာတတ္ထိ
၄။ ။ပစ္ဆာဇာတအဝိဂတ

---

### ၆။ ။နာနက္ခဏိကကမ္မမျိုး-၁။

၁။ ။နာနက္ခဏိကကမ္မ ပကတူပနိဿယတစိတ်။

---

### ၇။ ။ရုပ်အာဟာရမျိုး-၃။

၁။ ။ရုပ်အာဟာရ
၂။ အာဟာရတ္ထိ။
၃။ ။အာဟာရအဝိဂတ

---

### ၈။ ။ရူပဇီဝိတိန္ဒြိယမျိုး-၃။

၁။ ။ရူပဇီဝိတိန္ဒြိယ
၂။ ။ဣန္ဒြိယတ္ထိ
၃။ ။ဣန္ဒြိယအဝိဂတ

ပစ္စည်းရှစ်မျိုးခွဲပုံပြီး၏။

သဟာဇာတမျိုး ၁၅-ပစ္စည်းတို့တွင်၊ တပါးပါးသောပစ္စည်း၌
ကြွင်း ၁၄-ပစ္စည်းတို့၏သင်္ချိုင်တူ-မတူခွဲပုံ။

သဟဇာတမျိုး။

၁။ ။ဟေတုသင်္ချိုင်တူ ၁၁
ငင်းမတူ ၃
ကမ္မ နာမ်အာဟာရ,ဈာန၊
၂။ ။သဟဇာတာဓိပတိသင်္ချိုင် •
တူ ၁၂

---

ငင်းမတူ ၂
ကမ္မ,ဈာန၊

၃။ ။သဟဇာတ } အားလုံးတူ
၄။ ။အညမည } ကြ၏။

၅။ ။သဟဇာတနိဿယ-မတူမရှိ
၆။ ။သဟဇာတ ကမ္မသင်္ချိုင်တူ-၉
ဟေတု,သဟဇာတာဓိပတိ,
သဟဇာတိန္ဒြိယ, ဈာန, မဂ္ဂ

---

၇။ ။ဝိပါက-အားလုံးတူ၏။မတူ,မရှိ
၈။ ။နာမ်အာဟာရ။ သင်္ချိုင်တူ-၁၁
ဟေတု,ဈာန,မဂ္ဂ-မတူ ၃

---

၉။ ။သဟဇာတိန္ဒြိယသင်္ချိုင်
တူ ၁၃
ငင်းမတူ၊ကမ္မ ၁

(ဌ) သတ္တိတူမတူ ခွဲပုံ။

၁၀။ ။ဈာနသတ္တိတူ ၁၀
မတူ ၄
ဟေတု,သဟဇာတာ
ဓိပတိ,ကမ္မ,နာမ်အာဟာရ။

၁၁။ ။မဂ္ဂသတ္တိတူ ၁၂
မတူ ၂
ကမ္မ,နာမ်အာဟာရ။

---

၁၂။ ။သမ္ပယုတ္တသတ္တိတူ ၁၃
မတူ ၁
ဝိပ္ပယုတ္တ။

---

၁၃။ ။သဟဇာတ ဝိပ္ပယုတ္တသတ္တိ
တူ ၁၃
မတူ ၁
ဝိပ္ပယုတ္တ။

---

၁၄။ ။သဟဇာတတ္ထိ
၁၅။ ။သဟဇာတအဝိဂတ } အားလုံးတူ၏။

သဟဇာတမျိုး ၁၅-ပစ္စည်းတို့၌၊သတ္တိတူ မတူ-ခွဲပုံ ပြီး၏။

အာရမ္မဏမျိုးအစရှိသော ပစ္စည်းခုနစ်မျိုးတို့တွင်၊ တပါး တပါးသော ပစ္စည်းမျိုး၌ ပါဝင်သော ပစ္စည်းတို့သည်၊ အလုံးစုံ သတ္တိတူကြကုန်၏။ တူမတူ ခွဲခြင်းငှာမရှိ။

---

သဟဇာတမျိုး ၁၅-ပစ္စည်းတို့တွင်၊ နာမက္ခန္ဓာ လေးပါး အပြိုင်တူသောပစ္စည်းကား။ သဟဇာတ, အညမည, သဟဇာတနိဿယ, ဝိပါက, သမ္ပယုတ္တ, သဟဇာတဝိပ္ပယုတ္တ, သဟဇာတတ္ထိ, သဟဇာတအဝိဂတ-၎င်း ၈ ပစ္စည်းတည်း။

---

အပြိုင်တူ-မတူ ခွဲပုံကား။

| | | | |
|---|---|---|---|
| သဟဇာတတူ | ကြွင်းခုနစ်ပစ္စည်း | .... | .... |
| အညမညတူ | ၎င်း။ | ... | .... |
| သဟဇာတနိဿယတူ | ၎င်း။ | ... | .... |
| ဝိပါကတူ | ၎င်း။ | .... | .... |
| သမ္ပယုတ္တမတူ ဝိပ္ပယုတ္တတူ၊ | ကြွင်း ၆-ပစ္စည်း | .... | .... |
| သဟဇာတဝိပ္ပယုတ်မတူ၊ သမ္ပယုတ္တတူ | ကြွင်း ၆-ပစ္စည်း | | .... |
| သဟဇာတတ္ထိတူ | ကြွင်းခုနစ်ပစ္စည်း | .... | .... |
| သဟဇာတအဝိဂတတူ | ၎င်း။ | .... | .... |

နာမက္ခန္ဓာလေးပါးအပြိုင်တူခွဲပုံပြီး၏။

ထိုပစ္စည်းမျိုးခွဲပုံ၊ သတ္တိတူခွဲပုံ၊
နာမက္ခန္ဓာလေးပါးအပြိုင်တူခွဲပုံ၊ ဤတွင်ရွေ့ပြီးပြီ။



# ပဋ္ဌာန်းညဝါသုံးဆောင်တွဲကျမ်း

---

## ပဋ္ဌာန်း-သုံးချက်ရ။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ယမိုက်ကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌၊ပဋ္ဌာန်း ကျမ်းကို ဟောတော်မူ၏။ ထိုပဋ္ဌာန်းကျမ်း၌လည်း၊ ဝိဘင်္ဂဝါရ, မဟာဝါရ-အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့ တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုဝိဘင်္ဂဝါရ၌ လည်း၊ပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ ပစ္စယုဒ္ဒေသ-ကို ရှေးဦးစွာ ဟောတော် မူ၏။ ထိုပစ္စယုဒ္ဒေသ၌လည်း ဟေတုပစ္စယုဒ္ဒေသ, အာရမ္မဏ ပစ္စယုဒ္ဒေသအစရှိသောအားဖြင့်-၂၄-ပါးအပြားရှိ၏။ထိုတွင်၊ ဟေတုပစ္စယုဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ဟေတုဟန် ကား၊ဟေတုပစ္စယော-ဟူသည်တည်း။ထို့နောင် အာရမ္မဏ ပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား၊ အာရမ္မဏ ပစ္စယောဟူသည်တည်း။လ။ထိုနောင်အဝိဂတပစ္စယုဒ္ဒေသကို

ဟောတော်မူ၏။ဟောဟန်ကား၊အဝိဂတ ပစ္စယောတည်း။ ။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းလည်းကောင်း။လ။အဝိဂတ ပစ္စယော၊ အဝိဂတပစ္စည်းလည်းကောင်း။ ။တနည်းကား။ ဟေတုပစ္စယော၊ ဟေတုလည်းဖြစ်, ပစ္စည်းလည်းဖြစ်သော တရားလည်းကောင်း။လ။အဝိဂတပစ္စယော၊ အဝိဂတလည်း ဖြစ်, ပစ္စည်းလည်းဖြစ်သောတရားလည်းကောင်း။ ။တနည်း ကား။ ဟေတုပစ္စယော၊ ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။အာရမ္မဏပစ္စယော၊ အာရုံဖြစ်၍ကျေး ဇူးပြုတတ်သော တရားလည်း ကောင်း။ အဓိပတိပစ္စယော၊ အကြီး အမှူးဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်း ကောင်း။အနန္တရပစ္စယော၊ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ် သော တရားလည်းကောင်း။ သမနန္တရပစ္စယော၊ ကောင်း စွာ အခြားမဲ့ဖြစ်၍၊ ကျေးဇူး ပြုတတ်သော တရားလည်း ကောင်း။ သဟဇာတပစ္စယော၊တကွဖြစ်၍ ကျေးဇူး ပြုတတ် သော တရားလည်းကောင်း။ အညမညပစ္စယော၊ အချင်း ချင်း ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။ နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူး ပြုတတ်သောတရား လည်းကောင်း။ ဥပနိဿယ ပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ကျေးဇူးပြုတတ်သောတရားလည်းကောင်း။ ပုရေဇာတပစ္စယော၊ရှေး၌ဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ကျေး ဇူးပြုတတ်သော တရားလည်းကောင်း။အာသေဝနပစ္စယော၊ အဘန်တလဲလဲ မှီဝဲ ထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဝါ၊ အဘန်တလဲလဲ မှီဝဲထုံတတ်သည် ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။ ကမ္မ ပစ္စယော၊ မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်း ကောင်း။ ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ် သော တရားလည်းကောင်း။ အာဟာရပစ္စယော၊ ထောက်ပံ့

ခိုင်စေတတ်သည့်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဈာနပစ္စယော၊ ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဈာနပစ္စယော၊ ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။ မဂ္ဂပစ္စယော၊ အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဝါ၊ မဂ္ဂပစ္စယော၊ ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်း ကောင်း။ သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဝိဂတပစ္စယော၊ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

တနည်းကား။ ။ဟေတုပစ္စယော၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း ။လ။ အဝိဂတပစ္စယော၊ အဝိဂတသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဣတိ၊ ဤသို့။စတုဝီသတိပစ္စယာ၊ နှစ်ဆဲ့လေးပစ္စည်းတို့သည်။ မဟာပကရဏော၊ အနန္တနယ ဖြစ်သော သမန္တ ပဋ္ဌာန်ကျမ်းကြီး၌။ဥဒ္ဒိဋ္ဌာ၊တည်ကုန်သည်။ဟောအပ်ကုန်၏။

တနည်းကား။ ။ဟေတုပစ္စယော၊ပညောင်ပင် အစရှိသည်တို့၏ အမြစ်သည်၊ ထိုသစ်ပင်တို့အား မြဲမြံစွာတည်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့၊ အမြစ်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ အာရမ္မဏပစ္စယော၊ကြိုးဆွဲတောင်ဝှေး အစရှိသည်တို့သည် မစွမ်းနိုင်သော သူတို့အား ထခြင်း, ရပ်

ခြင်း အစရှိသောကိစ္စကို ပြီးစေလျက် ကျေးဇူးပြုတတ်သော တရား။ အဓိပတိပစ္စယော၊ စကြဝတေးမင်းသည် တပါးသော သူတို့၏ ကြီးသော သတ္တိကိုမြစ်၍၊ တိုင်းနိုင်ငံသားတို့ကို အစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ကြီးသော အဖြစ်ဖြင့် ကျေးဇူးပြုဘတ်သောတရား။ အနန္တရပစ္စယော၊ စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည်၊ သားကြီးရတနာအား အဘိသိက် ခံခြင်း၌ ကျေးဇူး ပြုသကဲ့သို့၊ အခြားမဲ့သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ သမနန္တရပစ္စယော၊ စကြဝတေးမင်း၏ရဟန်းပြုခြင်းသည်၊ သားကြီးရတနာအား မင်းအဖြစ်ကို ရခြင်း၌ ကျေးဇူးပြုတတ်သကဲ့သို့၊ ကောင်းစွာအခြားမရှိသော အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောတရား။ သဟဇာတပစ္စယော၊ ဆီမီးသည် တကွ အလင်းကို ဖြစ်စေလျက်၊ ကျေးဇူးပြုသကဲ့သို့၊ တကွပြုသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ အညမညပစ္စယော၊ သစ်သားသုံးခွ၊ တိဒဏ္ဍသည်၊ အချင်းချင်း တချောင်းသည် တချောင်းအား ထောက်ပံ့နိုင်စေသောအားဖြင့် ကျေးဇူးပြုသကဲ့သို့၊ အချင်းချင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ နိဿယပစ္စယော၊ မြေကြီးသည် သစ်ပင် အစရှိသည့်တို့အား တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၎င်း၊ ပုဆိုး အစရှိသည့်တို့သည် ပန်းချီ,ဆေး, အစရှိသည့်တို့အားမှီရာအဖြစ်ဖြင့်ကျေးဇူးပြုသကဲ့သို့၊ တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ ဥပနိဿယပစ္စယော၊ မိုးတွင်း လေးလပတ်လုံး ရွာသောမိုးကြီးသည်၊ မိုးကိုမှီသော သစ်ပင် သတ္တဝါအစရှိသော သူတို့အား-အားရှိသော အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ အားရှိသော အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ ပုရေဇာတပစ္စယော၊ ကမ္ဘာဦး၌ ဖြစ်သော ''နေ-လ''တို့သည် မိမိတို့၏ ထင်ရှားရှိသောအခိုက်၌၊ အလင်းကိုမှီသော သတ္တဝါတို့အား ကျေးဇူးပြုသကဲ့သို့၊ ရှေး၌ဖြစ်သောအဖြစ်ဖြင့် ကျေး

ဖူးပြုတတ်သောတရား။ ပစ္ဆာဇာတပစ္စယော၊ လင်းတ ယင် တို့၏ အာဟာရ၌ ချင်ခြင်းစေတနာသည် နောက်မှ ဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှ ဖြစ် သောအဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောတရား။ အာသေဝန ပစ္စယော၊ ရှေးရှေးထုံအပ်သောနံ့သာသည်၊ နောက်နောက် ထုံအပ်သော နံ့သာအား အဆင်းအနံ့ လွန်စွာဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့ရင်း၊ ရှေးရှေး သင်အပ်သော ကျမ်းဂန် သည်၊ နောက်နောက် သင်သော ကျမ်းဂန်အား လေ့ကျက် ခြင်းငှါအားရှိ၍ ကျေးဇူးပြုသကဲ့သို့ရင်း၊ အဘန်တလဲလဲ မှီဝဲ ထုံအပ်သော အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောတရား။ ကမ္မ ပစ္စယော၊ ကောင်းစွာလှန်း၍ ကောင်းစွာ စီရင်အပ်သော မျိုးစေ့သည် အညွန့်၏ ဖြစ်ခြင်းငှါ အမှုအရာ လုံ့လအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ပြုတတ်သောအဖြစ်ဖြင့် ကျေးဇူး ပြုတတ် သောတရား။ ဝိပါကပစ္စယော၊ ချမ်းသော လေသည် ချမ်း သော အရိပ်၌နေသောသူအား ချမ်းငြိမ်းစေခြင်းငှါ ကျေးဇူး ပြုသကဲ့သို့၊ ကံတို့၏ အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ အာဟာရပစ္စယော၊ နောက်မှ ထောက်သောတိုင်သစ် သည် အိမ်ဟောင်းအား မြဲမြံခိုင်ခံ့ခြင်းကိုပြုသကဲ့သို့ ဆောင် တတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ ဣန္ဒြိယ ပစ္စယော၊ တပြည်တည်း၌ အထူးထူးသော ဝန်ကို အစိုးရ သော မင်းတို့သည်၊ အချင်းချင်း အစိုးရသော သတ္တိကို မဖြစ် မူ၍၊ မိမိတို့၏အရာ၌ အစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြု သကဲ့သို့၊ အစိုးရသော အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရား။ ဈာနပစ္စယော၊ တောင်ဖျား သစ်ပင်ဖျားသို့ တက်၍ ကြည့်သောသူသည်၊ အဝေးအနီးအရပ်တို့ကိုမြင်ခြင်း၊ ထိုမြင် ခြင်း၌ အလိုရှိသောသူအား ကျေးဇူးပြုသကဲ့သို့၊ ကပ်၍ ရှု တတ်သော အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောတရား။ မဂ္ဂပစ္စ ယော၊ ဤမှာဘက်မှ ထိုမှာဘက် ကူးသောသူသည်၊ ဤမှာ

ဘက်မှထွက်မြောက်ကြောင်းဖြစ်သကဲ့သို့ ထိုမှာဘက်မှ၍မှာဘက်သို့ ကူးလိုသောသူသည်၊ ထိုမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့၊ လွတ်မြောက်ကြောင်းအဖြစ်ဖြင့်၊ကျေးဇူးပြုတတ်သောတရား။ **သမ္ပယုတ္တပစ္စယော**၊ နို့ ရည်,ထောပတ်,ပျား,သကာ-ဟူသောစတုမဓုရအရသာသည်၊အချင်းချင်းနှီးနှောသောအားဖြင့် ကျေးဇူးပြုသကဲ့သို့၊ တကွယှဉ်သောအဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောတရား။ **ဝိပ္ပယုတ္တပစ္စယော**၊ အချို,အချဉ်,အစပ်,အငံ,အဖန်,အခါး- ဟူသော ၆-ပါးသောအရသာသည်၊ အချင်းချင်း မနှီးမနှောသောအားဖြင့်ကျေးဇူးပြုသကဲ့သို့၊ မနှီးမနှောမယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သောတရား။ **အတ္ထိပစ္စယော**၊ ဟိမဝန္တာတောင်မင်းသည်၊ မိမိကို မှီသောအားဖြင့်၊သစ်ပင်,မြက် အစရှိသည်တို့အား ပွားပြန့်စေခြင်း၌၊ မိမိထင်ရှားသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ထင်ရှားရှိသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ **နတ္ထိပစ္စယော**၊ ညဉ့်၏ကင်းခြင်းသည်၊ နေ့ဖြစ်ခြင်း၌ ကျေးဇူးပြုသကဲ့သို့ရင်း၊ ဆီမီး၏ငြိမ်းခြင်းသည် အမိုက်ဖြစ်ခြင်း၌ ကျေးဇူးပြုသကဲ့သို့ရင်း၊ မရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ **ဝိဂတပစ္စယော**၊ နေရောင်၏ ဝင်ခြင်းသည်၊ လရောင်ဖြစ်ခြင်း၌ ကျေးဇူးပြုသကဲ့သို့၊ကင်းသောအဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရား။ **အဝိဂတပစ္စယော**၊ မဟာသမုဒ္ဒရာသည်၊မိမိကိုမှီကုန်သောငါးမကောင်းအစရှိသည်တို့၏ ပီတိသောမနဿ ပွါးခြင်း၌ မိမိ၏မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ မိမိသဘောမှ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ ဣတိ၊သို့။ စတုဝီသတိပစ္စယာ၊ တို့သည်။ မဟာပကရဏော၊ကျမ်းကြီး၌။ ဋ္ဌိတာ၊ တည်ကုန်သည်။ဟောန္တိ၊ ကုန်၏။ ။

## ၁-ဟေတုပစ္စည်း-သုံးချက်ရ။

ဟေတုပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌၊ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့်-၃-ပါး အပြားရှိကုန်၏။ ထို-၃-ပါးတို့တွင်၊ လောဘ, ဒေါသ, မောဟ အလောဘ, အဒေါသ, အမောဟ-ဤဟိတ်-၆-ပါးတရားတို့သည်၊ ဟေတုပစ္စည်းတည်းဟူသော တရားမည်ကုန်၏။ ။သဟိတ်စိတ်ဇော သတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည်၊ဟေတုပစ္စည်း၏-ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။ ။အဟိတ်စိတ်အဋ္ဌာရသ။ ဆန္ဒကြဉ်သောအညသမာန်းစေတသိက်ဒွါဒသ။ မောဟမူဒွေ၌မောဟ။ အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည်၊ ဟေတုပစ္စည်း၏-ပစ္စနိကဖြစ်သော တရားမည်ကုန်၏။ ။

---

## ၂-အာရမ္မဏပစ္စည်း-သုံးချက်ရ။

အာရမ္မဏပစ္စယော-ဟူသော ပစ္စယုဒ္ဒေသ၌၊ သရုပ်တို့သည်၊ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိကအားဖြင့်-၃-ပါး အပြားရှိကုန်၏။ ထိုတွင်၊ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော စိတ်တခုယုတ်-၉၀၊ စေတသိက်ဒွေပညာသ။ ရုပ်အဋ္ဌဝီသ။ကာလဝိမုတ်ဖြစ်သောနိဗ္ဗာန်,ပညတ်၊ဤအာရုံ-၆-ပါးတရားတို့သည် အာရမ္မဏပစ္စည်းတည်းဟူသောတရားမည်ကုန်၏၊ ။"ပစ္စုပ္ပန်ဖြစ်သော" စိတ်တခုယုတ်-၉၀၊ စေတသိက်ဒွေပညာသ၊ ဤတရားတို့သည်၊ အာရမ္မဏပစ္စည်း၏- ပစ္စယုပ္ပန်ဖြစ်သော

တရားမည်ကုန်၏။ ။စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်,ဗာဟိရ ရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်,အသညသတ်ကမ္မရုပ်,ပဝတ္တိ ကမ္မဇရုပ်-ဤတရားတို့သည်၊အာရမ္မဏပစ္စည်း၏-ပစ္စနိကဖြစ် သော တရားမည်ကုန်၏။ ။

---

## ၃-အဓိပတိပစ္စည်း-သုံးချက်စု။

အဓိပတိပစ္စယော- ဟူသော ပစ္စယုဒ္ဒေသ၌၊ အဓိပတိ ပစ္စည်းသည်၊ အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုတွင်၊ အာရမ္မဏာဓိပတိ၌၊ သရုပ်တို့ သည်၊ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့်- ၃-ပါး အပြားရှိ ကုန်၏။ ထိုတွင်၊ အလေးအမြတ် ပြုတ်အပ်သော ပစ္စယုပ္ပန်, အတိတ်, အနာဂတ် ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ ဒေါသ မူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ်-၈၄-ခု၊ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာ- ကြဉ်သော စေတသိက်သတ္တစတ္တာလီသ၊ ကာလဝိမုတ်ဖြစ် သောနိဗ္ဗာန်၊ဤအာရုံ ၆-ပါးတရားတို့သည် **အာရမ္မဏာဓိပတိ ပစ္စည်း** တပ်သောတရားမည်ကုန်၏။ အလေးအမြတ် ပြုတတ် သော လောဘမူစိတ် ၈-ခု။ မဟာကုသိုလ်စိတ် ၈-ခု။ မဟာ ကြိယာ ဉာဏသမ္ပယုတ် ၄-ခု။ လောကုတ္တရာစိတ် ၈-ခု။ ဒေါသ,ဣဿာ, မစ္ဆရိယ. ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာ- ကြဉ်သော စေတသိက် ပဉ္စစတ္တာလီသ- ဤတရားတို့သည်၊ အာရမ္မဏာဓိပတိပစ္စည်း၏· ပစ္စယုပ္ပန်၊ကုန်၏။ ။အလေး အမြတ်မပြုတပ်ခိုက်, မပြုတပ်နေ လောကီစိတ် ကောသိတိ။ စေ။ဒွေပညာသ။စိတ္တဇရုပ်။လ။ ပဝတ္တိကမ္မဇရုပ်။ဤတရားတို့ သည် အာရမ္မဏာဓိပတိပစ္စည်း၏-ပစ္စနိက်။ကုန်၏။

**သဟဇာတာဓိပတိ**-၌၊ သရုပ်။လ။၃-ပါး။ကုန်၏။ထိုတွင်၊ အဓိပတိတပ်ခိုက်, တပ်နေ မောဟမူဒွေ, ဟသိတုပ္ပါဒ်ကြဉ်

သော သာဓိပတိဓော ၅၂-ခု။နာမက္ခန္ဓာ၌ရှိသော ဆန္ဒ ဝီရိယ, ဝီမံသ,သာဓိပတိဓော ၅၂-ခုဟု ဆိုအပ်သော စိတ်အားဖြင့်၊ အဓိပတိ တရားကိုယ်-၃-ပါး၊ ၄-ပါးတို့တွင်၊ တပါးပါး ဤတရား တို့သည်- **သဟဇာတာဓိပတိပစ္စည်း** တပ်သော တရားမည်ကုန်၏။ ။အဓိပတိပစ္စည်းကို ရခိုက်, ရနေ-အဓိပတိ တရားကိုယ်ကြည်သော "မောဟမူဒွေ၊ ဟသိတုပ္ပါဒ်ကြည်သော" သာဓိပတိဓော-၅၂-ခု။ ဝိစိကိစ္ဆာကြည်သော စေတသိတ် ၉ ကပညာသ၊ သာဓိပတိစိတ္တဇရုပ်။ ဤတရားတို့သည်၊ သဟဇာတာဓိပတိပစ္စည်း၏- ပစ္စယုပ္ပန်။ကုန်၏။ ။ သဟဇာတာဓိပတိပစ္စည်းကို မရခိုက်, မရနေ-ကာမစိတ် ဝဘုပညာသ။ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခု။ စေတသိက်ဒွေပညာသ။အဓိပတိ တပ်ခိုက် ကပ်နေ †အဓိပတိတရားကိုယ်၊ နိရာဓိပတိ့စိတ္တဇရုပ်။ "ပဋိသန္ဓေကမ္မဇရုပ်"။ လ။ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတာ ဓိပတိပစ္စည်း၏-ပစ္စနိက်။ကုန်၏။ ။

---

## ၄-အနန္တရပစ္စည်းသုံးချက်ခု။

အနန္တရပစ္စယော-ဟူသော ပစ္စယုဒ္ဒေသ၌။လ။ ၃-ပါး။ ကုန်၏။ထိုတွင်၊ ရဟန္တာတို့ ရတိကြည်သော ရှေးရှေးသော စိတ်တခုယုတ်-၈၀၊ စေတသိက် ဒွေပညာသ၊ ဤတရားတို့သည် **အနန္တရပစ္စည်း**။ကုန်၏။ ။ရဟန္တာတို့ပုတိစိတ်နှင့် တကွ နောက်နောက်သောစိတ်တခုယုတ်-၈၀၊စေတသိက်ဒွေပညာသ။ ဤတရားတို့သည် အနန္တရပစ္စည်း၏- ပစ္စယုပ္ပန်။

---

၃။ ။†အချို့စာမူတို့၌ သဟဇာတာဓိပတိပစ္စနိက်ဝယ် "သာဓိပတိဓော ၅၂-ခု နာမက္ခန္ဓာ၌ရှိသော" ဟု-ဟူ၍ရှင်း။ ၃-ပါး-၄-ပါး တို့တွင်ဟူ၍ရှင်း ပါရှိ၏၊

ကုန်၏။ ။စိတ္တဇရုပ်၊ပ၊ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊ အနန္တရပစ္စည်း၏-ပစ္စနိက်။ကုန်၏။ ။

---

## ၅-သမနန္တရပစ္စည်း-သုံးချက်ခု။

၅။ ။သမနန္တရပစ္စည်းသည်။ အနန္တရနှင့်၊ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်-အလုံးစုံ တူသည်သာလျှင်ဖြစ်ကုန်၏။ ။

---

## ၆-သဟဇာတပစ္စည်း-သုံးချက်ခု။

**သဟဇာတပစ္စယော၊** ဟူသော ပစ္စယုဒ္ဒေသ၌၊ သရုပ်တို့သည်၊ ပစ္စည်း, ပစ္စယုပ္ပန်အားဖြင့် ၂-ပါး။ ကုန်၏။ ထိုတွင်၊ အချင်းချင်းအားဇင်း။ အချင်းချင်း နာမက္ခန္ဓာ၊စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း၊တပ်သော အလုံးစုံသော စိတ် တခုယုတ်-၉၀။ စေ။ ဒွေပဉ္စာသ။ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး။အချင်းချင်းအားဇင်း၊ ဥပါဒါရုပ်အားဇင်း၊ တပ်သောစိတ္တဇ, ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ-အားဖြင့် အလုံးစုံ သောမဟာဘုတ် ၄-ပါး။*ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ အားတပ်သော ဟဒယဝတ္ထု၊ "ဟဒယဝတ္ထု၊အားတတ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ" ဤတရားတို့သည်၊**သဟ ဇာတပစ္စည်း**တပ်သော တရားမည်ကုန်၏။ ။အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တခုယုတ်-၉၀။စေ။ဒွေ ပဉ္စာသ။ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး။ အချင်းချင်းမှ ထောက်အပ်သော ဥပါဒါရုပ်နှင့် တကွသော " စိတ္တဇ။ လ။ ပဝတ္တိကမ္မဇအားဖြင့် " အလုံးစုံသောမဟာဘုတ် ၄-ပါး၊ပဉ္စ ဝေါကာရပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယ ဝတ္ထု၊။ ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိ

သန္တေနာမက္ခန္ဓာ၊ ဤတရားတို့သည် သဟဇာတပစ္စည်း၏-ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။ ။ပစ္စနိက်မရှိပြီ။ ။

---

## ၇-အညမညပစ္စည်း-သုံးချက်ခု။

အညမညပစ္စသော-ဟူသော ပစ္စယုဒ္ဒေသဉ်။လ။ ၃-ပါး။ ကုန်၏။ထိုတွင်၊ အချင်းချင်းအား ထောက်တတ်သော အလုံးရုံသော စိတ်တခုယုတ် ၉၀၊စေ။ ဒွေပဉ္စာသ။ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာတရား ၄-ပါး။အချင်းချင်းအားထောက်တတ်သော စိတ္တဇ,ပဋိသန္ဓေကမ္မဇ ဗာဟိရ,အာဟာရဇ,ဥတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ-အားဖြင့်၊ အလုံးရုံသောမဟာဘုတ်လေးပါး၊အချင်းချင်းအားထောက်တတ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟာဒယဝတ္ထု။ ဤတရားတို့သည်၊ အညမညပစ္စည်းတည်း။ကုန်၏။ ။အချင်းချင်းမှထောက်အပ်သော အလုံးရုံသော စိတ်တခုယုတ်-၉၀၊ စေ။ ဒွေပဉ္စာသ။ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး။အချင်းချင်းမှ ထောက်အပ်သော စိတ္တဇ။လ။ ပဝတ္တိကမ္မဇအားဖြင့် အလုံးရုံသော မဟာဘုတ် ၄-ပါး။ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟာဒယဝတ္ထု။ ဟာဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ။ ဤဘရားတို့သည်၊ အညမညပစ္စည်း၏ ပစ္စယုပ္ပန်။ကုန်၏။ ။နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇချုပ်။ဟာဒယဝတ္ထုမှ တပါးသောပဋိသန္ဓေကမ္မဇချုပ်။မဟာဘုတ်မှ ထောက်အပ်သောစိတ္တဇ။လ။ပဝတ္တိကမ္မဇ၊ ဥပါဒါချုပ်။ဤတရားတို့သည်-အညမညပစ္စည်း၏ ပစ္စနိက်ဖြစ်သောတရားမည်ကုန်၏။ ။

## ၈-နိဿယပစ္စည်း-သုံးချက်ခွဲ။

နိဿယပစ္စယော-ဟူသော ပစ္စယုဒ္ဒေသ၌၊နိဿယပစ္စည်း သည်၊ သဟဇာတနိဿယ, ပုရေဇာတနိဿယ- အားဖြင့် ၂-ပါး။ကုန်၏။ထိုတွင်၊သဟဇာတနိဿယသည်၊သဟဇာတ နှင့်တူ၏။ပုရေဇာတနိဿယသည်၊ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ အားဖြင့် ၂-ပါး။၏။ ထိုတွင်၊ ဝတ္ထုပုရေဇာတနိဿ၌။သရုပ်။လ။သုံးပါးကုန်၏။ ထိုတွင်၊ ပဝတ္တိအခါဆဝတ္ထု၊ ဤတရားတို့သည်၊ ဝတ္ထုပုရေ ဇာတနိဿယ။ကုန်၏။တနည်းကား။မန္ဒာယုက,အမန္ဒာယုက, မဇ္ဈိမာယုက-အားဖြင့် ၃-ပါးသော စက္ခုဝတ္ထုတို့တွင်၊ မဇ္ဈိမာယုကဖြစ်၍၊ ရှေးဦးအစ အတိတဘဝင်တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ လ။ မန္ဒာယုက, အမန္ဒာယုက မဇ္ဈိမာယုက-အားဖြင့် ၃-ပါးသော ကာယဝတ္ထု တို့တွင်၊ မဇ္ဈိမာယုကဖြစ်၍၊ အတိတဘဝင် တချက်လွန်နှင့် ဥပါဒ်ပြိုင် သောကာယဝတ္ထု။ပဋိသန္ဓေအစရှိသောရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သောဟဒယဝတ္ထု။နိရောဓသမာပတ်မှထသော အခါ၊ ရှေးစိတ္တက္ခဏ တချက်ခန့် ကာလ၌ဖြစ်သော ဟဒယ ဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော်၊ ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထု။ ဤတရားတို့သည်၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်း တည်။ကုန်၏။ ။ပဝတ္တိအခါ၊ ပဉ္စဝေါကာရဘုံ၌၊ ဖြစ်ခိုက်- ဖြစ်ဆဲ၊ အရူပဝိပါက် လေးချက်ကြဉ်သော သတ္တဝိညာဏ ဓာတ်။ ၈၅။ ဒွေပညာသ၊ ဤတရား တို့သည်၊ ဝတ္ထုပုရေ ဇာတ နိဿယပစ္စည်း၏ ပစ္စယုပ္ပန်။ ကုန်၏။ ။စတုဝေါ ကာရဘုံ၌ ဖြစ်ခိုက်-ဖြစ်ဆဲ၊ လောဘမူစိတ် ၈-ခု။ဒေါသမူ ဒွေ။ မနောဒွါရာဝဇ္ဇန်း။ မဟာကုသိုလ်စိတ် ၈-ခု။ မဟာကြိ ယာစိတ် ၈-ခု။ အရူပစိတ် ၁၂-ခု။ သောတာပတ္တိမဂ်ကြဉ်

သော လောကုတ္တရာစိတ် ၇ ခု။ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,အပ္ပမညာ-ကြဉ်သော။ စေ။ ဆစတ္တာလီသ။ ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသ။စေ။ ပဉ္စတိံသ။စိတ္တဇရုပ်။ပဋိသန္ဓေကမ္မဇရုပ်။ ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏။ ပစ္စနိက်။ ကုန်၏။

ဝတ္ထာရမ္မဏပုရေဇာတနိဿယ-၌။ပ။ သုံးပါးကုန်၏။ ထိုတွင်၊ မရဏာသန္နအခါ၊ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်နှင့်တကွ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည်၊ ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်း။ ကုန်၏။ ။မရဏာသန္နအခါ၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတခုယုတ် ၃၀။တဒါရုံဧကာဒသ။ ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ, ဝိရတိ, အပ္ပမညာ-ကြဉ်သော။ စေ။ စတုစတ္တာလီသ။ ဤတရားတို့သည်၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း၏။ ပစ္စယုပ္ပန်။ ကုန်၏။ ။ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းကို မရခိုက်-မရနေ၊ စိတ်တခုယုတ်-၉၀။စေ။ ဒွေပညာသ။စိတ္တဇရုပ်။ပ။ပဝတ္တိကမ္မဇရုပ်။ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်း၏။ပစ္စနိက်။ကုန်၏။

## ၉-ဥပနိဿယပစ္စည်းသုံးချက်ရှု။

ဥပနိဿယပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ဥပနိဿယ ပစ္စည်းသည်၊ အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ အားဖြင့် ၃-ပါး။ကုန်၏။ ထိုတွင်၊ အာရမ္မဏူပနိဿယသည်၊ အာရမ္မဏာဓိပတိနှင့်တူ၏။အနန္တရူပနိဿယသည်၊ အနန္တရနှင့်တူ၏။ ။ပကတူပနိဿယ-၌။ပ။ ၃-ပါး။

ကုန်၏။ထိုတွင်၊ဗလဝဖြစ်သော[၈]“ပစ္စုပ္ပန်,အတိတ်,အနာဂတ်ဖြစ်သော”စိတ်တခုယုတ် ၉၀။စေ။ဒွေပညာသ။ရုပ်အဇ္ဈတ္တိသ။ပစ္စည်းထိုက်သော အချို့သောပညတ်။ဤတရားတို့သည်၊ပကတူပနိဿယပစ္စည်း။ကုန်၏။ ။“ပစ္စုပ္ပန်ဖြစ်သော” စိတ်တခုယုတ်-၉၀။စေ။ဒွေပညာသ။ဤတရားတို့သည်။ ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်။ကုန်၏။ ။စိတ္တဇရုပ်။ပ။ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်။ ပကတူပနိဿယ ပစ္စည်း၏ ပစ္စနိက်။ကုန်၏။ ။

---

## ၁၀-ပုရေဇာတ ပစ္စည်း-သုံးချက်ခုး။

ပုရေဇာတပစ္စယော-ဟူသော ပစ္စယုဒ္ဒေသ၌၊ပုရေဇာတပစ္စည်းသည်၊ ဝတ္ထုပုရေဇာတ, အာရမ္မဏပုရေဇာတ-အားဖြင့် ၂-ပါး။ကုန်၏။ ထိုတွင်၊ ဝတ္ထုပုရေဇာတ ပစ္စည်းသည်၊ ဝတ္ထုပုရေဇာတ နိဿယနှင့်တူ၏။ ။အာရမ္မဏပုရေဇာတ၌။သရုပ်။ပ။၃-ပါး။ ကုန်၏။ ထိုတွင်၊ ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ်အဌာရသ။ ဤတရားတို့သည်၊ အာရမ္မဏ ပုရေဇာတပစ္စည်းအပ်သော။ကုန်၏။ ။ပဝတ္တိအခါပဥ္စဝေါကာရဘုံ၌ဖြစ်ဆဲ-ဖြစ်နေ၊ ကာမစိတ်စတုပညာသ၊ အဘိညာဏ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက်ပညာသ။ဤတရားတို့သည် အာရမ္မဏပုရေဇာတပစ္စည်း၏။ ပစ္စယုပ္ပန်။ကုန်၏။ ။အာရမ္မဏ ပုရေဇာတပစ္စည်းကို မရခိုက်, မရနေ၊ ဒွေပဉ္စဝိညာဏ်တဆယ်၊မနောဓာတ် ၃-ခု ကြဉ်သော စိတ် ၇၆-ခု၊ စေ၊ဒွေပညာသ၊ စိတ္တဇရုပ်။ပ။ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊ အာရမ္မဏပုရေဇာတပစ္စည်း၏။ပစ္စနိက်။ကုန်၏။ ။

---

[၈]။ ။၂အချို့မူတို့၌-‘ရှေးရှေးသော’-‘နောက်နောက်သောဟု’ ပါရှိ၏။

## ၁၁-ပစ္ဆာဇာတပစ္စည်း-သုံးချက်ရ။

ပစ္ဆာဇာတပစ္စယော-ဟူသော ပစ္စယုဒ္ဒေသ၌။ပ။ ၃-ပါး။ ကုန်၏။ ထိုတွင်၊ ပဝတ္တိအခါပဋိသန္ဓေကာလရုပ်ကိုသို့ဖြစ်ခိုက် ဖြစ်နေ၊ အရှုပဝိပါက် ၄-ခု ကြဉ်သော၊ ပဌမဘဝင်အစရှိသော နောက်နောက်သော စိတ် ၈၅-ခု။ စေ၊ ဒွေပညာသ၊ ဤတရားတို့သည် ပစ္ဆာဇာတ ပစ္စည်းဖြစ်သော၊ကုန်၏။ ။ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍၊ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ။ပ။စတုဇကာယ ဤတရားတို့သည်၊ ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်။ကုန်၏။ ။စိတ်တခုယုတ်-၉၀၊စေ၊ဒွေပညာသ။ နောက်နောက်သောစိတ်နှင့် အတူဥပါဒ်သောစိတ္တဇရုပ်။ပ။ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်-ပစ္ဆာဇာတပစ္စည်း၏။ ပစ္စနိက်။ကုန်၏။ ။

---

## ၁၂-အာသေဝနပစ္စည်း-သုံးချက်ရ။

အာသေဝနပစ္စယော-ဟူသော ပစ္စယုဒ္ဒေသ၌။ပ။ ၃-ပါး။ ကုန်၏။ထိုတွင်၊ [၁၂]အဆုံးဇော၊မဂ်ဇော၊ဖိုလ်ဇော-ကြဉ်သော၊ ရှေးရှေးသောလောကီဇောသတ္တစတ္တာလီသ၊စေ၊ဒွေပညာသ။ ဤတရားတို့သည် အာသေဝနပစ္စည်းဖြစ်သော။ကုန်၏။ ။ ပဌမဇော၊ ဖိုလ်ဇောကြဉ်သော၊ နောက်နောက်သော ဇောဧကပညာသ၊ စေ၊ ဒွေပညာသ။ ဤတရားတို့သည်-အာသေဝနပစ္စည်း၏။ပစ္စယုပ္ပန်။ကုန်၏။ ။ကာမဇောတခုယုတ် ၃၀ ၏ ပဌမဇော၊အာဝဇ္ဇန်းနှစ်ခု၊ ဝိပါက်ဆတ္တိံသ၊စေ၊ဒွေပညာသ။ စိတ္တဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊ အာသေဝန ပစ္စည်း၏။ပစ္စနိက်။ကုန်၏။

—o—

---

၁၂။ ။ အချို့မူတို့၌ "ဇောတ်တူအဆုံးဇော" ဟူသာပါရှိ၏။

## ၁၃-ကမ္မပစ္စည်း-သုံးချက်ခု။

ကမ္မပစ္စယော-ဟူသော ပစ္စယုဒ္ဒေသ၌၊ ကမ္မပစ္စည်းသည်၊ သဟဇာတကမ္မ,နာနက္ခဏိကကမ္မ-အားဖြင့် ၂-ပါး အပြားရှိ၏။ထိုတွင်၊ သဟဇာတကမ္မ၌။သရုပ်။ပ။ကုန်၏။ထိုတွင်၊ ဝိတ်တခုယုတ် ၉၀-၌ရှိသော စေတနာတခုယုတ် ၉၀။ ဤတရားတို့သည်-သဟဇာတကမ္မ ပစ္စည်းတပ်သော။ ကုန်၏။ ။ စိတ်တခုယုတ်-၉၀။ စေတနာကြဉ်သော၊ စေ၊ ဇေကပညာသ။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ဤတရားတို့သည်၊သဟဇာတကမ္မပစ္စည်း၏။ပစ္စယုပ္ပန်။ကုန်၏။ ။စိတ်တခုယုတ် ၉၀-၌ရှိသောစေတနာတခုယုတ် ၉၀။ဗာဟိရရုပ်။ ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်-သဟဇာတ ကမ္မပစ္စည်း၏။ ပစ္စနိက်။ ကုန်၏။

နာနက္ခဏိက ကမ္မ-၌။သရုပ်။ပ။ ၃-ပါး။ကုန်၏။ ထိုတွင်၊ အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာ ၃၃-ခု။ ဤတရားတို့သည်- နာနက္ခဏိကကမ္မ ပစ္စည်းတပ်သော။ကုန်၏။ ။ဝိပါက်ဆတ္တိံသ၊စေ၊အဋ္ဌတိံသ။ပဋိသန္ဓေ ကမ္မဇရုပ်။ အသညသတ်ကမ္မဇရုပ်။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နာနက္ခဏိကကမ္မပစ္စည်း၏။ ပစ္စယုပ္ပန်။ကုန်၏။ ။ကုသိုလ် ဇေကဝီသ၊ အကုသိုလ်ဒွါဒသ၊ ကြိယာဝီသ၊ စေ၊ ဒွေပညာသ။ စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်။ဤတရားတို့သည်။နာနက္ခဏိကကမ္မပစ္စည်း၏။ပစ္စနိက်။ကုန်၏။ ။

---

## ၁၄—ဝိပါကပစ္စည်း-သုံးချက်ခု။

ဝိပါကပစ္စယော-ဟူသော ပစ္စယုဒ္ဒေသ၌။ပ။ ၃-ပါး။ကုန်၏။ထိုတွင်၊ အချင်းချင်း အားဖြင့်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားဖြင့်း၊ ထောက်တတ်သော

ဝိပါကဇ္ဈတ္တိံသ၊ စေ၊ အဇ္ဈတ္တိံသ၊ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည်- ဝိပါကပစ္စည်း တပ်သော။ ကုန်၏။ ။အချင်းချင်းမှုထောက်အပ်သော ဝိပါကဇ္ဈတ္တိံသ။ စေ၊ အဇ္ဈတ္တိံသ၊ နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာတို့သည်၊ ယထာရဟ ပြုအပ်သော ဝိညတ်နွေကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဝိပါကပစ္စည်း၏။ ပစ္စယုပ္ပန်။ ကုန်၏။ ။ကုသိုလ်ဇောဝိသ၊ အကုသိုလ်ဒွါဒသ၊ ကြိယာဝိသ၊ စေ၊ ဒွေပဉ္စာသ၊ နာမက္ခန္ဓာ။ ထိုကုသိုလ်, အကုသိုလ်, ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်-ဝိပါကပစ္စည်း၏။ ပစ္စနိက်။ ကုန်၏။

## ၁၅ အာဟာရပစ္စည်း-သုံးချက်စုံ။

**အာဟာရပစ္စယော**-ဟူသော ပစ္စယုဒ္ဒေသ၌၊ အာဟာရပစ္စည်းသည်၊ ရုပ်အာဟာရ, နာမ်အာဟာရအားဖြင့် ၂-ပါး၏။ ထိုတွင်၊ ရုပ်အာဟာရ၌။ ပ။ ၃-ပါး။ ကုန်၏၊ ထိုတွင်၊ ကဗဠီကာရ အာဟာရ ဟုဆိုအပ်သော ဆွမ်း, ခဲဘွယ်, ဘောဇဉ် အစရှိသည့်၌တည်သော၊ ဗဟိဒ္ဓသြဇာ၊ ဤတရားတို့သည်-ရုပ် **အာဟာရပစ္စည်း**။ ကုန်၏။ ။အာဟာရသမုဋ္ဌာနိကရုပ်။ ဤတရားတို့သည်၊ ရုပ်အာဟာရပစ္စည်း၏။ ပစ္စယုပ္ပန်။ ကုန်၏။ စိတ်တရသုတ်-၈၀၊ စေ၊ ဒွေပဉ္စာသ။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်- ဤတရားတို့သည်၊ ရုပ်အာဟာရပစ္စည်း၏။ ပစ္စနိက်။ ကုန်၏။

**တနည်းကား**။ အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကသြဇာ, ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇသြဇာ- ဤတရားတို့

သည်၊ ရုပ်အာဟာရ-ပစ္စည်းတပ်သောတရားမည်ကုန်၏။ ။ ကလာပ်တူဩဇာကြည်သော, ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်။ ဤတရားတို့သည်-ရုပ်အာဟာရပစ္စည်း၏။ ပစ္စယုပ္ပန်။ ကုန်၏။ ။စိတ်တခုယုတ်-၉၀၊ စေ၊ ဒွေပညာသ။ †ဗာဟိရရုပ်။ ဤတရားတို့သည်- ရုပ်အာဟာရပစ္စည်း၏၊ ပစ္စနိက်။ ကုန်၏။

နာမ်အာဟာရ-၌ သရုပ်။ပ။ ၃ ပါး။ ကုန်၏။ ထိုတွင်၊ ဖဿ, စေတနာ, ဝိညာဏ်-ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါး၊ ဤတရား တို့သည်- နာမ်အာဟာရပစ္စည်း။ ကုန်၏။ ။စိတ်တခုယုတ်- ၉၀၊ စေ၊ ဒွေပညာသ။ ပဝတ္တိစရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် နာမ်အာဟာရပစ္စည်း၏။ ပစ္စယုပ္ပန်။ ကုန်၏။ ။ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်။ နာမ်အာဟာရပစ္စည်း၏ ပစ္စနိက်။ ကုန်၏။

---

## ၁၆-ဣန္ဒြိယပစ္စည်း-သုံးချက်ခု။

ဣန္ဒြိယပစ္စယော- ဟူသော ပစ္စယုဒ္ဒေသ၌၊ ဣန္ဒြိယပစ္စည်းသည်လည်း၊ သဟဇာတိန္ဒြိယ, ပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ-အားဖြင့် ၃-ပါး ကုန်၏။ ထိုတွင်၊ သဟဇာတိန္ဒြိယ-၌။ သရုပ်။ပ။ ၃-ပါး။ကုန်၏။ထိုတွင် ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ-ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး၊ ဤတရားတို့သည်၊ သဟဇာတိန္ဒြိယပစ္စည်း။ ကုန်၏။ ။စိတ်တခုယုတ်-၉၀၊ စေ၊ ဒွေပညာသ။ ပဝတ္တိစရုပ်, ပဋိသန္ဓေကမ္မဇရုပ်-ဤတရားတို့သည်၊ သဟဇာ

---

၁၅။ ။†ညဝါအကျော် ဆရာတော်ကြီးများကား "ရူပါဝစရဘုံ၌ စိတ္တဇ ပဋိသန္ဓေကမ္မဇ၊ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇရုပ်" ကို ထည့်၍ဆိုရိုးပြုတော်မူကုန်သေး၏။

တိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်။ကုန်၏။ ။ဗာဟိရရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည်၊ သဟဇာတိန္ဒြိယပစ္စည်း၏၊ ပစ္စနိက်။ကုန်၏။ ။

ပုရေဇာတိန္ဒြိယ-၌၊သရုပ်။ ပ။ ၃-ပါးကုန်၏။ ထိုတွင်၊ မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက အားဖြင့် ၃ ပါးသော စက္ခုဝတ္ထုတို့တွင်၊ မဇ္ဈိမာယုက ဖြစ်၍၊ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ ပ။ မန္ဒာယုက။ အမန္ဒာယုက, မဇ္ဈိမာယုက အားဖြင့် ၃ ပါးသော ကာယဝတ္ထုတို့တွင်, မဇ္ဈိမာယုကဖြစ်၍၊ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု။ ဤတရားတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်း။ကုန်၏။ ။ ဒွေပဉ္စဝိညာဏ် ၁၀။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ခု၊ ဤတရားတို့သည်၊ ပုရေဇာတိန္ဒြိယ၊ ပစ္စယုပ္ပန်။ကုန်၏။ ။ ဒွေပဉ္စဝိညာဏ် ၁၀ ကြည်သော စိတ်တယုတ် ၇၀၊ စေ၊ ဒွေပညာသ။ စိတ္တဇရုပ်။ ပ။ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏၊ ပစ္စနိက်။ကုန်၏။ ။

ရူပဇီဝိတိန္ဒြိယ-၌သရုပ်။ပ။ ၃ ပါးကုန်၏။ ။ထိုတွင်၊ ပဝတ္တိပဋိသန္ဓေ အားဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည်၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း တပ်ကုန်၏။ ။ရုပ်ဇီဝိတိန္ဒြေကြည်သော ကလာပ်တူ ကမ္မဇရုပ် ၉ စည်း။ ဤတရားတို့သည်၊ ရုပ်ဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်။ ကုန်၏။ ။စိတ်တခုယုတ် ၉၀၊ စေ၊ ဒွေပညာသ။ စိတ္တဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, ပဋိသန္ဓကမ္မဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်-၌တည်သောရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည်- ရူပဇီဝိတိန္ဒြိယ ပစ္စည်း၏၊ ပစ္စနိက်။ကုန်၏။

## ၁၇-ဈာနပစ္စည်း သုံးချက်ခု။

ဈာနပစ္စယောတိ-ဟူသော ပစ္စယုဒ္ဒေသ၌၊သရုပ်။ပ။ ၃-ပါး။ ကုန်၏။ပ။ထိုတွင်၊ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ်တခု ယုတ် ၈၀-၌ရှိသော ဝိတက်,ဝိစာရ,ပီတိ,ဧကဂ္ဂတာ,ဝေဒနာ ဟုဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး။ ဤတရားတို့ သည်၊ ဈာနပစ္စည်းတည်း။ ကုန်၏။ ။ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ်တခုယုတ်-၈၀၊ စေ၊ ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည်- ဈာနပစ္စည်း၏ ပစ္စယုပ္ပန်။ကုန်၏။ ဒွေပဉ္စဝိညာဏ်-၁၀၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု။ဗာဟိရရုပ်။ပ။ပဝတ္တိကမ္မဇရုပ်။ ဤတရား တို့သည်-ဈာနပစ္စည်း၏။ပစ္စနိက်။ကုန်၏။

---

## ၁၈-မဂ္ဂပစ္စည်း-သုံးချက်ခု။

မဂ္ဂပစ္စယောတိ-ဟူသော ပစ္စယုဒ္ဒေသ၌။လ။ ၃ ပါး။ကုန် ၏။ ထိုတွင်၊ သဟိတ်စိတ် ကေသတ္တတိ၌ရှိသော၊ ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး။ ဤတရားတို့သည်၊ မဂ္ဂပစ္စည်းတည်းသောတရား မည် ကုန်၏။ ။သဟိတ်စိတ်ကေသတ္တတိ၊ စေတသိက်ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဤတရား တို့သည် မဂ္ဂပစ္စည်း၏။ ပစ္စယုပ္ပန်။ ကုန်၏။ ။အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်းစေတသိက်ဒွါဒသ။ အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်၊ ပ။ ပဝတ္တိကမ္မဇရုပ်။ဤတရားတို့သည်-မဂ္ဂပစ္စည်း၏။ပစ္စနိက်။ ကုန်၏။ ။

---

## ၁၉-သမ္ပယုတ္တပစ္စည်း-သုံးချက်ရ။

သမ္ပယုတ္တပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌။ ပ၊ ၃-ပါး၊ ကုန်၏။ ထိုတွင်၊ အချင်းချင်း အားတပ်သော အလုံးရုံသော စိတ်တရယုတ်- ၈၀၊ စေတသိက်နှစ်ပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး။ ဤတရားတို့သည်-သမ္ပယုတ္တပစ္စည်း တပ်သော တရားမည်ကုန်၏။ ။အချင်းချင်းမှ ထောက်အပ်သော အလုံးရုံသော စိတ်တရယုတ်-၈၀၊ စေတသိက် နှစ်ပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ဤတရားတို့သည်- သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်၊ ကုန်၏။ ။စိတ္တဇရုပ်၊ ပ၊ ပဝတ္တိ ကမ္မဇရုပ်၊ ဤတရားတို့သည်- သမ္ပယုတ္တပစ္စည်း၏။ ပစ္စနိက်။ ကုန်၏။ ။

---

## ၂၀-ဝိပ္ပယုတ္တပစ္စည်း-သုံးချက်ရ။

ဝိပ္ပယုတ္တပစ္စယော- ဟူသော ပစ္စယုဒ္ဒေသ၌၊ ဝိပ္ပယုတ္တ ပစ္စည်းသည်၊ သဟဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ်အားဖြင့် ၃-ပါး။ ကုန်၏။ ထို ၃-ပါးတို့တွင်၊ သဟဇာတဝိပ္ပယုတ်-၌ သရုပ်တို့သည်၊ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် ၃-ပါးအပြားရှိကုန်၏။ ထို ၃-ပါးတို့တွင်၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်ဆဲ၊ အရူပဝိပါက် ၄-ခု နှစ်ပဉ္စဝိညာဏ် ၁၀-ရဟန္တာတို့ ရတိစိတ်ကြည်သော စိတ်ပဉ္စသတ္တတိ၊ စေတသိက် နှစ်ပညာသ၊ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည်- သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်းတပ်သော တရားမည်ကုန်၏။ ။စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဟဒယဝတ္ထုမှထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒ

ယဝတ္တု။ ဤတရားတို့သည်၊ သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏။ ။ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှတပါး စိတ်တရုပ်-၉၀၊ စေတသိက်ငွေပညာသ။ ဗာဟိရရုပ်။ ပ။ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည်၊ သဟဇာတဝိပ္ပယုတ္တပစ္စည်း၏၊ပစ္စနိက်ဖြစ်သောတရားမည်ကုန်၏။ ။ပုရေဇာတဝိပ္ပယုတ်သည်၊ပုရေဇာတနှစ်ပါးနှင့်တူ၏။ ။ပစ္ဆာဇာတ ဝိပ္ပယုတ်သည်၊ ပစ္ဆာဇာတနှင့်တူ၏။ ။

---

## ၂၁-အတ္ထိပစ္စည်း-သုံးချက်ခု။

အတ္ထိပစ္စယော-ဟူသော ပစ္စယုဒ္ဒေသ၌၊ အတ္ထိပစ္စည်းသည်၊ သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ-အားဖြင့် ၅-ပါးအပြားရှိ၏။ ထို ၅-ပါးတို့တွင်၊ သဟဇာတတ္ထိသည်၊ သဟဇာတသုံးပါးနှင့်တူ၏။ ။ပုရေဇာတတ္ထိသည်၊ ပုရေဇာတ ၂-ပါးနှင့်တူ၏။ ။ပစ္ဆာဇာတတ္ထိသည်၊ ပစ္ဆာဇာတနှင့်တူ၏။ ။အာဟာရတ္ထိသည်၊ ရုပ်အာဟာရနှင့်တူ၏။ ။ဣန္ဒြိယတ္ထိသည်၊ ရူပဇီဝိတိန္ဒြိယနှင့်တူ၏။ ။

၂၂-၂၃။ ။နတ္ထိ, ဝိဂတ-သည်၊ အနန္တရနှင့်တူ၏။

၂၄။ ။အဝိဂတ-သည်၊ အတ္ထိနှင့်တူ၏။

ပဋ္ဌာန်း-သုံးချက်ပြီး၏။

# ပဋ္ဌာန်း-ပစ္စည်းပြိုင်။

---

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဟေတုပစ္စည်းပြိုင်-အဝိပါက ၄-ချက်။

**ပစ္စည်းဘင်ဟာန်ကား-** ရူပါဝစရကြိယာပဋ္ဌမဈာန်ကို ရခြင်း၌ အလိုရှိသော တိဟိတ်ကာမ ရဟန္တာပုဂ္ဂိုလ်သည်၊ ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀ ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကာယအရပညတ်၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာ-ဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အဘိုင်းမသိသော သတ္တဝါပညတ်၊ဤ ၂၅-ပါးသော ပညတ်ပဋိဘာဂနိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ ပထဝီ, ပထဝီ၊ အာပေါ, အာပေါ-အစရှိသည်ဖြင့် စီးဖြန်းဘန်များ၍ ရူပါဝစရကြိယာပဋ္ဌမဈာန်ကို ရလိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ပ။ကာမတိဟိတ်ဘဝင် ၄-ခုတို့တွင် တခုခုသည်။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။ ပထဝီကသိုဏ်း။ပ။ထင်ခြင်းသို့ရောက်၏။ ထိုနောင် အာသန္နတရ။ပ။အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ထိုနောင်။ပ။မဟာကြိယာပဋ္ဌမဇော်တို့တွင် တခုခုသည်၊ ဥပစာရသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ထိုနောင်။ပ။ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ရူပါဝစရကြိယာ ပဋ္ဌမဈာန်စိတ်သည်၊ အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ထိုနောင်။ပ။ဘဝင်ကိစ္စဖြစ်လိုက်သန္တေ့ဖြစ်၏။ ။

ရူပါဝစရကြိယာပဋ္ဌမဈာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပ, ပဋ္ဌမဈာန်ရဟန္တာပုဂ္ဂိုလ်သည် မိမိရပြီးသောပဋ္ဌမဈာန်ကို၊ သမာပဇ္ဇနဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီဆော်တို့ဖြင့်

အဇ္ဈတ္တ အလားပြု၍ စင်စားလိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ကာမတိဟိတ်ဘဝင် ၄-ခု၊ ရူပါဝစရ ပဉ္စမဈာန်ဘဝင်တခုအားဖြင့် ၅-ခုတို့တွင်တခုခုသည်။ ပ။ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။ ပထဝီကသိုဏ်း။ ပ။ ထင်ခြင်းသို့ရောက်၏။ ထိုနောင် အာသန္နဘဝင်။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်။ ပ။ မဟာကြိယာပဉ္စမဇော်တို့တွင် တခုခုသည်၊ ဥပစာရ သမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်။ ပ။ ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ရူပါဝစရကြိယာပဉ္စမဈာန်စိတ်သည်၊ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာသမာဓိဇောကိစ္စ များစွာဖြစ်၍ ချုပ်၏။ ထိုနောင်။ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်တို့မှာ ကသိုဏ်ကိုနည်းမှီ၍ (တက်လေ ချလေ)။ ရဟန္တာပုဂ္ဂိုလ်၌ ကြိယာဇောဆိုရုံမျှသာ ထူးသည်။ ကြိယာဖြစ်၍ ရဟန္တာပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် နိုးသောရန်သူရှိ၏။ အပြစ်ကိုမြင်၍ တပ်ခြင်းကိုစွန့်၍ ငြိမ်သက်၏ဟု ဆိုခြင်းငှါမရှိ။ အာရုံကိုသာပြု၍ ဈာန်ကိုတက်ရသည်။ နောက်၌ ဆိုလတ္တံ့သော ကြိယာတို့၌လည်း။ ဤနည်းကိုမှီ၍ဆိုလေ။ ။ရူပကြိယာပြီး၏။

---

## အရူပကုသိုလ်ပစ္စည်းတပ်ဟန်။

အရူပကုသိုလ် ၄ ခု၌ရှိသော ဟိတ် ၃-ပါးသည်၊ အပါယ်ကြည်သော ပဋိသန္ဓေ ဝေါကာရဘုံ၌ ဖြစ်သောအခါ၊ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ၊ သမ္ပယုတ္တခန္ဓာ အားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား-ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကိုရပြီးသော တိဟိတ်ကာမ, ရူပ, သေက္ခပုဂ္ဂိုလ်သည်၊ အရူပါ

ဝစရဈာန်ကို ရခြင်းငှါ အလိုရှိသည်ဖြစ်၍ ရုပ်ရှိခြင်းကြောင့် ထားလက်နက်ဖြင့် ခုတ်ဖြတ်ခြင်း၊ ခိုက်ရန်ငြင်းခုံခြင်း၊ မျက်စိ-နား-စသည်တို့၌ အနာအစရှိသည်တို့သည် ဖြစ်ကုန်၏။ ရုပ်မရှိသော် မဖြစ်ကုန်ဟု-ကရဇရုပ်၌ အပြစ်ကိုမြင်၍၊ ထိုကရဇရုပ်ကို လွန်ခြင်းငှါ အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါး၌ ရူပါဝစရ ပဉ္စမဈာန်ကို ဝင်စား၍၊ ရူပါဝစရပဉ္စမဈာန်မှ ထ၍၊ ငါရသော ရူပါဝစရပဉ္စမဈာန်သည်၊ သုခဘည်းဟူသော နီးသော ရန်သူရှိ၏။ ငါငြီးငွေ့သော ကသိုဏ်းရုပ်ကို အာရုံပြုခြင်းကြောင့်၊ ဈာန်အင်္ဂါ၏ အားသည်နည်း၏ဟု ရူပါဝစရ ပဉ္စမဈာန်၌ အပြစ်ကိုမြင်၍၊ ထိုရူပါဝစရပဉ္စမဈာန်၌ တပ်ခြင်းကိုစွန့်၍ အာကာသာနဉ္စာယတနဈာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍ စကြဝဠာ အဆုံးတိုင်အောင်ဒင်း၊ အလိုရှိအပ်သော အရပ်အပိုင်းအခြားမျှဒင်း အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်းပညတ် ပဋိဘာဂနိမိတ် ၉-ပါးတို့တွင် တပါးပါးကို မြှော်၍ဒင်း၊ ထိုခဏ၌ဒင်း ပွါးစေ၍၊ ကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ဖြင့် တွေ့ရာအရပ်ကို "အာကာသော အနန္တော-အာကာသောအနန္တော"ဟု နှလုံးသွင်းသည်ဖြစ်၍ ကသိုဏ်းပညတ်ပဋိဘာဂနိမိတ်ကိုခွါ၏။ ထိုသို့ခွါသော ယောဂီပုဂ္ဂိုလ်အား ထိုကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ဖြင့် တွေ့ရာအရပ်သည်၊ ကောင်းကင်ဖြစ်၍ထင်၏။ ထိုသို့ထင်သောအခါ ကွာသည်မည်၏။ ထိုကသိုဏ်းပညတ် ပဋိဘာဂနိမိတ်၏ ကွာရာဖြစ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ "အာကာသော အနန္တော-အာကာသော အနန္တော"ဟု စီးဖြန်းဘန်များ၍ အာကာသာနဉ္စာယတနဈာန်ကို ရလိုလတ်သည်ရှိသော်။ မိမိပဋိသန္ဓေ။ပ ပဉ္စဝေါကာရတိဟိတ်ဘဝင် ၂ ခုတို့တွင် တခုခုသည်၊ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏၊ အာကာသကသိုဏ်းသည် ကြဉ်အပ်

သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကိုခွါ၍ရအပ်သော ကောင်းကင်ပညတ်သည်လည်း၊ အာသန္နဘာရဖြစ်၍ ဘဝင်စလန. ဘဝင်ုပစ္ဆေဒအား ထင်ခြင်းသို့ ရောက်၏။ ထိုနောင် အာသန္နဘာရ။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု။ ပ။ မဟာကုသိုလ် တတိယဇောတို့တွင် တခုခုသည်။ ပ။ ဥပစာရ သမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍။ ပ။ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော အာကာသာနဉ္စာယတန ကုသိုလ်စိတ်သည်- အာဒိကမ္မိက ဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏၊ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

အာကာသာနဉ္စာယတနကုသိုလ်ဈာန် ရပြီးသောတိဟိတ် ကာမရူပ အာကာသာနဉ္စာယတနသေက္ခပုဂ္ဂိုလ်သည်၊ မိမိ ရပြီးသော အာကာသာနဉ္စာယတနဈာန်ကို၊ သမာပဇ္ဇနဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီဘော်တို့ဖြင့် အလေ့အလာပြု၍- ဝင်စားလိုသော်သည်ရှိသော် မိမိပဋိသန္ဓေ။ ပ။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခု၊ အာကာသာနဉ္စာယတန ဘဝင်တခု အားဖြင့် ၁၀ ခုတို့တွင် တခုခုသည်။ ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။ အာကာသ ကသိုဏ်းသည် ကြည်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင် ပညတ်သည် လည်း အာသန္နဘာရဖြစ်၍ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ အား ထင်ခြင်းသို့ ရောက်၏၊ ထိုနောင် အာသန္နဘာရ။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍။ ပ။ မဟာကုသိုလ် တတိယဇောတို့တွင် တခုခုသည်။ ပ။ ဥပစာရ သမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်။ ပ။ ဈာန်အင်္ဂါ ၂-ပါ နှင့် ပြည့်စုံသော အာကာသာနဉ္စာယတန ကုသိုလ်စိတ် သည်၊ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသော အတိုင်း အပ္ပနာ

သမာဓိဇောကိစ္စ များစွာ ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိ
သန္ဓေ။ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကို ရပြီးသော တိ
ဟိတ်ကာမ ရှုပ, အာကာသာနဉ္စာယတန သေက္ခပုဂ္ဂိုလ်
သည်-ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ရခြင်းငှါ အလိုရှိ
သည်ဖြစ်၍၊ ငါရသော အာကာသာနဉ္စာယတန ဈာန်သည်၊
ရူပါဝစရပဉ္စမဈာန်တည်း ဟူသော နီးသောရန်သူရှိ၏။ ငါငြိး
ငွေ့သောကောင်းကင်ပညတ်ကို အာရုံပြုခြင်းကြောင့်၊ ဈာန်
အင်္ဂါ၏အားသည် နည်း၏ဟု အာကာသာနဉ္စာယတနကုသိုလ်
ဈာန်၌ အပြစ်ကိုမြင်၍၊ ထိုအာကာသာနဉ္စာယတန ကုသိုလ်
ဈာန်၌ တပ်ခြင်းကိုစွန့်၍ ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်
သည်၊ ငြိမ်သက်၏ဟု နှလုံးပြု၍ ဤဘဝ-ရှေးဘဝ အဆွတ်
သန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို
အာရုံပြု၍ " ဝိညာဏံ အနန္တံ-ဝိညာဏံ အနန္တံ " ဟု စီးဖြန်း
ဘန်များ၍ ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ရလိုလတ်
သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ပဉ္စဝေါကာရ တိဟိတ်ဘဝင်-
၉-ချ၊ အာကာသာနဉ္စ ယတနဘဝင် တချအားဖြင့် ၁၀-ချတို့
တွင် တချချသည်။ ပ။ ဘဝင်ကိစ္စ ၂ ကြိမ်ဖြစ်၍ချုပ်၏။ ဤဘဝ
ရှေးဘဝ အဆွတ်သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာ
ယတန ကုသိုလ်သည်လည်း အာသန္နတရ။ ပ။ ထင်ခြင်းသို့
ရောက်၏။ ထိုနောင် အာသန္နတရ။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်
၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍။ ဥပစာရ သမာဓိဇောကိစ္စ
ဖြစ်၍ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍။ ပ။ ဈာန်အင်္ဂါ
၂-ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကုသိုလ်စိတ်
သည်-အာဒိကမ္မိက ဖြစ်၍ တကြိမ်သော အပ္ပနာသမာဓိဇော
ကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ဘဝင်ကိစ္စဖြစ်
ထိုက်သရွေ့ဖြစ်၏။ ။

ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ် ကာမရူပ အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန သေက္ခပုဂ္ဂိုလ်သည်၊ မိမိရပြီးသော ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို သမာပဇ္ဇနဝသီ အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီ တော်တို့ဖြင့် အလေ့အလာပြု၍ ဝင်စားလိုလတ်သည်ရှိသော် မိမိပဋိသန္ဓေ။ ပ။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ချ၊ အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, ဘဝင်အားဖြင့် ၁၁-ချတို့ တွင် တခုခုသည်။ ပ။ ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ ဤဘဝ ရှေးဘဝ အဆွေဆွေသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည်လည်း။ အာသန္နတရ။ ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင်။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်။ ပ။ ဥပစာရ သမာဓိဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်။ ပ။ ဈာန် အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကုသိုလ် စိတ်သည်၊ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာ သမာဓိဇောကိစ္စများစွာဖြစ်၍ချုပ်၏။ ထိုနောင်၊ မိမိပဋိသန္ဓေ။ ပ။ ဘဝင်ကိစ္စ ဖြစ်လိုက်သရွေ့ဖြစ်၏။ ။

ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ရပြီးသောတိဟိတ် ကာမရူပ အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန သေက္ခပုဂ္ဂိုလ်သည်၊ အာကိဉ္စညာယတနကုသိုလ်ဈာန်ကို ရခြင်းငှါ အလိုရှိသည်ဖြစ်၍-ငါရသောဝိညာဏဉ္စာယတန ကုသိုလ်ဈာန်သည်အာကာသာနဉ္စာယတနဈာန်တည်းဟူသော နီးသောရန်သူရှိ၏၊ ငါငြိမ်းအေးသော ဤဘဝ-ရှေးဘဝ အဆွေဆွေ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြုခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည်နည်း၏ဟု ဝိညာဏဉ္စာယတနကုသိုလ်ဈာန်၌ အပြစ်ကိုမြင်၍ ထိုဝိညာဏဉ္စာယတန ကုသိုလ်ဈာန်၌တပ်ခြင်းကိုစွန့်၍ အာကိဉ္စညာယတန ကုသိုလ်ဈာန်သည် ငြိမ်သက်၏ဟုနှလုံးပြု၍အာကာသာနဉ္စာယတနကုသိုလ် မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို

အာရုံပြု၍ " နတ္ထိကိဉ္စိ-နတ္ထိကိဉ္စိ " ဟု စီးဖြန်းဘန်များ၍ အာကိဉ္စညာယတန ကုသိုလ်ဈာန်ကို ရလိုလတ်သည်ရှိသော်၊မိမိပဋ္ဌိသန္ဓေ။ပ။ပဋ္ဌဝေါကာရ တိဟိတ်ဘဝင် ၉-ခု၊အာကာသာနဉ္စာယတနဘဝင်၊ ဝိညာဏဉ္စာယတနဘဝင်အားဖြင့် ၁၁-ခုတို့တွင် တခုခုသည်။ ပ။ ဘဝင်ကိစ္စ ၂ ကြိမ်ဖြစ်၍ ချုပ်၏။ အာကာသာနဉ္စာယတန ကုသိုလ်၏ မရှိခြင်းတည်း ဟူသော နတ္ထိဘောပညတ်သည်လည်း၊ အာသန္နတရ။ ပ။ ထင်ခြင်းသို့ရောက်၏။ထိုနောင် အာသန္နတရ။ပ။အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်။ ပ။ ဥပစာရသမာဓိဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထိုနောင်၊ပ။ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော အာကိဉ္စညာယတန ကုသိုလ်စိတ်သည်-အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋ္ဌိသန္ဓေ။ ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

အာကိဉ္စညာယန ကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပ, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန သေက္ခပုဂ္ဂိုလ်သည်၊ မိမိရပြီးသော အာကိဉ္စညာယတနကုသိုလ်ဈာန်ကို၊သမာပဇ္ဇနဝသီ အဓိဋ္ဌာနဝသိ,ဝုဋ္ဌာနဝသီဘော်တို့ဖြင့်အလေ့အလာပြု၍ ငင်စားလိုလတ်သည်ရှိသော်၊မိမိပဋ္ဌိသန္ဓေ။ပ။ပဋ္ဌဝေါကာရ တိဟိတ်ဘဝင် ၉-ခု၊ အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတနဘဝင်အားဖြင့် ၁၂ ခုတို့တွင် တခုခုသည်၊ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။အာကာသာနဉ္စာယတနကုသိုလ်၏ မရှိခြင်းတည်း ဟူသော " နတ္ထိဘောပညတ် " သည်လည်း၊ အာသန္နတရ၊ပ။ ထင်ခြင်းသို့ရောက်၏။ ထိုနောင် အာသန္နတရ၊ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်၊ပ၊ဥပစာရသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ထိုနောင်၊ ပ။ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော အာကိဉ္စညာယတန ကုသိုလ်စိတ်သည်၊ ဘဝင် အယဉ်ကဲ့သို့

အလိုရှိသောအတိုင်း၊ အပ္ပနာသမာဓိဇောကိစ္စ များစွာဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပင့်သန္တေ။ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

အာကိဉ္စညာယတန ကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ်ကာမ,ရူပ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန,အာကိဉ္စညာယတန သေက္ခပုဂ္ဂိုလ်သည်-နေဝသညာနာသညာယတနကုသိုလ်ဈာန် ကို ရခြင်းငှါ အလိုရှိသည်ဖြစ်၍၊ ငါရသော အာကိဉ္စညာယတန ကုသိုလ်ဈာန်သည်၊ ဝိညာဏဉ္စာယတန တည်းဟူသော၊ နီးသောရန်သူရှိ၏။ ငါငြိမ်းငွေ့သောနတ္ထိဘောပညတ်ကို အာရုံပြုခြင်းကြောင့် ဈာန်အင်္ဂါ၏ အားသည်နည်း၏ဟု အာကိဉ္စညာယတနကုသိုလ်ဈာန်၌ အပြစ်ကိုမြင်၍။အာကိဉ္စညာယတနဈာန်၌ တပ်ခြင်းကိုစွန့်၍။ နေဝသညာ နာသညာယတနကုသိုလ်ဈာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍၊ ဣဘဝ-ဇေးဘဝ အစ္ဆာဒ္ဒသဇ္ဈာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်ဈာန်ကို အာရုံပြု၍ "သန္တမေတံ၊ ပဏီတမေတံ"ဟု စီးဖြန်းဘန်များ၍၊ နေဝသညာ နာသညာယတန ကုသိုလ်ဈာန်ကို ရလိုလတ်သည် ရှိသော်၊ မိမိပင့်သန္တေ။ပ။ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ချ၊ အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန,အာကိဉ္စညာယတန ဘဝင် အားဖြင့် ၁၂-ချက်တွင် တရရသည်။ပ။ဘဝင်ကိစ္စ ၂-ကြိမ် ဖြစ်၍ချုပ်၏။ ဣဘဝ-ဇေးဘဝ အစ္ဆာဒ္ဒသဇ္ဈာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်သည်လည်းအာသန္နတရ၊ပ။ထင်ခြင်းသို့ရောက်၏။ထိုနောင် အာသန္နတရ။ပ။အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ထိုနောင်။ပ။ဥပစာရသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်။ ပ။ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော နေဝသညာ နာသညာယတနကုသိုလ်စိတ်သည်-အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပင့်သန္တေ။ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

နေဝသညာ နာသညာယတန ကုသိုလ်ဈာန်ကို ရပြီးသော တိပဟိတ်ကာမ ရူပ, အရူပ သေက္ခပုဂ္ဂိုလ်သည်၊ မိမိရပြီးသော နေဝသညာ နာသညာယတန ကုသိုလ်ဈာန်ကို သမာပဇ္ဇနဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီဟော် တို့ဖြင့် အလေ့အလာပြု၍- ဝင်စားလိုသော်သည်ရှိသော်၊ မိမိ ပဋိသန္ဓေ။ ပ။ တိပဟိတ်ဘဝင် တေရသတို့တွင် တခုခုသည်။ ပ။ ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ ဤဘဝ-ရှေးဘဝ အစွဲအလျှ သန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်သည်လည်း အာသန္နတရ။ ပ။ ထင်ခြင်းသို့ ရောက်၏။ထိုနောင်။ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်။ပ။ ဥပစာရ သမာဓိဇောကိစ္စဖြစ်၍ချုပ်၏။ထိုနောင်။ပ။ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော နေဝသညာ နာသညာယတန ကုသိုလ်စိတ်သည်၊ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအကိုင်း၊ အပ္ပနာသမာဓိဇောကိစ္စများစွာဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၏။ ။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါအရူပကုသိုလ် ၄-ခု ရှိသော ဟိတ် ၃-ပါးသည်၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။အရူပကုသိုလ်ပြီး၏။ ။

---

အရူပါဝစရဝိပါက်ပစ္စည်းတပ်ဟန်။

အရူပဝိပါက်လေးခု၌ ရှိသောဟိတ် ၃-ပါးသည်၊ အရူပ ၄-ဘုံ၌သာ ပဋိသန္ဓေပဝတ္တိအခါ သမ္ပယုတ္တခန္ဓာအားသာ-ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။

ပစ္စည်းတပ်ဟန်ကား၊အရူပ ၄-ဘုံမှ ရတေ၍ အရူပ ၄-ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ,ကာမ

သုဂတိ ၇-ဘုံမှ စုတေ၍ အရူပ ၄-ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ, ဝေဟပ္ဖိုလ်ဘိုင်အောင်သော ရူပါဝစရ ၁၀-ဘုံမှ စုတေ၍ အရူပ ၄-ဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ အားဖြင့် ၃-ပါး အပြားရှိ၏။ ထိုတွင် အရူပ လေးဘုံမှ စုတေ၍။ ပ။ ဝိသယပဝတ္တိသည်လည်း ဓောနောင်ရတိ, ဓောနောင်ဘဝင် ဘဝင်နောင်ရတိ အားဖြင့် ၂-ပါးအပြားရှိ၏။ ထိုတွင်-ဓောနောင်စုတိဖြစ်ဟန်ကား။ အရူပ ၄-ဘုံ၌ ထင်ရှားရှိသောဘဝမှ ရွေ့လျောသော အားဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးရတိကျ၍ အရူပ ၄-ဘုံ၌ ပဋိသန္ဓေနေလိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ အရူပဘဝင် ၄-ခုတို့တွင် တခုခုသည်၊ မိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ပညတ်မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်စလန,ဘဝုပစ္ဆေဒ-ဟု ဘဝင်ကစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။ ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ အစွမ်းကြောင့် ထင်သော ပညတ်မဟဂ္ဂုတ် ကမ္မနိမိတ်သည်လည်း၊ အာသန္န ဟာရ။ ပ။ ထင်ခြင်းသို့ရောက်၏။ ထိုနောင်။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်။ ပ။ မဟာကုသိုလ်စိတ် ၈-ခုတို့တွင် တခုခုသည်၊ မရဏာသန္နဇောကိစ္စ ၅-ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ အရူပစုတိ ၄-ခုတို့တွင် တခုခုသည်။ ပ။ စုတိကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် အဝိဇ္ဇာနုသယ။ ပ။ အရူပကုသိုလ်စေတနာတည်း ဟူသော ဇနကကံသည် ဖြစ်စေအပ်သော။ ပ။ အရူပဝိပါက် ၄ ခုတို့တွင် တခုခုသည်၊ ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ အစွမ်းကြောင့် ထင်သော မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ပညတ်မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေသစ်နှင့် ဘူမိ, ဇာတိ။ ပ။ အရူပဘဝင် ၄-ခုတို့တွင် တခုခုသည်။ ပ။ ဘဝင်ကိစ္စ ၁၅-ကြိမ်ငင်း၊ ၁၆-ကြိမ်ငင်းဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေနာမက္ခန္ဓာ

ဟု ဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ ဆင်ခြင်ဘတ်သော။ ပ။အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်။ပ၊လောဘဇောကိစ္စ ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သသောအခါ၊ အရူပဝိပါက် ၄-ခုန္ဒရှိသောဟိတ် ၃-ပါးသည် အရူပ ၄-ဘုံ၌သာ ပဋိသန္ဓေ ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာအားသာ-ဟောဘုသဇ္ဇိဖြင့် ကျေး ဇူးပြုပေ၏။ ။ဇောနောင်ဘဝင်-ဘဝင်နောင်ဗုဘ်မှာ ဇော နောင်ဘဝင်တကြိမ်သာချလေ။ ။

ကာမသုဂတိ ၇-ဘုံမှဗုတေ၍။ပ။ဝိသယပဝတ္တိသည်လည်း ဇောနောင် ဗုဘ် ဇောနောင်ဘဝင် ဘဝင်နောင်ဗုဘ်အားဖြင့် ၂-ပါး အပြားရှိ၏။ ထိုတွင်- ဇောနောင်ဗုဘ်ဖြစ်ဟန်ကား။ ကာမသုဂတိ ၇-ဘုံ၌ ထင်ရှားရှိသော။ ပ။ အရူပ ၄-ဘုံ၌ ပဋိသန္ဓေ နေလိုသတ်သည့်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ကာမ တိဟိတ်ဘဝင် ၄-ခုတို့တွင် တခုခုသည်၊ မိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ, ကမ္မနိမိတ် ဂတိနိမိတ်။ ပ။ ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေဘတ် သော ကံ၏ အစွမ်းကြောင့် ထင်သော ပညတ်မဟဂ္ဂုတ် ကမ္မနိမိတ်သည်လည်း။ပ။ထင်ခြင်းသို့ရောက်၏။ ထိုနောင်။ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ထိုနောင်။ ပ။ မရဏာသန္နဇော ကိစ္စ ၅-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ကာမ တိဟိတ် ဗုဘ် ၄-ခုတို့တွင် တခုခုသည်။ ပ။ ဗုဘ်ကိစ္စဖြစ်၍ ချုပ်၏။ထိုနောင် အဝိဇ္ဇာနုသယ။ပ။အရူပကုသိုလ်စေတနာ။ ပ။အရူပဝိပါက် ၄-ခုတို့တွင် တခုခုသည်။ဘဝသစ်၌။ပ။ပဋိ သန္ဓေကို ဖြစ်စေဘတ်သော ကံ၏ အစွမ်းကြောင့် ထင်သော မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ပညတ် မဟဂ္ဂုတ် ကမ္မနိမိတ်ကိုအာရုံပြု၍ ပဋိသန္ဓေကိစ္စဖြစ်၍ ချုပ် ၏။ထိုနောင် မိမိပဋိသန္ဓေသစ်။ပ။ ဘဝင်ကိစ္စ ၁၅-ကြိမ်ရင်း၊

၁၆-ကြိမ်ငင်းဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေနာမက္ခန္ဓာ ဟု ဆိုအပ်သော ဘဝသစ်ကိုအာရုံပြု၍ ဆင်ခြင်တတ်သော။ ပ။ အာဂန္တုန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်။ ပ။ ဘဝနိကန္တိလောဘ ဘဇောကိစ္စ ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ သစ်။ ပ၊ ဘဝင်ကိစ္စ ဖြစ်ထိုက်သည့်ရှေ့ဖြစ်၏။ ။

ဤသို့ အစရှိသည့်ဖြင့် ဖြစ်သောအခါ၊ အရူပဝိပါက် ၄-ခု၌ ရှိသော ဟိတ်သုံးပါးသည်၊ အရူပ ၄-ဘုံ၌သာပဋိသန္ဓေပဝတ္တိ အခါ သမ္ပယုတ္တခန္ဓာအားသာ- ဟေတုသတ္တိဖြင့် ကျေးဇူးပြု ပေ၏။ ။ဇောနောင် ဘဝင် ဘဝင်နောင်စုတိမှာ-ဇောနောင် ဘဝင်တကြိမ်ချလေ၊ ။

ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံမှစုတေ၍၊ ပ။ ဝိသယပဝတ္တိသည်လည်း။ ဇောနောင်စုတိ, ဇောနောင် ဘဝင် ဘဝင်နောင်စုတိ-အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်- ဇောနောင်စုတိ ဖြစ်ဟန်ကား။ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၌။ ပ။ အရူပ ၄-ဘုံ၌ ပဋိသန္ဓေ နေလိုလတ် သည့်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ အရူပဘဝင် ၄-ခုတို့တွင် တခု ခုသည်၊ ပထဝီကသိုဏ်း အစရှိသော ပညတ်ကမ္မနိမိတ်။ ပ။ ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ဘဝသစ်၌ ပဋိသန္ဓေ။ ပ။ ပညတ်မဟဂ္ဂုတ် ကမ္မနိမိတ် သည်လည်း။ ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင် ဘဝင်။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်။ ပ။ မရဏာသန္နဇောကိစ္စ ငါးကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ရူပစုတိ ၅-ခုတို့တွင် တခုခုသည်။ ပ။ စုတိကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် အဝိဇ္ဇာနုသယ။ ပ။ သင်္ခါရ ဟု ဆိုအပ်သော အရူပကုသိုလ် စေတနာတည်း ဟူသော ဇနကကံသည်ဖြစ်စေအပ်သော။ ပ။ အရူပဝိပါက် ၄-ခုတို့တွင် တခုခုသည်၊ ဘဝသစ်၌ပဋိသန္ဓေ။ ပ။ ပညတ်မဟဂ္ဂုတ်ကမ္မ နိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် မိမိ ပဋိသန္ဓေသစ်၊ ပ။ ဘဝင်ကိစ္စ ၁၅-ကြိမ်ငင်း၊ ၁၆-ကြိမ်ငင်း

ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ နာမက္ခန္ဓာဟု ဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝနိကန္တိလောဘဇောကိစ္စ ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေသစ်။ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သန္တေဖြစ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ အရူပဝိပါက် ၄-ခုနှ ရှိသော ဟိတ် ၃-ပါးသည်၊ အရူပ ၄ ဘုံ၌သာ ပဋိသန္ဓေ ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာအားသာ- ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ဇောနောင် ဘဝင်-ဘဝင်နောင်ဇုတိမှာ ဇောနောင်ဘဝင်တကြိမ်ချလေ။မထူးပြီ။ ။အရူပဝိပါက်ပြီး၏၊ ။

---

## အရူပါဝစရကြိယာပစ္စည်းတပ်ဟန်။

အရူပကြိယာ ၄-ခုနှ ရှိသောဟိတ် ၃ ပါးသည် အပါယ်ကြည်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာအားသာ- ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

**ပစ္စည်းတပ်ဟန်ကား။** ရူပါဝစရကြိယာ ပဥ္စမဈာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပရဟန္တာပုဂ္ဂိုလ်သည်၊ရူပါဝစရကြိယာ ပဥ္စမဈာန်မှ ထ၍ ငါရသော ရူပါဝစရကြိယာ ပဥ္စမဈာန်သည်၊ သုခတည်း ဟူသော နိုးသောရန်သူရှိ၏။ ငါ ငြိးငွေ့သောကသိုဏ်းရုပ်ကို အာရုံပြုခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည် နည်း၏ဟု ပဥ္စမဈာန်၌ အပြစ်ကိုမြင်၍၊ထိုရူပါဝစရကြိယာပဥ္စမဈာန်၌ တပ်ခြင်းကို စွန့်၍ အာကာသာနဉ္စာယတနဈာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍၊ အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း ၉-ပါးတို့တွင်

တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍၊ "အာကာသော အနန္တော၊ အာကာသော အနန္တော" ဟု အဘန်တလဲလဲ စီးဖြန်းဘန်များ၍ အာကာသာနဉ္စာယတန ကြိယာဈာန်ကို ရလိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ပ။ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုတို့တွင် တခုခုသည်။ပ။ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော။ပ။ကောင်းကင်ပညတ်သည်လည်း။ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင်။ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်။ ပ။ မဟာကြိယာ တိဟိတ်တို့တွင် တခုခုသည်။ပ။ ဥပစာရသမာဓိဇောကိစ္စ ဖြစ်၍ချုပ်၏။ ထိုနောင်။ ပ။ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော အာကာသာနဉ္စာယတန ကြိယာစိတ်သည် အာဒိကမ္မိက ဖြစ်၍၊ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

အာကာသာနဉ္စာယတနကြိယာဈာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပ, အာကာသာနဉ္စာယတန ရဟန္တာပုဂ္ဂိုလ်သည်၊ မိမိ ရပြီးသော အာကာသာနဉ္စာယတန ကြိယာဈာန်ကို သမာပဇ္ဇနဝသီ။ပ။ဝင်စားလိုလတ်သည်ရှိသော်၊ မိမိ ပဋိသန္ဓေ။ပ။ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခု၊ အာကာသာနဉ္စာယတနဘဝင် တခုအားဖြင့် ၁၀-ခုတို့တွင် တခုခုသည်။ ပ။ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ အာကာသကသိုဏ်းသည် ကြဉ်အပ်သော။ပ။ကောင်းကင်ပညတ်သည်လည်း။ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင်။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်။ပ။ ဥပစာရသမာဓိဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်။ပ။ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာသမာဓိဇောကိစ္စ များစွာဖြစ်၍ချုပ်၏။ထိုနောင်မိမိပဋိသန္ဓေ။ ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဝိညာဏဉ္စာယတန,

အာကိဉ္စညာယတန, နေဝသညာ နာသညာယတန ဈာန်မှာ ကုသိုလ်ကို နည်းမှီ၍ ဆိုလေ။ ရဟန္တာပုဂ္ဂိုလ်မှာ ကြိယာ ဆန့်ရုံမျှသာထူးသည်။ ။အရူပ ကြိယာပြီး၏။ ။

---

## သောကုဒ္ဓုရာပစ္စည်းတင်ဟန်။

သောတာပတ္တိမဂ်၌ ရှိသောဟိတ် ၃-ပါးသည်၊ ကာမ သုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၌သာ သမ္ပယုတ္တခန္ဓာ. သဟိတ်စိတ္တဇ ရုပ်တို့အား- ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏၊ သောတာပတ္တိဖိုလ်၌ ရှိ သော ဟိတ် ၃ ပါးသည် ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၌ ဖြစ်သော အခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား၊ စတုဝေါကာရ ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာအားသာ- ဟေတုသတ္တိ ဖြင့် ကျေးဇူးပြုပေ၏။ ။

**ပစ္စည်းတင်ဟန်ကား။** လောကီစိတ်ကောသိတ်၊ စေတ သိက်နှေပညာသ၊ ရုပ်အဋ္ဌဝိသ-ဟု ဆိုအပ်သော တေဘူမက သင်္ခါရတို့တွင် တပါးပါးကို မှတ်သားနှလုံးသွင်း၍ ကုန်ခြင်း သို့ရောက်တတ်သော သဘောကြောင့် အမြဲမရှိသောအားဖြင့် အနိစ္စမည်၏။ဖြစ်ခြင်း,ရင့်ခြင်း,ပျက်ခြင်း သင်္ခတသည် နှိပ်စက် အပ်သည်ဖြစ်၍၊ ဘေးဟူသော အကြောင်းကြောင့် ဆင်းရဲ သောအားဖြင့် ဒုက္ခမည်၏။ အလိုသို့မလိုက် အစိုးမရသည် ဖြစ်၍၊ အတ္တဟု ဆိုအပ်သော အနှစ်သာရ၏ မရှိခြင်းကြောင့် ကိုယ်မဟုတ်သောအားဖြင့် အနတ္တ မည်၏ဟု အနိစ္စ, ဒုက္ခ, အနတ္တ-ဟည်း ဟူသော လက္ခဏာရေး ၃-ပါးကို ရှုလျက် "သင်္ခါရာ အနိစ္စာ" ဟူ၍ငင်း၊ "သင်္ခါရာ ဒုက္ခာ" ဟူ၍ငင်း၊ "သဗ္ဗေဓမ္မာ အနတ္တာ"ဟူ၍ငင်း။အဖန်တလဲလဲအမြဲ

ပိုက်ကြိုး၌လုံးသွင်းသောအားဖြင့် စီးဖြန်းဘန်များ၍၊ သောတာပတ္တိမဂ်,သောတာပတ္တိဖိုလ်ကို ရလိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ပ။ပဋ္ဌဝေါကာရ တိဟိတ်ဘဝင် ၉-ခုတို့တွင် တခုခုသည်။ပ။ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ဇောဘူမက သင်္ခါရတို့တွင် တပါးပါးသည်လည်း။ပ။ထင်ခြင်သို့ ရောက်၏။ ထိုနောင်။ပ။ အာဝဇ္ဇနကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်။ ပ။ မဟာကုသိုလ်ပဌမဒွေတို့တွင်၊တခုခုသည်၊ ပုဂ္ဂိုလ်သည် မန္ဒပညာဖြစ်အံ့၊ပရိကံ, ဥပစာ, အနုလုံ-ဟု ၃-ကြိမ်၊တိက္ခပညာ ဖြစ်အံ့၊ဥပစာ, အနုလုံ-ဟု နှစ်ကြိမ်။ ဝုဋ္ဌာနဂါမိနီဝိပဿနာဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် နိဗ္ဗာန်ကိုအာရုံပြု၍။ပ။မဟာကုသိုလ်ပဌမဒွေတို့တွင် တခုခုသည်၊ ဂေါတြဘူကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ထိုနိဗ္ဗာန်ကို အာရုံပြု၍ လျင်စွာသိတတ်သော ပဉ္စဒ်, ဋ္ဌိ, ဘင် နှင့် ပြည့်စုံသော တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ် မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ် မြောက်။ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပဌမဈာန်သည်၎င်း၊ ဈာန်အင်္ဂါ ၄-ပါး၊ ၃-ပါး၊ နှစ်ပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်သည်၎င်း၊ ဂေါတြဘူသည်၊ မဟာကုသိုလ် တတိယဒွေတို့တွင် တခုခုဖြစ်၍ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပဉ္စမဈာန်သည်လည်းကောင်း။ ။

တနည်းကား။ ။ထိုနောင် မဟာကုသိုလ်ပဌမဒွေ, တတိယဒွေတို့တွင် တခုခုသည်၊ ပုဂ္ဂိုလ်သည်၊ မန္ဒပညာဖြစ်အံ့၊ ပရိကံ, ဥပစာ, အနုလုံ-ဟု ၃-ကြိမ်၊ တိက္ခပညာဖြစ်အံ့၊ ဥပစာ, အနုလုံ-ဟု နှစ်ကြိမ်။ ဝုဋ္ဌာန ဂါမိနီဝိပဿနာဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် နိဗ္ဗာန်ကို အာရုံပြု၍။ ပ။ မဟာကုသိုလ်ပဌမဒွေ, တတိယဒွေတို့တွင် တခုခုသည်၊ ဂေါတြဘူကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ဂေါတြဘူသည် မဟာကုသိုလ်

ပဌမဒွေတို့တွင် တခုခုဖြစ်အံ့၊ ထိုအာရုံကို အာရုံပြု၍ လျင်စွာ သိဘတ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော တိက္ခပညာ ပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်၊မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ် မြောက်၊ ဈာန်အင်္ဂါ ၅-ပါး၊ ၄-ပါး၊ ၃-ပါး၊ နှစ်ပါးနှင့်ပြည့်စုံ သော သောတာပတ္တိမဂ် ပဌမဈာန်, ဒုတိယဈာန်, တတိယ ဈာန်, စတုတ္ထဈာန်သည်၎င်း။ဂေါတြဘူသည် မဟာကုသိုလ် တတိယဒွေတို့တွင် တခုခုဖြစ်အံ့၊ ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့် စုံသော သောတာပတ္တိမဂ် ပဥ္စမဈာန်သည်၎င်း၊ (နောက် နောက် ဝိထိများကိုလည်း ဤနည်းကို မှီ၍ပြင်ဆိုပါလေ)။

ပါဒကဈာန်, သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယ၏ အစွမ်း ဖြစ်သော ဈာနနိယမအားဖြင့်၎င်း။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟု ဆိုအပ်သော ဝိပဿနာနိယမအားဖြင့်၎င်း တျ၍ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကိုပယ် ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွား စေခြင်း-ဤမဂ်ကိစ္စလေးပါးကို တပြိုင်နက် ပြီးစေလျက်၊ မဂ် ကိစ္စဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ချုပ်၏။

ထိုနောင် ထိုနိဗ္ဗာန်ကို အာရုံပြု၍ လျင်စွာသိဘတ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော နာနက္ခဏိကကမ္မဗလဝတာရ ဖြစ်သော သောတာပတ္တိမဂ်စေတနာသည်၊ ဖြစ်စေအပ်သော မဂ်စိတ်နှင့် ဈာန်အင်္ဂါ အစရှိသော အားဖြင့် တူသော၊ သော တာပတ္တိဖိုလ်စိတ်သည်၊ တိက္ခပညာ ပုဂ္ဂိုလ်အား ၃-ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်အား နှစ်ကြိမ်၊ အပ္ပနာသမာဓိဇောကိစ္စဖြစ် ၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ၊ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သ ချွေဖြစ်၏။ ။

(ရှေးမှုဟောင်း၌။ ထိုနောင်နိဗ္ဗာန်ကို။ ပ။ မဟာ ကုသိုလ်ပဌမ ဒွေတို့တွင် တခုသည်၊ ဂေါတြဘူကိစ္စ

ဖြစ်၍ချုပ်၏ဟု၊ မဟာကုသိုလ် ပဌမဒွေကိုသာ ဆို
တော်မူ၏။ တတိယဒွေကို ဆိုတော်မမူ။ နောက် မဟာ
ကုသိုလ် တတိယ ဒွေတို့တွင် တခုခုဖြစ်၍ ဟူသော
စကားနှင့် ဆန့်ကျင်ရကား။ သင့်အံ့မထင်။ မထင်သော
ကြောင့်၊ တနည်းကားကိုနှလုံးသွင်းတော်မူကြပါ။)

သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရပြီးသော
ကာမ, ရူပ, အရူပ သောတာပန်ပုဂ္ဂိုလ်သည်၊ မိမိရပြီးသော
သောတာပတ္တိဖိုလ်ကို သမာပဇ္ဇနဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာန
ဝသီတော်တို့ဖြင့် အလေ့အလာပြု၍ ဝင်းစားလိုသော်သည်ဖြစ်
သော်၊ မိမိပင့်သည်။ ပ။ တိဟိတ်ဘဝင် တရသတို့တွင်
တခုခုသည်၊ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ
၂-ကြိမ်ဖြစ်၍ချုပ်၏။ တော့မကာ သင်္ခါရတို့တွင် တပါးပါး
သည်လည်း အာသန္နတရဖြစ်၍ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ
အား ထင်ခြင်းသို့ရောက်၏။ ထိုနောင် အာသန္နတရ။ ပ။ ထင်
ခြင်းသို့ ရောက်သော ထိုအာရုံကို အာရုံပြု၍ ဆင်ခြင်တတ်
သော ဥပေက္ခာ, ဉာဏ်, ဘင်-နှင့် ပြည့်စုံသော မနောဒွါရာဝဇ္ဇန်း
စိတ်သည် အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်။ ပ။ မဟာ
ကုသိုလ် ပဌမဒွေတို့တွင် တခုခုသည်၊ ပုဂ္ဂိုလ်သည် မန္ဒပညာ
ဖြစ်အံ့။ "အနုလုံ, အနုလုံ"ဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့။
"အနုလုံ, အနုလုံ"ဟု ၃-ကြိမ်၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော
ကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ထိုနိဗ္ဗာန်ကို အာရုံပြု၍ လျင်စွာ
သိတတ်သော ဥပေက္ခာ, ဉာဏ်, ဘင်-နှင့် ပြည့်စုံသော တိက္ခပညာ
ပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်
မြောက်၊ ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော သောတာပတ္တိ
ဖိုလ် ပဌမဈာန်သည်ဝင်း၊ ဈာန်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော
သောတာပတ္တိဖိုလ် ဒုတိယဈာန်သည်ဝင်း၊ ဈာန်အင်္ဂါ ၃-ပါး
နှင့် ပြည့်စုံသော သောတာပတ္တိဖိုလ် တတိယဈာန်သည်ဝင်း။

ဈာန်အင်္ဂါ ၂-ပါးနှင့်ပြည့်စုံသော သောတာပတ္တိဖိုလ် စတုတ္ထ
ဈာန်သည်ဂင်း၊ အနုလုံသည် မဟာကုသိုလ် တဘိယအွေတို့
တွင် တခုခုဖြစ်၍ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော သော
တာပတ္တိဖိုလ် ပဥ္စမဈာန်သည်ဂင်း၊ ဘဝင်အယဉ်ကဲ့သို့၊ အလို
ရှိသောအတိုင်း အပ္ပနာသမာဓိဇောကိစ္စ များစွာဖြစ်၍ချုပ်၏။
ထိုနောင် မိမိပဋိသန္ဓေ။ပ။ ဘဝင်ကိစ္စ ဖြစ်သိုက်သရွေ့ဖြစ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ သောတာပတ္တိမဂ်၌
ရှိသော ဟိတ် ၃-ပါးသည်၊ကာမသုဂတိ။။ပ။သမ္ပယုတ္တခန္ဓာ,
သဟိတ် စိတ္တဇရုပ်တို့အား၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ
၏။ သောတာပတ္တိဖိုလ်၌ရှိသော ဟိတ် ၃ ပါးသည်၊ ကာမ
သုဂတိ။ပ။သမ္ပယုတ္တခန္ဓာအားသာ-ဟေတုသတ္တိဖြင့်ကျေးဇူး
ပြုပေ၏။ ။သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်၌ ရှိသော
ဟိတ် ၃-ပါးသည်၊ ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ် တိုင်
အောင်သော ရူပါဝစရ ၁၀ ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တ
ခန္ဓာ, သဟိတ် စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ဖြစ်
သောအခါ သမ္ပယုတ္တခန္ဓာအားသာ- ဟေတုသတ္တိဖြင့် ကျေး
ဇူးပြုပေ၏။ ။

ပစ္စည်းဘင်္ဂဟာနိကား။သောတာပတ္တိမဂ်, သောတာပတ္တိ
ဖိုလ်ကို ရပြီးသော ကာမ, ရူပ, အရူပ, သောတာပန်ပုဂ္ဂိုလ်
သည်၊ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်-ကို ရခြင်းငှါ
အလိုရှိသည်ဖြစ်၍ လောကီစိတ်ဇောဘာသိဘိ။ပ။အဖန်ဘလဲလဲ၊
အမြဲပိုက်ကြိုး နှလုံးသွင်းသော အားဖြင့် စီးဖြန်းဘန်များ၍
သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်ကို ရလိုလတ်သည် ရှိ
သော်၊မိမိပဋိသန္ဓေ။ပ။တိဟိတ်ဘဝင်တောရသတို့တွင် တခုခု
သည်။ပ။ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်ကိစ္စ ၂-ကြိမ်
ဖြစ်၍ချုပ်၏။ ဘောဇ္ဈမကာသဝ်ါရ၊ ပ။ ထင်ခြင်းသို့ရောက်၏။
ထိုနောင် အာသန္နတရ။ပ။ထင်ခြင်းသို့ရောက်သော ထိုအာရုံ
ကို အာရုံပြု၍ ဆင်ခြင်တတ်သော ဥပါဒ်, ဌီ,ဘင်-နှင့် ပြည့်စုံ

သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ ဖြစ်၍ချုပ်၏။ ထိုနောင် ထိုအာရုံကို။ ပ။ မဟာကုသိုလ်ပဌမဒွေတို့တွင် တခုခုသည်၊ ပုဂ္ဂိုလ်သည် မန္ဒပညာဖြစ်အံ့။ ပရိကံ, ဥပစာ, အနုလုံဟု ၃-ကြိမ်။ တိက္ခပညာဖြစ်အံ့၊ ဥပစာ, အနုလုံဟု ၂ ကြိမ်။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် နိဗ္ဗာန်ကိုအာရုံပြု၍ လျင်စွာသိဘတ်သော။ပ မဟာကုသိုလ် ပဌမဒွေတို့တွင် တခုခုသည်၊ ဝေါဒါန်ကိစ္စဖြစ်၍ချုပ်၏။ထိုနောင် ထိုနိဗ္ဗာန်ကို အာရုံပြု၍။ ပ။ တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက် ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော သကဒါဂါမိမဂ် ပဌမဈာန်သည်ဥင်း။ဈာန်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော သကဒါဂါမိမဂ် ဒုတိယဈာန်သည်ဥင်း။ဈာန်အင်္ဂါ ၃ ပါးနှင့် ပြည့်စုံသော သကဒါဂါမိမဂ်၊ တတိယဈာန်သည်ဥင်း။ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော သကဒါဂါမိမဂ်၊ စတုတ္ထဈာန်သည်ဥင်း။ဝေါဒါန်သည် မဟာကုသိုလ် တတိယဒွေတို့တွင် တခုဖြစ်၍၊ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော သကဒါဂါမိမဂ် ပဥ္စမဈာန်စိတ်သည်ဥင်း။ ပါဒကဈာန်, သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယ၏။ပ။ ဤကိစ္စ ၄-ပါးတို့ကို တပြိုင်နက် ပြီးစေလျက်။မဂ်ကိစ္စဖြစ်၍တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ထိုနိဗ္ဗာန်ကိုအာရုံပြု၍ လျင်စွာသိဘတ်သော ဥပါဒ်, ဋ္ဌီ, ဘင် နှင့် ပြည့်စုံသော နာနက္ခဏိက ကမ္မဗလဝတာရဖြစ်သော သကဒါဂါမိမဂ် စေတနာသည် ဖြစ်စေအပ်သော မဂ်စိတ်နှင့် ဈာန်အင်္ဂါ အစရှိသော အားဖြင့် တူသော သကဒါဂါမိဖိုလ်စိတ်သည်၊ တိက္ခပညာပုဂ္ဂိုလ်အား ၃-ကြိမ်၊မန္ဒပညာပုဂ္ဂိုလ်အား ၂-ကြိမ်၊ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်ကို ရပြီးသော ကာမ, ရူပ, အရူပ သကဒါဂါမိပုဂ္ဂိုလ်သည်၊မိမိရပြီးသော သကဒါဂါမိဖိုလ်ကို သမာပဇ္ဇနဝသိ။ ပ။ ငင်ခြားလိုသော်သည်ရှိသော်၊မိမိပဋိသန္ဓေ။ပ။ဘဝင်စလန,ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏၊တော့ဘူမကသခါရ။ ပ။ ထင်ခြင်းသို့ရောက်၏။ ထိုနောင် အာသန္နတရ။ ပ။ ဆင်ခြင်တတ်သော ဥပါဒ်, ဌီ,ဘင်-နှင့် ပြည့်စုံသော မနောဒွါရာဝဇ္ဇန်းစိတ်သည်၊ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ထိုနောင် ထိုအာရုံကို အာရုံပြု၍။ ပ။ဝုဋ္ဌာနဂါမိနိဝိပဿနာဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ထိုနိဗ္ဗာန်ကို အာရုံပြု၍။ ပ။ ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော သကဒါဂါမိဖိုလ် ပဌမဈာန်သည်ရင်း။ပ။အနုလုံသည့် မဟာကုသိုလ် တတိယဒွေတို့တွင် တခုခုဖြစ်၍၊ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော သကဒါဂါမိဖိုလ်ပဥ္စမဈာန်သည်ရင်း။ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း၊ အပ္ပနာသမာဓိဇောကိစ္စများစွာ ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ဘဝင်ကိစ္စဖြစ်ထိုက်သန္တေဖြစ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်၌ရှိသော ဟိတ် ၃-ပါးသည်၊ ကာမသုဂတိ။ ပ။သမ္ပယုတ္တခန္ဓာအားသာ- ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။အနာဂါမိမဂ်၌ရှိသော ဟိတ် ၃-ပါးသည်၊ ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပါဝစရ ၁၀ ဘုံ၌ဖြစ်သော အခါ၊ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ ဖြစ်သောအခါ၊ သမ္ပယုတ္တခန္ဓာ အားသာ-ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။အနာဂါမိဖိုလ်၌ရှိသော ဟိတ် ၃ ပါးသည်၊အပါယ်ကြဉ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ,သဟိတ်စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာအားသာ- ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းအဘိဓာန်အား။ သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်ကို ရပြီးသော ကာမ, ရူပ, အရူပ, သကဒါဂါမိပုဂ္ဂိုလ်သည်၊ အနာဂါမိမဂ်, အနာဂါမိဖိုလ်ကို ရခြင်းငှါ အလိုရှိသည် ဖြစ်၍ လောကီစိတ် ကောသိတိ။ ပ။ အနာဂါမိမဂ်, အနာဂါမိဖိုလ်ကို ရလိုလတ်သည် ရှိသော်၊ မိမိပစ္စုပ္ပန်သန္တာန်ပ။ အထက်မဂ္ဂဝီထိကို နည်းမှီ၍ချလေ။ ။အနာဂါမိမဂ်, အနာဂါမိဖိုလ် ဆိုရုံမျှသာ ထူးတော့သည်။

အနာဂါမိမဂ် အနာဂါမိဖိုလ်ကို ရပြီးသောကာမ, ရူပ, အရူပ အနာဂါမိပုဂ္ဂိုလ်သည်၊ မိမိ ရပြီးသော အနာဂါမိဖိုလ်ကို သမာပဇ္ဇန။ ပ။ ဝင်စားလိုလတ်သည်ရှိသော်၊ ပစ္စုပ္ပန်သန္တာန်။ ပ။ အထက်ဖလသမာပတ္တိဝီထိကို နည်းမှီ၍ချလေ။ အနာဂါမိဖိုလ်ဆိုရုံမျှသာ ထူးတော့သည်။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ ပ၊ အပါယ်ကြည်သော။ ပ။ သမ္ပယုတ္တခန္ဓာအားသာ-ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။အရဟတ္တမဂ်, အရဟတ္တဖိုလ်၌ ရှိသောဟိတ် ၃ ပါးသည် အပါယ်ကြည်သော ပစ္စဝေက္ခဏာဇောတို့၌ဖြစ်သော အခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာအားသာ-ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းအဘိဓာန်အား။ အနာဂါမိမဂ်, အနာဂါမိဖိုလ်ကို ရပြီးသော ကာမ, ရူပ, အရူပ, အနာဂါမိပုဂ္ဂိုလ်သည်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရခြင်းငှါ အလိုရှိသည်ဖြစ်၍ လောကီစိတ် ကောသိတိ။ ပ။ ဝီးဖြန်း ကန်များ၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရလိုလတ်သည် ရှိသော် မိမိပစ္စုပ္ပန်သန္တာန်၊ ပ။ ကာဝင်စလန, ဘဝင်ဂ္ဂနန္တဒ ကို ဘဝင်ကို ၂-ကြိမ်ဖြစ်၍ချုပ်၏။ ကောဘူမကသင်္ခါရတို့တွင် တပါးပါးသည်လည်း။ အာသန္န၊ ပ၊ ထင်ခြင်းသို့ရောက်၏။ ထိုနောင် အာသန္နာတရ၊ ပ၊ ထင်ခြင်း

သို့ ရောက်သော ထိုအာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော။ ပ။အာဝဇ္ဇန်းကိစ္စ ဖြစ်၍ချုပ်၏။ ထိုနောင်။ပ။ မဟာကုသိုလ် ပဌမဇော့တို့တွင် တခုခုသည်။(ပါဠိတော်နည်းအားဖြင့် ပုဂ္ဂိုလ်သည် မန္ဒပညာဖြစ်အံ့။ "ပရိကံ-ပရိကံ" ဟု ၄-ကြိမ်။တိက္ခပညာဖြစ်အံ့၊ "ပရိကံ-ပရိကံ" ဟု ၃-ကြိမ်၊)အဋ္ဌကထာနည်းအားဖြင့် ပုဂ္ဂိုလ်သည် မန္ဒပညာဖြစ်အံ့၊ပရိကံ,ဥပစာ,အနုလုံ-ဟု ၃-ကြိမ်၊တိက္ခပညာဖြစ်အံ့၊ ဥပစာ အနုလုံ ဟု ၂-ကြိမ်။ ပဋ္ဌာနဂါမိနီဝိပဿနာဇောကိစ္စ ဖြစ်၍ချုပ်၏။ ထိုနောင် ထို နိဗ္ဗာန်ကို အာရုံပြု၍လျှင်စွာသိတတ်သော ဥပါဒ်,ဌီ, ဘင်-နှင့် ပြည့်စုံသော မဟာကုသိုလ် ပဌမဇော့တို့တွင် တခုခုသည်၊ ဝေါဒါန်ကိစ္စ ဖြစ်၍ချုပ်၏။ ထိုနောင် ထိုနိဗ္ဗာန်ကို အာရုံပြု၍ လျှင်စွာ သိတတ်သောဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော တိက္ခပညာပုဂ္ဂိုလ်အား ၄ ကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက်၊ ဈာန်အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသော အရဟတ္တမဂ် ပဌမဈာန်သည်၎င်း။ပ။ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော အရဟတ္တမဂ် စတုတ္ထဈာန်သည်၎င်း။ ဝေါဒါန်သည် မဟာကုသိုလ် တဘိယဇော့တို့တွင် တခုခုဖြစ်၍ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော အရဟတ္တမဂ် ပဉ္စမဈာန်သည်၎င်း၊ ပါဒကဈာန်, သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယ၏ အစွမ်းဖြင့် ဖြစ်သော ဈာနနိယမ အားဖြင့်၎င်း။ ပရိကံ, ဥပစာ, အနုလုံ, ဝေါဒါန် ဟု ဆိုအပ်သောဝိပဿနာ နိယမအားဖြင့်၎င်းတူ၍ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ ပ။ မဂ္ဂသစ္စာကို ပွားစေခြင်း၊ ဤကိစ္စ ၄-ပါးကို တပြိုင်နက် ပြီးစေလျက်၊ မဂ်ကိစ္စဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ထိုနိဗ္ဗာန်ကို အာရုံပြု၍ လျှင်စွာသိတတ်သော ဥပါဒ်, ဌီ,ဘင်-နှင့် ပြည့်စုံသော နာနက္ခဏိက ကမ္မပစ္စယတရ ဖြစ်သော အရဟတ္တမဂ် စေတနာသည် ဖြစ်စေအပ်သော မဂ်စိတ်နှင့် ဈာန်အင်္ဂါ အစရှိသော အားဖြင့်တူသော အရဟတ္တဖိုလ်စိတ်

သည့် မန္ဒပညာပုဂ္ဂိုလ်အား ၃ ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်အား ၂-ကြိမ်၊ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏၊ ထိုနောင် မိမိပဋိသန္ဓေ၊ပ။ တိဟိတ်ဘဝင်စေတသိတ္တို့တွင် တခုခုသည်၊ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရပြီးသော ကာမ, ရူပ, အရူပ, ရဟန္တာပုဂ္ဂိုလ်သည်၊ မိမိ ရပြီးသော အရဟတ္တဖိုလ်ကို သမာပဇ္ဇနဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီဘော်တို့ဖြင့် အလေ့အလာပြု၍ ဝင်စားနိုင်သောသည် ဖြစ်သော်၊ မိမိပဋိသန္ဓေ၊ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်ကိစ္စ ၂-ကြိမ် ဖြစ်၍ချုပ်၏၊ ဘေဘုမက သင်္ခါရတို့တွင် တပါးပါးသည် လည်း၊ ပ။ ထင်ခြင်းသို့ရောက်၏၊ ထိုနောင် အာသန္နတရ၊ပ။ ထင်ခြင်းသို့ ရောက်သော၊ ထိုအာရုံကို အာရုံပြု၍ ဆင်ခြင် တတ်သော ဥပါဒ်, ဌီ ဘင်-နှင့် ပြည့်စုံသော မနောဒွါရာ ဝဇ္ဇန်းစိတ်သည်လည်း၊ အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍ လျင်စွာသိတတ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော မဟာကြိယာ ပဌမဇော်တို့တွင် တခုခုသည်၊ ပုဂ္ဂိုလ်သည် မန္ဒပညာဖြစ်အံ့၊ "အနုလုံ-အနုလုံ" ဟု ၄-ကြိမ်၊ တိက္ခပညာဖြစ်အံ့၊ "အနုလုံ-အနုလုံ" ဟု ၃-ကြိမ်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍ လျင်စွာ သိတတ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက်၊ ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော အရဟတ္တဖိုလ် ပဌမဈာန်စိတ်သည်၎င်း၊ပ၊ဈာန် အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော အရဟတ္တဖိုလ် စတုတ္ထဈာန် စိတ်သည်၎င်း၊ အနုလုံသည် မဟာကြိယာတတိယဇော်တို့တွင် တခုခုဖြစ်၍ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော အရဟတ္တဖိုလ် ပဉ္စမဈာန်စိတ်သည်၎င်း၊ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသော အသုင်း အပ္ပနာသမာဓိဇောကိစ္စ များစွာဖြစ်၍ ချုပ်၏၊

ထိုနောင် မိမိပဋိသန္ဓေ။ ပ။ တိဟိတ်ထဝင် တေရသတို့တွင် ကရုရသည်။ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ အရဟတ္တမဂ်, အရဟတ္တဖိုလ် ၌ ရှိသော ဟိတ် ၃-ပါးသည်။ ပ။ ဟေတုသတ္တိဖြင့် ကျေးဇူး ပြုပေ၏။ ။

ဟေတုရာသိပြီး၏။

—— o ——

## ၂-အာရမ္မဏ ရာသိ။

အာရမ္မဏပစ္စယော - ဟူသော ပစ္စယုဒ္ဒေသ၌၊ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်-အားဖြင့် ၃-ပါးတို့တွင်။ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဖြစ်သော စိတ်တရုယုတ်-၈၀။ စေ။ ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သောနိဗ္ဗာန် ပညတ်၊ဤပစ္စည်း တရားတို့သည်။ ။ပစ္စုပ္ပန်ဖြစ်သော စိတ်တရုယုတ်-၈၀၊ စေ၊ ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤ ပစ္စယုပ္ပန် တရားတို့အား- အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ ကုန်၏။ ။စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာ ဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မ ဇရုပ်၊ ဤပစ္စနိက်တရားတို့အား- အာရမ္မဏသတ္တိဖြင့် ကျေး ဇူးမပြုပေကုန်။ ။

တနည်းကား။ ။ပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည်၊ စက္ခု ဒွါရ၌ ဖြစ်သော လေးဆဲ့ခြောက်ရသော နာမက္ခန္ဓာအား။ ။ ပစ္စုပ္ပန်ဖြစ်သောသဒ္ဒါရုံသည်၊ သောတဒွါရ၌ ဖြစ်သော လေး ဆဲ့ခြောက်ရသော နာမက္ခန္ဓာအား။ ။ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာ ရုံသည်၊ဃာနဒွါရ၌ဖြစ်သော ၄၆-ခုသော နာမက္ခန္ဓာအား။ ။ ပစ္စုပ္ပန်ဖြစ်သော ရသာရုံသည်၊ ဇိဝှါဒွါရ၌ ဖြစ်သော ၄၆-ခု သောနာမက္ခန္ဓာအား။ ။ပစ္စုပ္ပန်ဖြစ်သော ဖေါဋ္ဌဗ္ဗာရုံသည်၊

ကာယဒွါရ၌ ဖြစ်သော ၄၆ ခုသော နာမက္ခန္ဓာအား။ ။
ပစ္စုပ္ပန်, အတိတ်, အနာဂတ်- ဖြစ်သော စိတ်တခုသုတ်-၉၀၊
စေ၊ ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်,
ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါးသည်၊ မနောဒွါရ၌ဖြစ်
သော ၆၇-ခုသော နာမက္ခန္ဓာအား။ ။များသောအားဖြင့်
အတီတာနန္တရဘဝ၌ ဆင်္ဂါရိက မရဏာသန္နဇောသည်
ယူအပ်သော ကာမစိတ်စတုပညာသ၊ အာကာသာနဉ္စာယ
တနကုသိုလ် အာကိဉ္စညာယတနကုသိုလ် စေ ဒွေပညာသ၊
ရုပ်အဋ္ဌဝီသ၊ ပထဝီကသိုဏ်း အစရှိသော ပညတ်ဟု ဆိုအပ်-
သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်၍ ကံ, ကမ္မနိမိတ်, ဂတိ
နိမိတ်-ဟု သမုတ်အပ်သော အာရုံ ၆-ပါးသည်။ ဒွါရဝိမုတ်
စိတ်တခုသုတ် ၂၀-အား။ ။

ဘနည်းကား။ ။ပုဗ္ဗစေတနာသည်ကြဉ်အပ်သော အကု
သိုလ်စေတနာ ၁၁-ခုတည်းဟူသော ကံဟုသမုတ်အပ်သော
အတိတ်ဖြစ်သော–ခမ္ဘားခံသည်၎င်း၊ ထိုအကုသိုလ်ကံကို ပြု
သောကာလ၊ ရှေး၌ရအပ်သော အဆောက်အဦး ဖြစ်သော
ဒုတ်, နှင်တံ, ဓား, ဗုံ, လေးမြှား- အစရှိသော ကမ္မနိမိတ်ဟု
သမုတ်အပ်သော ပစ္စုပ္ပန်, အတိတ် ဖြစ်သော အာရုံ ၆-ပါး
သည်၎င်း။ အခြားမဲ့၌ ဖြစ်လတ္တံ့သော ဘဝသစ်၌ ရအပ်
ခံစားအပ်သည်ဖြစ်၍ ဖြစ်သော အမိဘမ်းဇ , ငရဲအိုး, ငရဲ
ထိန်း, ငရဲမီး, ခွေးနက်ကြီး အစရှိသော ဂတိနိမိတ်ဟု သမုတ်
အပ်သောပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည်၎င်း၊ ဤကံ, ကမ္မနိမိတ်
ဂတိနိမိတ်-ဟု သမုတ်အပ်သော အာရုံ ၆-ပါးသည်။ အကု
သလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏ နာမက္ခန္ဓာအား။

မဟာကုသိုလ် စေတနာ ၈ ခု တည်းဟူသော ကံဟု
သမုတ်အပ်သော အတိတ်ဖြစ်သော ခမ္ဘာခံသည်၎င်း၊ ထို
ကုသိုလ်ကံကို ပြုသောကာလ ရှေး၌ရအပ်သော အဆောက်

အဦဖြစ်သော ကျောင်း, ဘုရား, စေတီ, ဆွမ်း, သင်္ကန်း, ထီး, ဘံခွန်, ပန်းမာလ်- အစရှိသော ကမ္မနိမိတ်ဟု သမုတ် အပ်သော ပစ္စုပ္ပန်, အတိတ်ဖြစ်သော အာရုံ ၆-ပါးသည် ၎င်း။အခြားမဲ့၌ဖြစ်လတ္တံ့သော ဘဝသစ်၌ ရအပ်, ခံစားအပ် သည်ဖြစ်၍ ဖြစ်သော အမိဝမ်းရေ, နတ်သမီး, ဗိမာန်, ပဒေ သာပင်-အစရှိသော ဂတိနိမိတ်ဟု သမုတ်အပ်သော ပစ္စုပ္ပန် ဖြစ်သော ရူပါရုံသည်၎င်း၊ ဤကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟု သမုတ်အပ်သော အာရုံ ၆-ပါးသည်၊ ကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ တခု၊ မဟာဝိပါက် ၈-ခု၊ ဤ ၉-ခုသော နာမက္ခန္ဓာအား။ ။

ကသိုဏ်းပညတ် ဆယ်ပါး, အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကာယ အဇပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာ ဟု ဆိုအပ် သော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်း မသိသော သတ္တဝါပညတ်၊ ဤ ၂၅-ပါးသော ပညတ်ကမ္မ နိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံသည်၊ရူပါဝစရ ပဌမဈာန် ဝိပါက်နာမက္ခန္ဓာအား။ ။

ကသိုဏ်းပညတ် ၁၀-ပါး။ အာနာပါနဿတိ၏ အာရုံဖြစ် သော ထွက်သက် ဝင်သက်ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိ တာ ဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား သုံးပါး၏ အာရုံ ဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်။ ဤ ၁၄-ပါး သော ပညတ်ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံသည်၊ ရူပါဝစရ ဒုတိယဈာန်ဝိပါက်၊ တတိယဈာန်ဝိပါက်၊ စတုတ္ထ ဈာန်ဝိပါက်၊ နာမက္ခန္ဓာအား၊ ။ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရားတပါး

၏ အာရုံဖြစ်သော အတိုင်းမသိသော သင်္ခတဝါ ပညတ်၊ ဤ ၁၂-ပါးသော ပညတ်ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာ ရုံသည်၊ ရူပါဝစရ ပဥ္စမဈာနဝိပါက်နာမက္ခန္ဓာအား။ ။အာ ကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း ၉-ပါးတို့ တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်၊ ကမ္မနိမိတ်ဟုသမုတ်အပ်သော ဓမ္မာရုံသည်၊ အာကာသာနဉ္စာ ယတန ဝိပါက်နာမက္ခန္ဓာအား။ ။ရှေးဘဝ အဇ္ဈတ္တသန္တာန် ၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်မဟဂ္ဂုတ် ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံသည်၊ ဝိညာဏဉ္စာ ယတန ဝိပါက်နာမက္ခန္ဓာအား။ ။အာကာသာနဉ္စာယတန ကုသိုလ်၏မရှိခြင်း နတ္ထိဘာဝပညတ်ကမ္မနိမိတ်ဟု သမုတ် အပ်သော ဓမ္မာရုံသည်၊ အာကိဉ္စညာ ယတနဝိပါက် နာမက္ခန္ဓာအား။ ။ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်မဟဂ္ဂုတ် ကမ္မနိမိတ်ဟု သမုတ် အပ်သော ဓမ္မာရုံသည်၊ နေဝသညာ နာသညာယတနဝိပါက် နာမက္ခန္ဓာအား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။

## ကာမအာရုံ-စသည်။

တနည်းကား။ ။ပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည် စက္ခု ဝိညာဏ် ဓွေအား။ ။ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံသည် သော တဝိညာဏ်ဓွေအား။ ။ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံသည် ဃာန ဝိညာဏ်ဓွေအား။ ။ပစ္စုပ္ပန်ဖြစ်သော ရသာရုံသည် ဇိဝှါ ဝိညာဏ်ဓွေအား။ ။ပစ္စုပ္ပန်ဖြစ်သော ဖေါဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်ဓွေအား။ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ။ပ။ ဖေါဋ္ဌဗ္ဗာရုံသည် ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေဟု ဆိုအပ် သော မနောဓာတ် ၃-ခုအား။ ။ပစ္စုပ္ပန်, အတိတ်, အနာ ဂတ်ဖြစ်သော ကာမဝိတ်စေတုပညာသ၊ စေ၊ဓွေပညာသ၊ ရုပ် အဋ္ဌဝီသ ဟုဆိုအပ်သော အာရုံ ၆-ပါးသည် သန္တီရဏ

၃၃-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ ဟသိတုပ္ပါဒ်၊ ဤ ၁၂ ခုသော နာမက္ခန္ဓာအား။ ။ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဖြစ်သော လောကီစိတ်စေတသိက်။ စေ။ နွေပညာသ၊ ရုပ်အဗ္ဗဝိသ၊ ကာလဝိမုတ်ဖြစ်သော ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါးသည်၊ အကုသိုလ်ဒွါဒသ၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခု၊ မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄-ခု၊ ဤ ၂၀-သော နာမက္ခန္ဓာအား။ ။ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သောစိတ် ၈၇-ခု၊ စေ၊ နွေပညာသ၊ ရုပ်အဗ္ဗဝိသ၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါးသည်၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်၊ ဤ ၅ ခုသော နာမက္ခန္ဓာအား။

## ကုသိုလ်အဘိညာဉ်အာရုံ။

ထို ၅-ပါးတို့တွင် ကုသိုလ်အဘိညာဉ်သည်လည်း၊ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်ဒိဗ္ဗသောတကုသိုလ်အဘိညာဉ် ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ် စေတောပရိယကုသိုလ်အဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိကုသိုလ် အဘိညာဉ်, ယထာကမ္မူပဂကုသိုလ်အဘိညာဉ်, အနာဂတံသကုသိုလ် အဘိညာဉ်-အားဖြင့် ၇-ပါးအပြားရှိ၏။ ထိုတွင်၊ ဒူရ, အာသန္န ပဋိစ္ဆန္န သဏှ သုခုမ ဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည်၊ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်အား၊ ဒူရ, အာသန္န, ပဋိစ္ဆန္န, သဏှ သုခုမ ဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်အား။ ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်၊ သတ, သဟဿ, အစရှိသော နိမ္မိတရုပ်ဟု ဆိုအပ်သော အာရုံ ၆ ပါးသည်၊ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အား။ အနုလောမ, ပဋိလောမ အားဖြင့် လွန်လေပြီးသော ၇-ရက်မှစ၍၊ လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလ ၃-ပါး၌ တည်သော အဇ္ဈ

ဟာတ္တမဂ် အရဟတ္တဖိုလ်ကြည်သော သုတာပါးတို့၏ စိတ် ၈၇-ခု၊ စေ၊ဒွေပညာသဟု ဆိုအပ်သော ဓမ္မာရုံသည်၊စေတောပရိယ ကုသိုလ်အဘိညာဉ်အား။ ပဋိလောမ အားဖြင့် လွန်လေပြီး သော ၇-ရက်မှစ၍၊ ပုဗ္ဗေနိဝုတ္ထဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြည်သော စိတ် ၈၇-ခု၊စေ၊ဒွေပညာသ၊ ပုဗ္ဗေနိဝုတ္ထ ဖြစ်သော ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာ ၅-ပါး၊ ထိုခန္ဓာ ၅-ပါးမှ ဖောက်၍ သိအပ်သောနိဗ္ဗာန်၊ အမည်အမျိုး အစရှိ သော ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါးသည်၊ ပုဗ္ဗေ နိဝါသာ နုဿတိ ကုသိုလ်အဘိညာဉ်အား။အတိတ်ဖြစ်သော လောကီကုသိုလ်, အကုသိုလ် စေနာဟု ဆိုအပ်သော ဓမ္မာရုံ သည်၊ ယထာကမ္မူပဂကုသိုလ် အဘိညာဉ်အား။အနုလောမ အားဖြင့် လာလတ္တံ့သော ၇-ရက်မှ စ၍၊ အနာဂတ်ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြည်သော စိတ် ၈၇-ခု၊ စေ၊ဒွေ ပညာသ၊ အနာဂတ်ဖြစ်သော ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာ ၅-ပါး။ထိုခန္ဓာ ၅-ပါးမှဖျောက်၍သိအပ်သောနိဗ္ဗာန်၊ အမည်အမျိုး အစရှိသော ပညတ်ဟု ဆိုအပ်သော အာရုံ ခြောက်ပါးသည်၊အနာဂတံသ ကုသိုလ် အဘိညာဉ်အား။ ။

## ကြိယာအဘိညာဉ်အာရုံ။

ပစ္စုပ္ပန် အတိတ်, အနာဂတ်ဖြစ်သော စိတ်ဘုံယုတ်ကိုး ဆယ် စေ၊ ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော အာရုံ ခြောက်ပါးသည်၊ မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု၊ ကြိယာအဘိညာဉ် မနောဒွါရာဝဇ္ဇန်း၊ ဤခြောက်ခုသော နာမက္ခန္ဓာအား။ ထို ၆ ပါးတို့တွင် ကြိယာအဘိညာဉ်သည်လည်း ဒိဗ္ဗစက္ခု ကြိယာ အဘိညာဉ်။ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ စေတောပရိယ၊ ပုဗ္ဗေနိဝါ သာနုဿတိ၊ယထာကမ္မူပဂ၊အနာဂတံသကြိယာအဘိညာဉ် အားဖြင့် ၇-ပါးအပြားရှိ၏။ ထိုတွင်။ဒူရ, အာသန္န။ပ။ပစ္စုပ္ပန်

ရှုပါရုံသည်၊ ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်အား။ ရူ။ အာသန္န။ ပ။ ပစ္စုပ္ပန်သဒ္ဒါရုံသည်၊ ဒိဗ္ဗသောတကြိယာအဘိညာဉ်အား။ ပါဒကဖြစ်သော ရူပါဝစရကြိယာပဉ္စမဈာန်၊ သတသဟာသ။ ပ။ အာရုံ ၆-ပါးသည်၊ ဣဒ္ဓိဝိဓကြိယာအဘိညာဉ်အား။ အနုလောမ, ပဋိလောမ အားဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍၊ လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတပါးတို့၏ စိတ်တခုယုတ် ၉၀၊ စေ၊ ၃ွေပညာသဟု ဆိုအပ်သော ဓမ္မာရုံသည်၊ စေတော ပရိယကြိယာအဘိညာဉ်အား။ ပဋိလောမ အားဖြင့် လွန်လေပြီးသော ၇-ရက်မှစ၍၊ ပုဗ္ဗေနိဝါသ ဖြစ်သော စိတ်တခုယုတ်-၉၀၊စေ၊ ၃ွေပညာသ၊ ပုဗ္ဗေနိဝါသဖြစ်သော ရုပ်အဋ္ဌဝီသဟု ဆိုအပ်သောခန္ဓာ ၅ ပါး။ ထိုခန္ဓာ ၅-ပါးမှ လျှောက်၍သိအပ်သော နိဗ္ဗာန်အမည်အမျိုး အစရှိသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါးသည်၊ ပုဗ္ဗေနိဝါသာနုဿတိကြိယာအဘိညာဉ်အား။ အတိတ်ဖြစ်သော လောကီကုသိုလ်, အကုသိုလ် စေတနာဟု ဆိုအပ်သော ဓမ္မာရုံသည် ယထာကမ္မုပဂကြိယာအဘိညာဉ်အား။ အနုလောမ အားဖြင့် လာလတ္တံ့သော ၇-ရက်မှစ၍ အနာဂတ်ဖြစ်သော စိတ်တခုယုတ်-၉၀၊ စေ၊ ၃ွေပညာသ၊ အနာဂတ်ဖြစ်သော ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာ ၅-ပါး၊ ထိုခန္ဓာ ၅-ပါးမှ လျှောက်၍သိအပ်သောနိဗ္ဗာန်အမည်အမျိုး အစရှိသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါးသည်၊ အနာဂတံသကြိယာ အဘိညာဉ်အား။

## ရူပ-ပညတ်အာရုံ။

ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကာယအစုပညတ်၊ အာနာပါနဿတိ၏အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ, ကရုဏာ,မုဒိတာ-ဟုဆိုအပ်သော

ဖြပ္ပဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၂၅-ပါးသောပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည်၊ ရူပါဝစရ ပဉ္စမဈာန်စိတ် ၃-ခု နာမက္ခန္ဓာအား။ ။ကသိုဏ်းပညတ်၊ ၁၀-ပါး၊ အာနာ ပါနသာတိ၏။ပ။သက်ပညတ်။ မေတ္တာ, ကရုဏာ, မုဒိတာ-ဟု ဆိုအပ်သော ဖြပ္ပဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော။ ပ။ပညတ်။ဤ ၁၄-ပါးသောပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည်၊ ဒုတိယဈာန်စိတ် ၃-ခု။ တတိယဈာန်စိတ် ၃-ခု၊ စတုတ္ထဈာန်စိတ် ၃-ခု။နာမက္ခန္ဓာအား။ ။ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနသတိ၏။ပ။သက်ပညတ်။ ဥပေက္ခာဟု ဆိုအပ်သော ဖြပ္ပဝိဟာရတရား တပါး၏။ ပ။ ပညတ် ဤ ၁၂-ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည်၊ ပဥ္စမဈာန်စိတ် ၃-ခု။ နာမက္ခန္ဓာအား။ ။

အရူပ-ပညတ်အာရုံ။

အာကာသကသိုဏ်းကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည်၊ အာကာသာနဉ္စာ ယတနစိတ် ၃-ခု၊ နာမက္ခန္ဓာအား။ ။

*ဤဘဝ ရှေးဘဝ အဏ္ဏတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယနတကုသိုလ်၊ ဤဘဝသာ အဏ္ဏတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာ ယတနကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံသည်၊ ဝိညာဏဉ္စာတတနစိတ် ၃-ခု နာမက္ခန္ဓာအား။ (တနည်းကား။ဤဘဝ ရှေးဘဝအဏ္ဏတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာ ယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံသည်၊ ဝိညာဏဉ္စာယတန

ကုသိုလ် နာမက္ခန္ဓာအား။ ရှေးဘဝသာ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံသည်၊ ဝိညာဏဉ္စာယတန ဝိပါက်နာမက္ခန္ဓာအား။ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်၊ဤဘဝသာ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံသည်၊ ဝိညာဏဉ္စာယတန ကြိယာ နာမက္ခန္ဓာအား*။

အာကာသာနဉ္စာယတန ကုသိုလ်ကြိယာ၏ မရှိခြင်း၊ နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည်၊အာကိဉ္စညာယတနစိတ် ၃-ခု နာမက္ခန္ဓာအား။ *ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်၊ ဤဘဝသာ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံသည်၊ နေဝသညာနာသညာယတနစိတ် ၃-ခု နာမက္ခန္ဓာအား။

*တနည်းကား။ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံသည်၊ နေဝသညာနာသညာယတနကုသိုလ် နာမက္ခန္ဓာအား၊ ရှေးဘဝသာအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံသည်၊ နေဝသညာနာသညာယတနဝိပါက် နာက္ခန္ဓာအား၊ ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော

* ခရာပွင့်ရှိသော မူများသည် ပေမူမှတပါး ပိုမိုသော-စကားရပ်များဖြစ်ပါသည်။

အာကိဉ္စညာ ယတနကုသိုလ်။ ဤဘဝသာ အနိုဂ္ဂ သန္တာန်ဖြစ်ဘူးသော အာကိဉ္စညာယတန ကြိယာဟု ဆိုအပ်သော မဟာဂ္ဂုတ် ဓမ္မာရုံသည်၊ နေဝသညာ နာသညာယတန ကြိယာ နာမက္ခန္ဓာအား*။

နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည်၊ လောကုတ္တရာစိတ် ၈-ခု၊ နာမက္ခန္ဓာအား- အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုပေ၏။

---

## အကုသိုလ်အာရုံသည်-အကုသိုလ်အား ကျေးဇူးပြုပုံ။

တနည်းကား။ ။အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏာ ပစ္စည်းသည် အကုသိုလ်ချင်း, ကာမကုသိုလ်, ကာမဝိပါက်, ကာမကြိယာ, ရူပကုသိုလ်, ရူပကြိယာ-ဤ ၆-ရာသီတို့အား- အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ထို ၆-ရာသီတို့တွင်၊ အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏာပစ္စည်းသည်၊ အကု သိုလ်ချင်းအား ပစ္စည်းတပ်ဟန်ကား။အကုသိုလ်ကိုအာရုံပြု၍ အကုသိုလ်ဇောဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သည်ရှိသော်၊မိမိ ပဋိသန္ဓေ။ပ။ဥပါဒ်,ဌီ,ဘင်-နှင့် ပြည့်စုံသောစိတ်သည်၊မိမိပဋိ သန္ဓေစိတ်၏အာရုံဖြစ်သော ကံ,ကမ္မနိမိတ်, ဂတိနိမိတ် အား ဖြင့် ၃-ပါးတို့တွင်တပါးပါးကိုအာရုံပြု၍ ဘဝင်္ဂစလန,ဘဝင် ပစ္ဆေဒဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။အကုသိုလ်သည် လည်း အာသန္နတရဖြစ်၍ ဘဝင်္ဂစလန, ဘဝုပစ္ဆေဒ အား ထင်ခြင်းသို့ ရောက်၏။ ထိုနောင် အာသန္နတရဖြစ်၍ ဘဝင်ုပစ္ဆေဒဟု ဆိုအပ်သော မနောဒွါရအား ထင်ခြင်းသို့ ရောက်သော ထိုအာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော ဥပါဒ်, ဌီ, ဘင်- နှင့် ပြည့်စုံသော မနောဒွါရ ဝဇ္ဇန်းစိတ် သည်၊ အာဝဇ္ဇန်းကိစ္စ ဖြစ်၍ချုပ်၏။ ထိုနောင် ထိုအာရုံကို

အာရုံပြု၍ လျင်စွာ သိတတ်သော ဥပါဒ်ဌီ, ဘင်-နှင့် ပြည့်စုံသော အကုသိုလ် ဇွါဒသတို့တွင် တခုခုသည်၊ ယေဘုယျအားဖြင့် ဇောကိစ္စ ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် တဒါရုံကျသည်ဖြစ်အံ့၊ ထိုဇော၏ အာရုံကို အာရုံပြုဘတ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော တဒါရုံကောဒသတို့တွင် တခုခုသည်၊ တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ကာဝမဘဝင် ၁၀-တို့တွင် တခုခုသည်၊ မိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ,ကမ္မနိမိတ်,ဂတိနိမိတ်·အားဖြင့် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြု၍၊ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၍ချုပ်၏။ မကျသည်ဖြစ်အံ့ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ဘဝင်ဇကူနဝိသ တို့တွင် တခုခုသည် မိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော။ ပ။ အာရုံပြု၍ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၍ချုပ်၏။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ အကုသိုလ် အချင်းချင်းအား- အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။

## ကာမကုသိုလ်အား ကျေးဇူးပြုပုံ။

**ကာမကုသိုလ်အား ပစ္စည်းဘာဟန်ကား။** အကုသိုလ်ကို အာရုံပြု၍ မဟာကုသိုလ်ဇောဝိထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ဥပါဒ်,ဌီ ဘင် နှင့် ပြည့်စုံသော စိတ်သည်။ ပ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ အကုသိုလ်သည်လည်း၊ အာသန္နတရ။ ပ။ ထင်ခြင်းသို့ရောက်၏။ ထိုနောင် အာသန္နတရ။ ပ။ ထင်ခြင်းသို့ရောက်သော ထိုနောင် ထိုအာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည်၊ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍ လျင်စွာ သိတတ်သော မဟာကုသိုလ်စိတ် ၈ ခုတို့တွင်တခုခုသည်၊ ဇောကိစ္စ ၇ ကြိမ်

ဖြစ်၍ချုပ်၏။ထိုနောင်တဒါရုံကျသည်ဖြစ်အံ့။ပ။တရုံဒါကော ဒသတို့တွင် တရရသည်၊တဒါရုံကိစ္စနှစ်ကြိမ်ဖြစ်၍ချုပ်၏။ထို နောင် မိမိပဋိသန္ဓေ။ပ။ကာမဘဝင် ၁၀-တို့တွင်တရရသည်၊ ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။ မကျသည်ဖြစ်အံ့။ပ။ဘဝင် ဧကူနဝီသတို့တွင် တရရသည်။ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ကာမကုသိုလ်အား- အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

## ကာမဝိပါက်အား ကျေးဇူးပြုပုံ။

**ကာမဝိပါက်အား ပစ္စည်းတင်ဟန်ကား။** အကုသိုလ်ကို အာရုံပြု၍ ကာမဝိပါက်တဒါရုံကိစ္စ ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ကာမဘဝင် ၁၀-တို့တွင် တရရသည်။ ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။အကုသိုလ်သည်လည်း၊ အာသန္နတရ။ပ။ထင်ခြင်းသို့ ရောက်၏။ ထိုနောင် အာသန္နတရ။ ပ။ မနောဒွါရာဝဇ္ဇန်းစိတ် သည်၊ အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ကာမဇောတရ ယုတ် ၃၀-တို့တွင် တရရသည်၊ ဇောကိစ္စ ၇-ကြိမ်ဖြစ်၍ ချုပ်၏။ထိုနောင် ဇော၏အာရုံကို အာရုံပြုတတ်သော တဒါ ရုံကောဒသတို့တွင် တရရသည်၊ တဒါရုံကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏၊ ထိုနောင် မိမိပဋိသန္ဓေ။ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ အကုသိုလ် ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ကာမဝိပါက်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

## ကာမကြိယာအား ကျေးဇူးပြုပုံ။

**ကာမကြိယာအားပစ္စည်းတင်ဟန်ကား။**အကုသိုလ်ကိုအာ ရုံပြု၍ ကာမကြိယာဝိပဿနာပါဒ်ဖြစ်လိုလတ်သည် ရှိသော်၊

မိမိပင့်သန္တေ။ပ။ ဥပါဒ်,ဌီ, ဘင် နှင့် ပြည့်စုံသော စိတ်သည်၊ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟုဘဝင်ကျ ၂-ကြိမ်ဖြစ်၍ ချုပ်၏။အကုသိုလ်သည့်လည်း အာသန္နတရ။ပ။ထင်ခြင်းသို့ ရောက်၏။ထိုနောင် အာသန္နတရ။ပ။အာဝဇ္ဇန်းကျ ဖြစ်၍ချုပ် ၏။ထိုနောင်။ပ။ဟသိတုပ္ပါဒ်၊ မဟာကြိယာစိတ် ၈-ခုတို့တွင် တခုခုသည် ဇောကျ ၇-ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် တဒါ ရုံကျသည်ဖြစ်အံ့။ ပ။ တဒါရုံဇောဒသတို့တွင် တခုခုသည်၊ တဒါရုံကျ ၂-ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပင့်သန္တေ။ပ။ ကာမဘိပဟိတ်ဘဝင် ၄-ခုတို့တွင် တခုခုသည်။ပ။ဘဝင်ကျ ဖြစ်လိုက်သရွေ့၍ဖြစ်၏။ မကျသည်ဖြစ်အံ့၊ တိဟိတ်ဘဝင် ဇောရသတို့တွင် တခုခုသည်။ ပ။ ဘဝင်ကျ ဖြစ်လိုက်သရွေ့ ဖြစ်၏။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ အကုသိုလ် ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ကာမကြိယာအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။

## ရူပကုသိုလ်အား ကျေးဇူးပြုပုံ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌၊ရူပကုသိုလ်သည်- စေတော ပရိယကုသိုလ် အဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်, ယထာကမ္မူပဂကုသိုလ်အဘိညာဉ်, အနာဂတံသကုသိုလ်အဘိညာဉ်-အားဖြင့် ၄ ပါးအပြားရှိ၏။ ထိုတွင် စေတောပရိယကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ် ဟန်ကား။စေတောပရိယ ကုသိုလ်အဘိညာဉ်ကိုရ ပြီးသော တိဟိတ်ကာမ,ရူပ,သေက္ခပုဂ္ဂိုလ်သည်အနုလောမ,ပဋိလော မ,အားဖြင့် လွန်လေပြီးသော ၇-ရက်မှစ၍၊ လာလတ္တံ့သော ၇-ရက်တိုင်အောင်၊ ကာလ ၃-ပါး၌ တည်သော သူတပါး တို့၏ အကုသိုလ်ဒွါဒသကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ ပါဒ က ဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလို လတ်သည်ရှိသော်၊ မိမိပင့်သန္တေ။ ပ။ ပဉ္စဝေါကာရတိဟိတ်

ဘဝင် ၉ ချက်တို့တွင် တခုခုသည်။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ အာလောက ကသိုဏ်း ပညတ်၊ ပဋိဘာဂနိမိတ်သည်လည်း၊ အာသန္နတရ။ ပ။ ထင်ခြင်း သို့ရောက်၏။ ထိုနောင် အာသန္နတရ။ ပ။ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်။ ပ။ မဟာကုသိုလ်တတိယဒွေတို့တွင် တခုခု သည်၊ ပုဂ္ဂိုလ်သည် မန္ဒပညာဖြစ်အံ့၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟု ၄ ကြိမ်။ တိက္ခပညာဖြစ်အံ့၊ ဥပစာ, အနုလုံ, ဂေါတြဘူ-ဟု ၃ ကြိမ်၊ ဥပစာရသမာဓိဇောကိစ္စ ဖြစ်၍ချုပ် ၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍ လျင်စွာ သိတတ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက်၊ ဈာန် အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ်ပဉ္စမဈာန်စိတ် သည်၊ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာသမာ ဓိဇော ကိစ္စများစွာဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့်အနုလောမ, ပဋိလောမ, အားဖြင့်။ ပ။ ဒွါဒသကို သိစေခြင်းငှါအခြေပြု၏။ ။ ထိုနောင်။ ဣမဿ အကု သလံ ခန္ဓံ ဇာနာမိ၊ ဣမဿအကုသလံခန္ဓံ ဇာနာမိ-ဟုဆောက် တည်သောအားဖြင့် အဓိဋ္ဌာန်ဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ် သည်ရှိသော်။ မိမိပဋိသန္ဓေ။ ပ။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ချက်တို့တွင် တခုခုသည်။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။ ( အနုလောမ, ပဋိလောမ, အားဖြင့် လွန်လေပြီးသော ၇-ရက်မှစ၍၊ လာလတ္တံ့သော ၇-ရက်တိုင်အောင်၊ ကာလ ၃-ပါး၌ တည်သော ) ( နောက် ကိုလည်း။ ဤနည်းတူ ပြင်၍ဆိုပါလေ)။ သူတပါးတို့၏ အကု သိုလ်သည်လည်း၊ အာသန္နတရ။ ပ။ ထင်ခြင်းသို့ရောက်၏။ ထိုနောင်။ ပ။ အာဝဇ္ဇန်းကိစ္စ ဖြစ်၍ချုပ်၏၊ ထိုနောင်။ ပ။ မဟာ ကုသိုလ်စိတ် ၈-ချက်တို့တွင်။ တခုခုသည်၊ အဓိဋ္ဌာန်ဇောကိစ္စ

၇-ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဒိုသန္တေ။ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အနုလောမ, ပဋိလောမ, အားဖြင့် လွန်လေပြီးသော။ ပ။ သူတပါးတို့၏ အကုသိုလ်ကိုသိစေသောဟု ဆောက်တည်ခြင်းကိုပြု၏။ ။

ထိုနောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဥ္စမဈာန်ကို တဖန်ဝင်စားလိုလတ်သည်ရှိသော်၊ မိမိပဒိုသန္တေ။ပ။ဘဝင်စလန,ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ထိုနောင် မနောဒွါရာဝဇ္ဇန်း၊ ထိုနောင် ဥပစာရသမာဓိဇော၊ ထိုနောင် ဈာန်ဇော၊ ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်၊ အနုလောမ,ပဋိလောမ,အားဖြင့်။ပ။သိစေခြင်း၌ တဖန်အခြေပြု၍။ ထိုနောင် အမိဋ္ဌာတဗ္ဗ ဖြစ်သော အနုလောမ, ပဋိ။ ပ။ သူတပါးတို့၏ အကုသိုလ်ကို အာရုံပြု၍၊ စေတောပရိယ ကုသိုလ်အဘိညာဉ် ဇောဝိထိ စိတ္တုပ္ပါဒ်ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပဒိုသန္တေ။ပ။ ပဋ္ဌဝေါ ကာရ တိပိဋကဘဝင် ၉-ခုတို့တွင် တခုခုသည်။ပ။ ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ အမိဋ္ဌာတဗ္ဗဖြစ်သော သူ့ဘပါးတို့၏ အကုသိုလ် သည်လည်း၊ အာသန္နတရ။ ပ။ ထင်ခြင်းသို့ ရောက်၏။ထိုနောင် အာသန္နတရ။ပ။မဟာကုသိုလ် တတိယ ဒွေတို့တွင် တခုခုသည်၊ ပုဂ္ဂိုလ်သည် မန္ဒပညာဖြစ်အံ့၊ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟု ၄-ကြိမ်။ တိက္ခပညာဖြစ်အံ့၊ ဥပစာ, အနုလုံ, ဂေါတြဘူ-ဟု ၃-ကြိမ်· ဥပစာရသမာဓိဇော ကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍ လျင်စွာ သိတတ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော တိက္ခပညာ ပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်၊မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ် မြောက်၊ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဥ္စမဈာန်စိတ်သည်၊ အမိဋ္ဌာတဗ္ဗဖြစ်သော အနုလောမ, ပဋိလောမ။ပ။အောင်၊ကာလ ၃-ပါး၌ တည်သော သူ့ဘပါးတို့၏ အကုသိုလ်ကိုသိလျက် စေတောပရိယကုသိုလ်အဘိညာဉ်

ဓောက်စွ တကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အဓိဋ္ဌာတဗ္ဗဖြစ်သော၊အနာဂတ်။ ပ။ကာလ ၃ ပါး၌ တည်သော သူတပါးတို့၏ အကုသိုလ်ကို သိ၏။ ။ထိုနောင် စေတောပရိယ ကုသိုလ်အဘိညာဉ်သည် သိအပ်သော အဓိဋ္ဌာတဗ္ဗ။ ပ။ တည်သော သူတပါးတို့၏ အကုသိုလ်ကို ဆင်ခြင်လိုလတ်သည်ရှိသော်၊မိမိပဋိသန္ဓေ။ပ။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုတို့တွင် တခုခုသည်။ပ။ ဘဝင်စလန,ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂ ကြိမ်ဖြစ်၍ချုပ် ၏။စေတောပရိယကုသိုလ်အဘိညာဉ်သည် သိအပ်သောအနာ ဂတ။ပ။တည်းဟူသော သူတပါးတို့၏ အကုသိုလ်သည် လည်း၊အာသန္နတရ။ပ။ထင်ခြင်းသို့ရောက်၏။ ထိုနောင် အာ သန္နတရ။ပ။မနောဒွါရာဝဇ္ဇန်းစိတ်သည်၊ အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍။ ပ။ မဟာကုသိုလ် စိတ် ၈-ခုတို့တွင် တခုခုသည်၊ ပစ္စဝေက္ခဏာဇောကိစ္စ ၇-ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

ဤဝီထိ စိတ္တုပ္ပါဒ်တို့ဖြင့် စေတောပရိယကုသိုလ်အဘိညာဉ် သည် သိအပ်သော သူတပါး၏အကုသိုလ်ကို ဆင်ခြင်၏။ ။

ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အား ပစ္စည်း တပ်ဟန်ကား။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမရူပသေက္ခပုဂ္ဂိုလ်သည် ပဋိလောမ အားဖြင့်လွန်လေပြီးသော ခဏ်ရက်မှစ၍ ပုဗ္ဗေနိဝါသဖြစ်သော အကုသိုလ်ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍ ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂ ကြိမ်ဖြစ်၍ချုပ်၏။ အာလောက ကသိုဏ်းပညတ်,ပဋိဘာ ဂ နိမိတ်သည်လည်း၊ပ။ ထင်ခြင်းသို့ ရောက်၏၊ထိုနောင်။ပ။

အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ဟု ဥပစာရ သမာဓိဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထိုနောင် ပါဒကဈာန် ဇောကိစ္စ များစွာဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ။ဤဝီထိ စိတ္တုပ္ပါဒ်တို့ဖြင့် ပဋိလောမ,အားဖြင့်။ပ။ အကုသိုလ်ကို သိစေခြင်းငှါအချေပြု၏။ ။ထိုနောင်၊ ပုဗ္ဗေ နိဝုဋ္ဌံ ခန္ဓံ ဇာနာမိ၊ ပုဗ္ဗေ နိဝုဋ္ဌံ ခန္ဓံ ဇာနာမိ-ဟု ဆောက်တည်သော အားဖြင့် အဘိဉ္ဉာန်ဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ပ။ဘဝင်စလန,ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂ကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း၊ ထိုနောင် အဘိဉ္ဉာန်ဇော၊ ထိုနောင် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အနုလောမ,အားဖြင့်။ပ။ အကုသိုလ်ကို သိစေသောဟု-ဆောက်တည်ခြင်းကိုပြု၏။ ။

ထိုနောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို တဘန်ဝင်စားလိုသတ်သည်ရှိသော်။ ။ပဉ္စမပါဒကနှင့် နည်းတူချ။ ။တဘန် အခြေပြု၏ဆိုရုံမျှသာထူးတော့သည်။ ထိုနောင် အဘိဉ္ဉာတဗ္ဗဖြစ်သောအကုသိုလ်ကို အာရုံပြု၍ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ် အဘိဉ္ဉာဉ်ဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ဘဝင်စလန,ဘဝုပစ္ဆေဒ-ဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် ဥပစာရသမာဓိဇော၊ ထိုနောင် ရူပါဝစရကုသိုလ်ပဉ္စမဈာန်သည် ပုဗ္ဗေနိဝုဋ္ဌဖြစ်သောအကုသိုလ်ကို သိလျက်၊ ပုဗ္ဗေ နိဝါသာ နုဿတိ ကုသိုလ်အဘိဉ္ဉာဉ်ဇောကိစ္စ တကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင်။ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အဘိဉ္ဉာတဗ္ဗဖြစ်သော အကုသိုလ်ကို သိ၏။ ။

ထိုနောင် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်သည် သိအပ်သော အကုသိုလ်ကိုဆင်ခြင်လိုလတ်သည်ရှိသော်၊မိမိ ပဋိသန္ဓေ။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ပုဗ္ဗေ နိဝါသာ နုဿတိ ကုသိုလ် အဘိညာဉ်သည် သိအပ်သော အကုသိုလ်သည်လည်း၊ အာသန္နတရ။ပ။ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း၊ထိုနောင် ပစ္စဝေက္ခဏာဇော။ထိုနောင် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပုဗ္ဗေ နိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်သည် သိအပ်သော အကုသိုလ်ကို ဆင်ခြင်၏။ ။ ယထာကမ္မူပဂကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ ယထာကမ္မူပဂ ကုသိုလ် အဘိညာဉ်ကို ရပြီးသော တိဟိတ် ကာမရူပ သေက္ခပုဂ္ဂိုလ်သည်၊ အတိတ်ဖြစ်သော အကုသိုလ် စေတနာကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊မိမိပဋိသန္ဓေ။ပ။ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ အာလောက ကသိုဏ်း ပညတ်ပဋိဘာဂ နိမိတ်သည်လည်း။ပ။ထင်ခြင်းသို့ရောက်၏။ ထိုနောင်။ပ။မနောဒွါရာဝဇ္ဇန်း။ထိုနောင်ဥပစာရသမာဓိဇော။ ထိုနောင် ဈာန်ဇော။ ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အတိတ်ဖြစ်သော အကုသိုလ် စေတနာကို သိခြင်းငှါ အခြေပြု၏။ ။

ထိုနောင်၊ အတီတံ ခန္ဓံ ဇာနာမိ၊ အတီတံ ခန္ဓံ ဇာနာမိ-ဟု ဆောက်တည်သော အားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည် ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ အဓိဋ္ဌာ

တဗ္ဗ ဖြစ်သော အတိတ်ဖြစ်သော အကုသိုလ်စေတနာသည်လည်း၊ အာသန္နတရ။ ပ။ ထင်ခြင်းသို့ ရောက်၏၊ ထိုနောင် မနောဒွါရာဝဇ္ဇန်း၊ ထိုနောင် အမိဋ္ဌာန်ဇော၊ ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏၊ ။

ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့် အတိတ်ဖြစ်သော အကုသိုလ်စေတနာကို သိစေသောဟု ဆောက်တည်ခြင်းကိုပြု၏။ ။

ထိုနောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို တဘန်ဝင်စားလိုလတ်သည်ရှိသော်။ ။ရှေးနည်းအတူချလေ။ မထူးပြီ။ ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်၊ အတိတ်ဖြစ်သော အကုသိုလ် စေတနာကို သိစေခြင်းငှါ တဘန် အခြေပြု၏။ ထိုနောင် အမိဋ္ဌာတဗ္ဗဖြစ်သော အကုသိုလ်စေတနာကို အာရုံပြု၍ ယထာကမ္မူပဂကုသိုလ် အဘိညာဉ်ဇောဝိထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်၊မိမိပဋိသန္ဓေ။ပ။ဘဝင်စလန,ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏၊အမိဋ္ဌာတဗ္ဗဖြစ်သော အတိတ်ဖြစ်သော အကုသိုလ် စေတနာသည်လည်း၊ အာသန္နတရ။ပ။ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း၊ ထိုနောင် ဥပစာရသမာဓိဇော၊ ထိုနောင် ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည်၊ အတိတ်ဖြစ်သော အကုသိုလ်စေတနာကို သိလျက်၊ ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်ဇောကိစ္စတကြိမ်ဖြစ်၍ချုပ်၏၊ ထိုနောင် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။

ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့် အတိတ်ဖြစ်သော အကုသိုလ်စေတနာကို သိ၏။ ။

ထိုနောင် ယထာကမ္မူပဂကုသိုလ်အဘိညာဉ်သည် သိအပ်သော အတိတ်ဖြစ်သော အကုသိုလ်စေတနာကို ဆင်ခြင်လိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ဘဝင်စလန,ဘဝင်ုပစ္ဆေဒ ဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ချုပ်၏။ယထာကမ္မူပဂကုသိုလ် အဘိညာဉ်သည် သိအပ်သော အတိတ်ဖြစ်သော

အကုသိုလ်စေတနာသည်လည်း၊အာသန္နတရ။ပ။ထင်ခြင်းသို့ ရောက်၏။ထိုနောင် မနောဒွါရာဝဇ္ဇန်း၊ထိုနောင်ပစ္စဝေက္ခဏာ ဇော။ထိုနောင် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။ ။ဤဝီထိ စိတ္တုပ္ပါဒ်တို့ဖြင့်။ ယထာကမ္မူပဂကုသိုလ် အဘိညာဉ်သည် သိအပ်သော။ပ။ဆင်ခြင်၏။

အနာဂတံသ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန် ကား။အနာဂတံသ ကုကိုလ်အဘိညာဉ်ကို ရပြီးသော တိ ဟိတ်ကာမရူပသေက္ခပုဂ္ဂိုလ်သည်၊အနုလောမအားဖြင့် လာ လတ္တံ့သော ခုနစ်ရက်မှစ၍ အနာဂတ်ဖြစ်သော အကုသိုလ် ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍ ပါဒက ဖြစ်သော။ ပ။ ဝင် စားလိုလတ်သည် ရှိသော်၊ မိမိ ပဋိသန္ဓေ။ ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ထိုနောင် အာလောက ကသိုဏ်းပညတ်ပဋိဘာဂနိမိတ်သည်လည်း၊ပ။ ထင်ခြင်းသို့ ရောက်၏။ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် ဥပစာရသမာဓိဇော၊ ထိုနောင် ဈာန်ဇော။ ထိုနောင် ဘဝင် ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့်၊ အနုလောမ,အားဖြင့်။ပ။ အကု သိုလ်ကို သိစေခြင်းငှါ အခြေပြု၏။ ။

ထိုနောင်၊အနာဂတံ ခန္ဓ ဓာနာမိ၊ အနာဂတံ ခန္ဓ ဓာနာမိ- ဟု ဆောက်တည်သောအားဖြင့် အဓိဋ္ဌာန်ဇောဝိထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ပ။ဘဝင်စလန,ဘဝင် ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ။ထိုနောင် အဓိဋ္ဌာတဗ္ဗ ဖြစ်သော အကုသိုလ်စေတနာသည်လည်း။ အာ သန္နတရ။ ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာ ဝဇ္ဇန်း။ထိုနောင် အဓိဋ္ဌာန်ဇော။ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက် သရွေ့ဖြစ်၏။ ။

ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်၊အဓိဋ္ဌာတဗ္ဗ ဖြစ်သော အကုသိုလ် ကို သိစေသော-ဟု ဆောက်တည်ခြင်းကို ပြု၏။ ။

ထိုနောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကို တဘန် ဝင်းစားလိုလတ်သည့်ရှိသော်၊ ချလေ။ ။ဤဝိထိ စိတ္တုပ္ပါဒ်တို့ဖြင့် အနုလောမ,အားဖြင့်။ ပ။ အနာဂတ်ဖြစ်သော အကုသိုလ်ကို သိစေခြင်း၌ တဘန်အခြေပြု၏။ ။

ထိုနောင် အမိဋ္ဌာတဗ္ဗ ဖြစ်သော အနာဂတ် ဖြစ်သော အကုသိုလ်ကို အာရုံပြု၍၊ အနာဂတံသ ကုသိုလ်အဘိညာဉ်စော ဝိထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည့်ရှိသော်၊ မိမိ ပဋိသန္ဓေ။ ပ။ဘဝင်စလန, ဘဝင်ုစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏၊အမိဋ္ဌာတဗ္ဗ ဖြစ်သော အကုသိုလ်သည်လည်း၊ အာသန္နတရ။ပ။ထင်ခြင်းသို့ရောက်၏။ထိုနောင်မနောဒွါရာဝဇ္ဇန်း။ ထိုနောင် ဥပစာရ သမာဓိစော။ ထိုနောင်။ ပ။ ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည်၊အနာဂတ်ဖြစ်သော အကုသိုလ်ကို သိလျက်။အနာဂတံသကုသိုလ်အဘိညာဉ်စောကိစ္စတကြိမ် ဖြစ်၍ချုပ်၏။ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့် အမိဋ္ဌာတဗ္ဗ ဖြစ်သော အနာဂတ်ဖြစ်သော အကုသိုလ်ကို သိ၏။ ။ထိုနောင် အနာဂတံသကုသိုလ်အဘိညာဉ်သည် သိအပ်သောအကုသိုလ်ကိုဆင်ခြင်လိုလတ်သည့်ရှိသော်၊ မိမိပဋိသန္ဓေ။ပ။ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။အနာဂတံသကုသိုလ် အဘိညာဉ်သည် သိအပ်သော အကုသိုလ်သည်လည်း၊အာသန္နတရ။ပ။ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း၊ထိုနောင် ပစ္စဝေက္ခဏာစော။ ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့် အနာဂတံသ ကုသိုလ်အဘိညာဉ်သည် သိအပ်သော။ပ။ဆင်ခြင်၏။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏ ပစ္စည်းသည်၊ ရူပါဝစရကုသိုလ်အား- အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။

## ရူပကြိယာအားဖြေရှင်းပြပုံ။

ရူပကြိယာအားပစ္စည်းတပ်ရာ၌၊ ရူပကြိယာသည်၊ စေတောပရိယ ကြိယာအဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်၊ ယထာကမ္မူပဂကြိယာအဘိညာဉ်၊ အနာဂတံသကြိယာ အဘိညာဉ်အားဖြင့် လေးပါး အပြား ရှိ၏။ ထိုတွင်။စေတောပရိယ၊ ကြိယာအဘိညာဉ်အား-ပစ္စည်းတပ်ဟန်ကား။ စေတောပရိယ ကြိယာအဘိညာဉ်ကို ရပြီးသော ကာမရူပ ရဟန္တာပုဂ္ဂိုလ်သည်၊အနုလောမ,ပဋိလောမ အားဖြင့် လွန်လေပြီးသော ၇ ရက်မှစ၍၊လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလ ၃-ပါး၌ တည်သော သူတပါးတို့၏ အကုသိုလ်ကို သိခြင်း၌အလိုရှိသည်ဖြစ်၍၊ ပါဒကဖြစ်သော ရူပကြိယာ ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်။ ပါဒက တစိတ်၊ အဓိဋ္ဌာန် တစိတ်၊ တဘန် ပါဒက တစိတ်၊ အဘိညာဉ်တစိတ်၊ ပစ္စဝေက္ခဏာတစိတ်ချလေ။ ရဟန္တာပုဂ္ဂိုလ်ကြိယာဇောသို့ရုံမျှသာ ထူးတော့သည်။ ။

ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်အား၊ပစ္စည်းတပ်ဟန်ကား၊ ပုဗ္ဗေနိဝါသာနုဿတိ။ ပ။ ရဟန္တာပုဂ္ဂိုလ်သည်၊ ပဋိလောမ အားဖြင့် လွန်လေပြီးသော ၇-ရက်မှစ၍၊ ပုဗ္ဗေနိဝါသ ဖြစ်သော အကုသိုလ်ကို သိခြင်း၌ အလိုရှိသည်ဖြစ်၍၊ ပါဒက ဖြစ်သော ရူပါဝစရကြိယာ ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်။ပါဒကတစိတ်၊ အဓိဋ္ဌာန်တစိတ်၊တဘန် ပါဒက တစိတ်၊အဘိညာဉ် တစိတ်၊ ပစ္စဝေက္ခဏာ တစိတ်၊ ချလေ။

ယထာကမ္မူပဂ ကြိယာအဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ယထာကမ္မူပဂ။ပ။ရဟန္တာပုဂ္ဂိုလ်သည်၊ အတိတ်ဖြစ်သော အကုသိုလ်စေတနာကို သိခြင်း၌ အလိုရှိသည်ဖြစ်၍၊

ပါဒက။ ပ။ ဝင်စားလိုလတ်သည် ရှိသော်၊ ပါဒက တစိတ်၊ အဘိဥာန်တစိတ်၊ တဘန် ပါဒကတစိတ်၊ အဘိညာဉ်တစိတ်၊ ပစ္စဝေက္ခဏာတစိတ်။ချလေ။ ။

အနာဂတံသဏြဳယာ အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။အနာဂတံသ။ ပ။ ရဟန္တာပုဂ္ဂိုလ်သည်၊ အနုလောမ, အားဖြင့် လာလတ္တံ့သော ၇-ရက်မှစ၍၊ အနာဂတ်ဖြစ်သော အကုသိုလ်ကို သိခြင်းငှါအလိုရှိသည်ဖြစ်၍၊ပါဒက။ပ။ဝင်စား လိုလတ်သည်ရှိသော်၊ပါဒကတစိတ်၊အဘိဥာန်တစိတ်၊ တဘန် ပါဒက တစိတ်၊အဘိညာဉ် တစိတ်၊ပစ္စဝေက္ခဏာ တစိတ်။ ။ ဤ ၅-စိတ်စေ့အောင် ချလေ။ ။ရဟန္တာပုဂ္ဂိုလ် ကြိယာ ဇောဆိုရုံမျှသာ ထူးတော့သည်။ ။

**မဟာကုသိုလ်အာရုံသည်။ကာမကုသိုလ်အား ကျေးဇူးပြုပုံ။**

---

မဟာကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ကာမကုသိုလ်ချင်း, အကုသိုလ်, ကာမဝိပါက်,ကာမကြိယာ, ရူပကုသိုလ်, ရူပကြိယာ- ဤ ၆-ရာသိတို့အား- အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထိုတွင်၊ကာမကုသိုလ်ချင်းအား ပစ္စည်းတပ်ဟန်ကား။ ကာမကုသိုလ်ကို အာရုံပြု၍ ကာမကုသိုလ်ဇောစိတ်စိတ္တုပ္ပါဒ်ဖြစ်လိုလတ်သည်ရှိသော် အထက် ဝိထိနည်းမှီ၍ ချလေ။ ။အကုသိုလ်အား ပစ္စည်းတပ်ဟန်ကား။ ကာမကုသိုလ်ကို အာရုံပြု၍။အကုသိုလ်ဇော ဝိထိ စိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်။ ချလေ။ ။ကာမဝိပါက် အား ပစ္စည်းတပ်ဟန်ကား-ကာမကုသိုလ်ကိုအာရုံပြု၍၊ ကာမ ဝိပါက်တဒါရုံကိစ္စ ဖြစ်လိုလတ်သည်ရှိသော်။ချလေ။ ။ ကာမကြိယာအားပစ္စည်းတပ်ဟန်ကား။ ချလေ။

## ရူပကုသိုလ်အား ကျေးဇူးပြုပုံ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌။ ရူပကုသိုလ်သည်၊ စေတောပရိယကုသိုလ် အဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ အနာဂတံသကုသိုလ် အဘိညာဉ် အားဖြင့် ၄-ပါး အပြားရှိ၏။ ထိုတွင်၊ စေတော ပရိယ ကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ပုံကား။ စေတောပရိယ ကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမရူပ သတ္တပုဂ္ဂိုလ်သည် အနုလောမ, ပဋိလောမ, အားဖြင့် လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက်တိုင်အောင်၊ ကာလ ၃-ပါး၌ တည်သော သူတပါးတို့၏ ကာမကုသိုလ်ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ ပါဒက ဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊ ပါဒက တစီထိ၊ အဓိဋ္ဌာန်တစီထိ၊ တဘန် ပါဒက တစီထိ အဘိညာဉ် တစီထိ၊ ပစ္စဝေက္ခဏာ တစီထိ၊ ချလေ။ ။ဓမ္မသင်္ဂဏီ ကုသလံ ခန္ဓ ဇာနာတိ ဟု ဆိုလေ။ ။

ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ပုံကား။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ကို ရပြီးသောတိဟိတ်ကာမ,ရူပ သတ္တပုဂ္ဂိုလ်သည် ပဋိလောမ အားဖြင့် လွန်လေပြီးသော ၇-ရက်မှစ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ကာမကုသိုလ်ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊ ပါဒက တစီထိ အဓိဋ္ဌာန် တစီထိ တဘန် ပါဒက တစီထိ၊ အဘိညာဉ် တစီထိ၊ ပစ္စဝေက္ခဏာ တစီထိ။ ချလေ။ ။

ယထာကမ္မူပဂကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ပုံကား၊ ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်ကို ရပြီး

သော တိဟိတ်ကာမ, ရူပ, သေက္ခပုဂ္ဂိုလ်သည်၊ အတိတ်ဖြစ်သော ကာမကုသိုလ်ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ ပါဒက ဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊ပါဒက တဝိထိ၊ အဘိဉ္ဉာဉ် တဝိထိ၊ပါဒက တဝိထိ၊ အဘိညာဉ် တဝိထိ၊ ပစ္စဝေက္ခဏာ တဝိထိ။ ချလေ။ ။

အနာဂတံသကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ အနာဂတံသကုသိုလ် အဘိညာဉ်ကို ရပြီးသော တိဟိတ် ကာမ,ရူပ သေက္ခပုဂ္ဂိုလ်သည် အနုလောမ,အားဖြင့် လာလတ္တံ့သော ၇-ရက်မှစ၍၊ အနာဂတ်ဖြစ်သော ကာမကုသိုလ်ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော် ပါဒက တဝိထိ၊ အဓိဋ္ဌာန် တဝိထိ၊ တဘန် ပါဒက တဝိထိ၊ အဘိညာဉ် တဝိထိ၊ ပစ္စဝေက္ခဏာ တဝိထိ။ ချလေ။ ။ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ။

## ရူပကြိယာအား ကျေးဇူးပြုပုံ။

ရူပကြိယာအား ပစ္စည်းတပ်ရာ၌၊ ရူပကြိယာသည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မုပဂ, အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် ၄-ပါး အပြားရှိ၏။ ။ အကုသိုလ်ကို နည်းမှီ၍ ၅-ဝိထိချလေ။ ရဟန္တာပုဂ္ဂိုလ် ကြိယာဇော ဆိုရုံမျှသာ ထူးတော့သည်။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ ကာမကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏ ပစ္စည်းသည်၊ရူပကြိယာအား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ကာမကုသိုလ်ပြီး၏။ ။

## ကာမဝိပါက်အာရုံသည်။ကာမဝိပါက်အား ကျေးဇူးပြုပုံ။

ကာမဝိပါက်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ကာမဝိပါက်ချင်း, အကုသိုလ်,ကာမကုသိုလ်,ကာမကြိယာ, ရူပကုသိုလ်. ရူပကြိယာ, ဤ ၆-ရာသီတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထိုတွင်၊ ကာမဝိပါက်ချင်းအား ပစ္စည်းတပ်ဟန်ကား။ကာမဝိပါက်ကို အာရုံပြု၍ တဒါရုံကိစ္စ ဖြစ်လိုလတ်သည်ရှိသော်။ချလေ။ ။အကုသိုလ်အား ပစ္စည်းတပ်ရာ၌။ချလေ။ ။ကာမကုသိုလ်အား ပစ္စည်းတပ်ရာ၌။ ချလေ။ ။ကာမကြိယာအား ပစ္စည်းတပ်ရာ၌။ ချလေ။ ။

## ရူပကုသိုလ်အား ကျေးဇူးပြုပုံ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌၊ ရူပကုသိုလ်သည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသကုသိုလ် အဘိညာဉ်အားဖြင့် ၃ ပါး အပြားရှိ၏။ ထိုတွင်။စေတောပရိယကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။စေတောပရိယကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမ, ရူပ သေက္ခပုဂ္ဂိုလ်သည်၊ လွန်လေပြီးသော ၇-ရက်မှစ၍။ လာလတ္တံ့သော ၇ ရက်တိုင်အောင်၊ သူတပါးတို့၏ ကာမဝိပါက်ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ ပါဒက ဖြစ်သော ရူပါဝစရကုသိုလ်ပဥ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊ ပါဒက တဝိထိ၊ အဘိဥ္ဈာန် တဝိထိ၊ တဘန် ပါဒက တဝိထိ၊ အဘိညာဉ် တဝိထိ၊ ပစ္စဝေက္ခဏာ တဝိထိ။ချလေ။ ။ရူမဿ ဝိပါကံ ခန္ဓ ဇာနာတိ ဟု ဆိုလေ။ ။

ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ပုဗ္ဗေနိဝါသာနုဿတိ။ပ။ ပုဂ္ဂိုလ်သည်၊ပဋိလောမအားဖြင့်။ ပ။ ပုဗ္ဗေနိဝုတ္ထ ဖြစ်သော ကာမဝိပါက်ကို သိခြင်း

၅၊ အလိုရှိသည်ဖြစ်၍၊ ပါဒက။ ပ။ ဝင်စားလိုလတ်သည် ရှိသော်။ ။၅-ဝိထိချလေ။ ။အနာဂတံသဉာဏ်အဘိညာဉ် အား ပစ္စည်းတပ်ဟန်ကား။ အနာဂတံ။ပ။ပုဂ္ဂိုလ်သည် အနာ လောမ,အားဖြင့်။ ပ။ အနာဂတ်ဖြစ်သော ကာမဝိပါက်ကို သိ ခြင်း၅၊ အလိုရှိသည်ဖြစ်၍။ပါဒက။ ပ။ဝင်စားလိုလတ်သည်ရှိ သော်။ ။၅ ဝိထိချလေ။ ။ဤသို့ အစရှိသည်ဖြင့်ဆိုလေ။ ။

## ရူပကြိယာအားကျေးဇူးပြုပုံ။

ရူပကြိယာအား ပစ္စည်းတပ်ရာ၌၊ ရူပကြိယာသည်, စေ တောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသကြိယာ အဘိညာဉ်အားဖြင့် ၃ ပါးအပြားရှိ၏။ ။၅-ဝိထိချလေ။ ရဟန္တာပုဂ္ဂိုလ်ကြိယာဆိုရုံမျှသာ ထူးတော့သည်။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ ကာမဝိပါက်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ရူပကြိယာအား- အာရမ္မဏသတ္တိ ဖြင့် ကျေးဇူးပြုပေ၏။ ။ကာမဝိပါက်ပြီး၏။ ။

---

## ကာမကြိယာအာရုံသည်၊ကာမကြိယာအား ကျေးဇူးပြုပုံ။

ကာမကြိယာဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ကာမကြိယာချင်း,အကုသိုလ်,ကာမကုသိုလ်, ကာမဝိပါက်, ရူပကုသိုလ်, ရူပကြိယာ, ဤ ၆-ရာသီတို့အား- အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထိုတွင်။ ကာမကြိယာချင်းအား ပစ္စည်းတပ်ဟန်ကား။ကာမကြိယာကို အာရုံပြု၍ ကာမကြိ ယာဇောဝိထိစိတ်တို့ပွါးဒ် ဖြစ်လိုလတ်သည်ရှိသော်။ ချလေ။ ။ အကုသိုလ်မှာ တဝိထိ။ ။ကာမကုသိုလ်မှာ တဝိထိ။ ။ ကာမဝိပါက်မှာ တဝိထိ။ချလေ။ ။

## ရူပကုသိုလ်အား ကျေးဇူးပြုပုံ။

ရူပကုသိုလ်အား ပစ္စည်းတစ်ရာ၌ ရူပကုသိုလ်သည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် ၃ ပါးအပြားရှိ၏။ ထိုတွင်၊ စေတောပရိယ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတစ်ဟန်းကား။ ၅-ဝိထိချလေ။ ။ရှမသည ကြိယံ ခန္ဓ ဇာနာမိ-ဟု ဆိုလေ။ ။

ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတစ်ရာ၌၊ ၅-ဝိထိချလေ၊ ။အနာဂတံသကုသိုလ်အဘိညာဉ်အား ပစ္စည်းတစ်ရာ၌၊ ၅-ဝိထိချလေ။ ။ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ။

## ရူပကြိယာအား ကျေးဇူးပြုပုံ။

ရူပကြိယာအား ပစ္စည်းတစ်ရာ၌၊ ရူပကြိယာသည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် ၃-ပါးအပြားရှိ၏။ ။၅ ဝိထိချလေ။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ ကာမကြိယာဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ရူပကြိယာအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ကာမကြိယာပြီး၏။ ။

---

## ရူပကုသိုလ်အာရုံသည်၊ ရူပကုသိုလ်အား ကျေးဇူးပြုပုံ။

ရူပကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ရူပကုသိုလ်ချင်း,အကုသိုလ်, ကာမကုသိုလ်, ကာမကြိယာ, ရူပကြိယာ-ဤ ၅-ရာသီတို့အား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထိုတွင်၊ ရူပကုသိုလ်ချင်းအား ပစ္စည်းတစ်ရာ၌၊ ရူပကုသိုလ်သည်၊ ဈာနဝိဓ, စေတောပရိယ, ပုဗ္ဗေနိဝါသာ

နှံ့သတိ, ယထာကမ္မူပဂ, အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် ၅-ပါး။ပ။၏။ထိုတွင်။ *ရူပါဝစရကုသိုလ်အဘိညာဉ်အား ပစ္စည်းတစ်ဟန်ကား။ ရူပါဝစရကုသိုလ် အဘိညာဉ်ကို ရပြီးသောတိပိဋကာမ, ရူပ, သေကွာပုဂ္ဂိုလ်သည်၊ သတ, သဟာသ- အစရှိသော နိမ္မိတရုပ်ကို ဖန်ဆင်းခြင်း၌ အလိုရှိသည်ဖြစ်၍၊ ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊ မိမိပင့်သန္တေ။ပ။ပဉ္စဝေါကာရ တိပိဋကဘဝင် ၉-ချက်ရှိတွင်၊ တရရသည်။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂ ကြိမ်ဖြစ်၍ချုပ်၏။ ပထဝီကသိုဏ်းပညတ်ပင့်ဘာဂ နိမိတ်သည်လည်း၊ အာသန္နတရ။ပ။ထင်ခြင်းသို့ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ထိုနောင် ဥပစာရသမာဓိဇော။ ထိုနောင် ဈာန်ဇောကိစ္စ များစွာဖြစ်၍ချုပ်၏။ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၍ချုပ်၏။ ။ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်၊ သတ, သဟာသ-အစရှိသော နိမ္မိတရုပ်ကို ဖြစ်စေခြင်း၌ အခြေပြု၏။ ။

ထိုနောင်၊ သတံ ဟောမိ,သဟဿံ ဟောမိ-အစရှိသည်ဖြင့် ဆောက်တည်သော အားဖြင့် အဓိဋ္ဌာန် ဇောဝိထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည် ရှိသော်၊မိမိပင့်သန္တေ။ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ အဓိဋ္ဌာတဗ္ဗဖြစ်သော သတ, သဟာသ- အစရှိသော နိမ္မိတရုပ်သည်လည်း၊ အာသန္နတရ။ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် အဓိဋ္ဌာန်ဇော။ ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၍ ချုပ်၏။ ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်၊ သတ, သဟာသ- အစရှိသော နိမ္မိတရုပ်ကို ဖြစ်စေသော-ဟု ဆောက်တည်ခြင်းကိုပြု၏။ ထိုနောင် ပါဒက။ပ။ တဘန်ဝင်စားလိုလတ်သည်ရှိသော်။ ။ပဥ္စမပါဒကနှင့်အတူချလေ။ ။

ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်၊ သတ, သဟာသ- အစရှိသော နိမ္မိတရုပ်ကို ဖြစ်စေခြင်းငှါ တဘန် အခြေပြု၍။ ။ထိုနောင် ပါဒက ဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကို အာရုံပြု၍၊ ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်စော ဝိထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပဋိုသန္တေ။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်သည်လည်း၊ အာသန္နတရ။ ပ။ ထင်ခြင်းသို့ရောက်၏။ထိုနောင် မနောဒွါရာဝဇ္ဇန်း။ထိုနောင် ဥပစာရ သမာဓိစော။ ထိုနောင် ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည်၊ သတ, သဟာသ အစရှိသော နိမ္မိတရုပ်ကို ဖြစ်စေလျက်၊ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်စောကိစ္စ တကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင်။ ပ။ ဘဝင်ကိစ္စ ဖြစ်လိုက်သန္တေ့ ဖြစ်၏။ ။ထိုဝိထိ စိတ္တုပ္ပါဒ်တို့ဖြင့်၊ သတ, သဟာသ-အစရှိသော နိမ္မိတရုပ်ကိုဖြစ်စေ၏။ ။ထိုနောင် ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်သည်ဖြစ်စေအပ်သော၊ သတ သဟာသ အစရှိသော နိမ္မိတရုပ်ကို ဆင်ခြင်လိုလတ်သည် ရှိသော်၊ မိမိပဋိုသန္တေ။ ပ။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုတို့တွင်၊ တခုခုသည်။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်သည် ဖြစ်စေအပ်သော။ သတ, သဟာသ-အစရှိသော နိမ္မိတရုပ်သည်လည်း၊ အာသန္နတရ။ ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် ပစ္စဝေက္ခဏာစော။ ထိုနောင် ဘဝင်ကိစ္စဖြစ်လိုက်သန္တေ့ဖြစ်၏။ ။ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်။ ဣဒ္ဓိဝိဓ။ ပ။ ရုပ်ကို ဆင်ခြင်၏။ ။

(တနည်းကား။ ဣဒ္ဓိဝိဓ ကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမ, ရူပ, သေက္ခပုဂ္ဂိုလ်သည်၊

ပေါ့ပါးလျင်လျား၊ ထင်ရှားသောကိုယ်ဖြင့်၊ လိုရာအရပ်သို့ ရောက်စေခြင်း၌ အလိုရှိသည်ဖြစ်၍၊ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉-ချက်တွင်၊တခုခုသည်၊ဘဝင်စလန, ဘဝင်ုပစ္ဆေဒဟု၊ ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ပထဝီကသိုဏ်းပညတ် ပဋိဘာဂ နိမိတ်သည်လည်း၊ အာသန္နတရ။ ပ ။ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် ဥပစာရ သမာဓိဇော။ ထိုနောင် ဈာန်ဇောကိစ္စ များစွာဖြစ်၍ချုပ်၏။ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၍ချုပ်၏။ ။ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့်၊ ပေါ့ပါးလျင်လျား၊ ထင်ရှားသောကိုယ်ဖြင့်၊ လိုရာအရပ်သို့ ရောက်စေခြင်း၌ အလိုရှိသည်ဖြစ်၍၊ ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကို ဝင်စား၏။ ။

ထိုနောင်၊ ဣစ္ဆိတဋ္ဌာနံ ဂန္တုံ သက္ကောမိ၊ ဣစ္ဆိတဋ္ဌာနံ ဂန္တုံ သက္ကောမိ-ဟု ဆောက်တည်သော အားဖြင့် အဓိဋ္ဌာန်ဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည် ရှိသော်၊မိမိပဋိသန္ဓေ။ ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ချုပ်၏။ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည်လည်း၊ အာသန္နတရဖြစ်၍။ပ။ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ထိုနောင် အဓိဋ္ဌာန်ဇော။ ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၍ချုပ်၏။ ။ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပေါ့ပါးလျင်လျား၊ ထင်ရှားသောကိုယ်ဖြင့်၊ လိုရာအရပ်သို့ ရောက်စေသော-ဟု ဆောက်တည်ခြင်းကိုပြု၏။ ။

ထိုနောင် ပါဒက ဖြစ်။ ပ။ တဘန် ဝင်စားလိုလတ်သည်ရှိသော်။ ။ပဌမပါဒကနှင့် အတူချလေ။ ။ဤ။ပ။တို့ဖြင့်။ပေါ့ပါးလျင်လျား၊ ထင်ရှားသော ကိုယ်ဖြင့်၊ လိုရာအရပ်သို့ရောက်စေခြင်း၌ တဘန်အခြေပြု၏။ ။ထိုနောင် ပါဒက ဖြစ်သော။ပ။ဈာန်ကို အာရုံပြု၍၊ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်စော ၈ိထိ၈ိတ္တုပ္ပါဒ်ဖြစ်လိုလတ်သည် ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ဘဝင်စနလ, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ပါဒက။ပ။သည်လည်း အာသန္နတရ။ ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် ဥပစာရ သမာဓိစော။ ထိုနောင် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော။ပ။ ဈာန်သည်၊ ပေါ့ပါး လျင်လျား၊ထင်ရှားသော ကိုယ်ဖြင့်၊လိုရာအရပ်သို့ ရောက်လျက်။ ဣဒ္ဓိဝိဓ။ပ။တကြိမ်ဖြစ်၍ချုပ်၏၊ဤ။ပ။ဖြင့်၊ ပေါ့ပါးလျင်လျား၊ ထင်ရှားသောကိုယ်ဖြင့်၊လိုရာအရပ်သို့ရောက်၏။

ထိုနောင် ဣဒ္ဓိဝိဓ။ပ။သည် သိအပ်သော ပါဒက။ပ။ပဉ္စမဈာန်ကို ဆင်ခြင်လတ်သည်ရှိသော်၊မိမိပဋိသန္ဓေ။ပ။ပဋ္ဌဝေါကာရ တိဟိတ်ဘဝင် ၉ ခုတို့တွင်၊ တခုခုသည်၊ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ဣဒ္ဓိဝိဓ၊ ပ။ သည် သိအပ်သော ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်သည်လည်း။ အာသန္နတရဖြစ်၍ ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် ပစ္စဝေက္ခဏာစော၊ ထိုနောင် ဘဝင်ကိစ္စ ဖြစ်သက်သရွေ့ဖြစ်၏။ ။

ဤ။ပ။ဖြင့် ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်သည် သိအပ်သော ပါဒက။ပ။ကိုဆင်ခြင်၏။ ။( ဤအရာ၌ ရူပကုသိုလ်သာအဘိညာဉ်၏အာရုံဖြစ်မှုသင့်သည် *)

စေတောပရိယ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ စေတောပရိယကုသိုလ် အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမ, ရူပ,သေက္ခပုဂ္ဂိုလ်သည်၊ အနုလောမ, ပဋိလောမအားဖြင့်၊ လွန်လေပြီးသော ၇ ရက်မှစ၍၊ လာလတ္တံ့သော ၇-ရက် တိုင်အောင်၊ ကာလသုံးပါး၌ တည်သော သူ့ဘာပါး တို့၏ ရူပကုသိုလ်ကို သိခြင်း၌ အလိုရှိသည်ဖြစ်၍၊ ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊ ပါဒက တစ်ဝိထိ၊ အမိဋ္ဌာန် တစ်ဝိထိ၊ တဘန် ပါဒက တစ်ဝိထိ၊ အဘိညာဉ် တစ်ဝိထိ ပစ္စပေက္ခဏာ တစ်ဝိထိချလေ။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ ငါးဝိထိ ချလေ။ ။ယထာကမ္မူပဂ ကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ ၅-ဝိထိ ချလေ။ ။ အနာဂတံသကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ ၅ ဝိထိချလေ။ ။ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ။

## အကုသိုလ်အား ကျေးဇူးပြုပုံ။

အကုသိုလ်အား ပစ္စည်းတပ်ဟန်ကား။ ရူပကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဇောဝိထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည် ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ရူပကုသိုလ်သည်လည်း၊ အာသန္န တရ။ ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် ဇော ၇-ကြိမ်။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ဘဝင် ကျနဝိသတို့တွင်၊ တခုခုသည်၊ ဘဝင်ကိစ္စ ဖြစ်လိုက်သရွေ့ ဖြစ်၏။ ။ကာမကုသိုလ်၌ တဝိထိ၊ ကာမကြိယာ၌ တဝိထိ ချလေ။ ။

## ရူပကြိယာအား ကျေးဇူးပြုပုံ။

ရူပကြိယာအား ပစ္စည်းတစ်ရာ၌၊ ရူပကြိယာသည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် ၄-ပါးအပြားရှိ၏။ထိုတွင်။ စေတောပရိယကြိယာ အဘိညာဉ်အား ပစ္စည်းတစ်ဟန်ကား။ ။ဥင်းလေးပါးမှာလည်း ၅-ဝိထိချလေ။ ။ဤသို့အစရှိသည်ဖြင့် ဖြစ်သောအခါ၊ ရူပကုသိုလ် ဟုဆိုအပ်သောအာရမ္မဏပစ္စည်းသည်၊ ရူပကြိယာအား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ရူပကုသိုလ်ပြီး၏။ ။

---

## ရူပဝိပါက်အာရုံသည်-အကုသိုလ်အား ကျေးဇူးပြုပုံ။

ရူပဝိပါက်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်-အကုသိုလ်, ကာမကုသိုလ်, ကာမကြိယာ, ရူပကုသိုလ်, ရူပကြိယာ, ဤ ၅ ရာသီတို့အား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။

ထိုတွင်၊ အကုသိုလ်အားပစ္စည်းတစ်ဟန်ကား။ရူပဝိပါက်ကို အာရုံပြု၍အကုသိုလ်ဇောဝိထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ပ။ဘဝင်စလန,ဘဝုပစ္ဆေ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ရူပဝိပါက်သည်လည်း၊ အာသန္နတရ။ ပ။ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း၊ ထိုနောင် ဇောကိစ္စ ၇-ကြိမ် ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ဖြစ်၏။ ။မဟာကုသိုလ် တဝိထိ၊ ။မဟာကြိယာ တဝိထိ။ ။

## ရူပကုသိုလ်အား ကျေးဇူးပြုပုံ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌။ ရူပကုသိုလ်သည်၊ စေတောပရိယ,ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသ ကုသိုလ် အဘိညာဉ်အားဖြင့် ၃-ပါး အပြားရှိ၏။ ထိုတွင်၊ စေတောပရိယကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား၊ စေတောပရိယကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမရူပသေက္ခပုဂ္ဂိုလ်သည်၊ အနုလောမ, ပဋိလောမ,အားဖြင့်၊ လွန်လေပြီးသော ၇-ရက်မှစ၍၊ လာလတ္တံ့သော ၇-ရက်တိုင်အောင်၊ ကာလသုံးပါး၌ တည်သော သူဘပါးတို့၏ ရူပဝိပါက်ကို သိခြင်းငှါအလိုရှိသည်ဖြစ်၍ ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်၊ စေတောပရိယ၌ ၅-ဂိထိ။ ။ပုဗ္ဗေနိဝါသာ နုဿတိ၌ ၅-ဝိထိ။ ။အနာဂတံသ၌ ၅-ဝိထိချလေ။ ။ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ။

## ရူပကြိယာအား ကျေးဇူးပြုပုံ။

ရူပကြိယာအား ပစ္စည်းဘပ်ရာ၌၊ ရူပကြိယာသည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသ ကြိယာ အဘိညာဉ်အားဖြင့် ၃-ပါးအပြားရှိ၏။ ။၎င်း ၃-ပါးမှာလည်း၊ ၅ ဝိထိစီချလေ။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သော အခါ၊ ရူပဝိပါက်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ရူပကြိယာအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ ရူပဝိပါက်ပြီး၏။ ။

## ရူပကြိယာအာရုံသည်၊ ရူပကြိယာအား ကျေးဇူးပြုပုံ ။

ရူပကြိယာဟု ဆိုအပ်သော အာရမ္မဏပစ္စည်း၊ ရူပကြိယာချင်း, အကုသိုလ်, ကာမကုသိုလ်, ကာမကြိယာ, ရူပကုသိုလ်,ဤ ၅ ရာသီတို့အား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ထိုတွင် ရူပကြိယာချင်းအား ပစ္စည်းတပ်ရာ၌၊ ရူပကြိယာသည်၊ ဣဒ္ဓိဝိဓ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် ၄ ပါးအပြားရှိ၏။ထိုတွင် ဣဒ္ဓိဝိဓကြိယာအဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ ဣဒ္ဓိဝိဓကြိယာ အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမ, ရူပရဟန္တာပုဂ္ဂိုလ်သည်၊ သတ, သဟဿ- အစရှိသော နိမ္မိတရုပ်ကို ဖန်ဆင်းခြင်း၌ အလိုရှိသည့်ဖြစ်၍။ ။

*( ပေါ့ပါးလျင်လျား။ ထင်ရှားသောကိုယ်ဖြင့်၊ လိုရာအရပ်သို့ ရောက်ခြင်း၌ အလိုရှိသည် ဖြစ်၍၊ နောက်က တနည်းကားအတိုင်း ပြင်၍ဆိုလေ။ ။
*ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဥ္စမဈာန်ကို ဝင်စားလိုလတ်သည့်ရှိသော်၊ပါဒကတဝိထိ၊အဓိဋ္ဌာန်တဝိထိ၊ ဗာဟန် ပါဒက တဝိထိ၊ အဘိညာဉ် တဝိထိ၊ ပစ္စဝေက္ခဏာ တဝိထိ ချလေ )။ ။

စေတောပရိယ ကြိယာအဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား၊ စေတောပရိယကြိယာအဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမ, ရူပရဟန္တာပုဂ္ဂိုလ်သည်၊ အနုလောမ, ပဋိလောမ,အားဖြင့်၊ လွန်လေပြီးသော ၇-ရက်မှစ၍၊ လာလတ္တံ့သော ၇-ရက် တိုင်အောင်၊ ကာလ ၃-ပါး၌ တည်သော သူဘပါးတို့၏ ရူပကြိယာကို သိခြင်း၌ အလိုရှိသည် ဖြစ်၍၊ ပါဒက။ပ။ဝင်စားလိုလတ်သည့်ရှိသော်၊ ။၅-ဝိထိချလေ။ ။

ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်အား ပစ္စည်းတစ်ရာ၌ ၅ ဝိထ်ချလေ။ ။အနာဂတံသကြိယာအဘိညာဉ်အား ပစ္စည်းတစ်ရာ၌ ၅-ဝိထ်ချလေ။ ။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ ရူပကြိယာဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ရူပကြိယာချင်းအား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

## အကုသိုလ်အားကျေးဇူးပြုပုံ။

အကုသိုလ်အား ပစ္စည်းတစ်ဟန်ကား။ရူပကြိယာကို အာရုံပြု၍၊ အကုသိုလ်ဇောဝိထ်စိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည် ရှိသော်၊ မိမိပန့်သန္တေ။ပ။ဘဝင်ဇေကျနဝိထတို့တွင်၊တရရသည်။ ပ။ဘဝင်စလနနှ,ဘဝုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ရူပကြိယာသည်လည်း၊အာသန္နဘာရ။ပ၊ထင်ခြင်းသို့ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် အကုသိုလ်ဇော ၇-ကြိမ်။ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ရူပကြိယာဟု ဆိုအပ်သောအာရမ္မဏပစ္စည်းသည်၊အကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ကာမကုသိုလ်၌ တဝိထ်။ကာမကြိယာ၌ တဝိထ်။

## ရူပကုသိုလ်အားကျေးဇူးပြုပုံ။

ရူပကုသိုလ်အား ပစ္စည်းတင်ရာ၌ ရူပကုသိုလ်သည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် ၃-ပါးအပြားရှိ၏။၎င်း ၃-ပါးမှာ၊ ၅-ဝိထ်ချလေ။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ ရူပကြိယာဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ရူပကုသိုလ်အား-အာရမ္မဏသတ္တိဖြင့်ကျေးဇူးပြုပေ၏။ ။ရူပကြိယာပြီး၏။

## အရူပကုသိုလ်အာရုံသည်၊ အရူပကုသိုလ်အား ကျေးဇူးပြုပုံ။

အရူပကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ အရူပကုသိုလ်ချင်း, အကုသိုလ်, ကာမကုသိုလ်, ကာမကြိယာ, ရူပကုသိုလ်, ရူပကြိယာ, အရူပဝိပါက်, အရူပကြိယာ, ဤ၈ရာသိတို့အား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထိုတွင်၊ အရူပကုသိုလ်ချင်းအား ပစ္စည်းတပ်ရာ၌၊ အရူပကုသိုလ်သည်၊ ဝိညာဏဉ္စာယတန, နေဝသညာ နာသညာယတနကုသိုလ်အားဖြင့် ၂-ပါး အပြားရှိ၏။ ထိုတွင်၊ ဝိညာဏဉ္စာယတန ကုသိုလ်အား ပစ္စည်းတပ်ဟန်ကား။ အာကာသာနဉ္စာယတနစျာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပ, အရူပအာကာသာနဉ္စာယတန သေက္ခပုဂ္ဂိုလ်သည်၊ ဝိညာဏဉ္စာယတန ကုသိုလ်စျာန်ကို ရခြင်းငှါ အလိုရှိသည့်ဖြစ်၍၊ ငါရသော အာကာသာနဉ္စာယတန ကုသိုလ်စျာန်သည်၊ ရူပါဝစရကုသိုလ် ပဉ္စမစျာန်တည်း ဟူသော နီးသောရန်သူရှိ၏။ ပ။ဝိညာဏံ အနန္တံ၊ဝိညာဏံ အနန္တံ ဟု စီးဖြန်းဘန်းများ၍၊ ဝိညာဏဉ္စာယတန ကုသိုလ်စျာန်ကို ရလိုလတ်သည့်ရှိသော်၊ အာဒိကမ္မိက တစိတ်၊သမာပဇ္ဇန တစိတ်။ပဟောတုကို နည်းမှီ၍ ချလေ။ ။

နေဝသညာ နာသညာယတနကုသိုလ်အား ပစ္စည်းတပ်ဟန်ကား။ အာကိဉ္စညာယတနကုသိုလ်စျာန်ကို ရပြီးသော တိဟိတ်ကာမ ရူပ,အရူပ အာကိဉ္စညာယတန သေက္ခပုဂ္ဂိုလ်သည်၊ နေဝသညာ နာသညာယတနကုသိုလ်စျာန်ကို ရခြင်းငှါ အလိုရှိသည်ဖြစ်၍။ ပ။ သန္တမေတံ၊ ပဏီတမေတံ-ဟု စီးဖြန်းဘန်များ၍၊ နေဝသညာ နာသညာယတန ကုသိုလ်စျာန်ကို ရလိုလတ်သည်ရှိသော်၊ အာဒိကမ္မိက တစိတ် သမာပဇ္ဇန

တပိုဒ်။ချလေ။ ။ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ အရူပကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏ ပစ္စည်းသည်၊အရူပကုသိုလ်ချင်းအား-အာရမ္မဏသတ္တိဖြင့်ကျေးဇူးပြုပေ၏။ ။

## အကုသိုလ်အား ကျေးဇူးပြုပုံ။

အကုသိုလ်အား ပစ္စည်းတပ်ဟန်ကား။ အရူပကုသိုလ်ကို အာရုံပြု၍၊ အကုသိုလ်ဇောဗိုလ်ပိုဒ်တွဲပွါး ဖြစ်လိုလတ်သည် ရှိသော်၊မိမိပင်သန္တာ။ပ။ဘဝင်ကျေနပ်သတ္တိတွင်၊တရုရသည်။ ပ။ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။အရူပကုသိုလ်သည်လည်း၊ အာသန္နတရ။ပ။ထင်ခြင်း သို့ရောက်၏။ထိုနောင် မနောဒွါရာဝဇ္ဇန်း။ထိုနောင် အကုသိုလ် ဇော ၇-ကြိမ်။ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သန္တာန်ဖြစ်၏။ ။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ အရူပကုသိုလ်ဟု ဆို အပ်သော အာရမ္မဏပစ္စည်းသည်၊ အကုသိုလ်အား-အာရမ္မ ဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ကာမကုသိုလ်၌ တပိုဒ်။ ။ ကာမကြိယာ၌ တပိုဒ်ချလေ။ ။

## ရူပကုသိုလ်အား ကျေးဇူးပုံ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌၊ ရူပကုသိုလ်သည်၊ စေ တောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မုပဂ, အနာ ဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် ၄-ပါးအပြားရှိ၏။ ထို တွင်၊ စေတောပရိယ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ် ဟန်ကား။စေတောပရိယ။ပ။ သေက္ခပုဂ္ဂိုလ်သည် အနုလော မ, ပဋိလောမအားဖြင့်။ ပ။ သူတပါးတို့၏ အရူပကုသိုလ်ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ပါဒက။ပ။ဝင်စားလိုလတ်သည် ရှိသော်၊ စေတော ပရိယ၌ ၅-ပိုဒ်၊ ပုဗ္ဗေနိဝါသာ နုဿတိ၌ ၅ ပိုဒ်။ယထာကမ္မုပဂ၌ ၅-ပိုဒ်။အနာဂတံသ၌ ၅-ပိုဒ်။ ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ။

## ရူပကြိယာအားကျေးဇူးပြုပုံ။

ရူပကြိယာအား ပစ္စည်းတပ်ရာ၌၊ အရူပကြိယာသည် စေတောပရိယ, ပုဗ္ဗေနိဝါသာ နုဿတိ, ယထာကမ္မူပဂ, အနာဂတံသ ကြိယာ အဘိညာဉ်အားဖြင့် ၄-ပါး အပြားရှိ၏။ ထိုတွင်၊ စေတောပရိယကြိယာ အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။ စေတောပရိယ။ ပ။ ရဟန္တာပုဂ္ဂိုလ်သည်၊ အနုလောမ, ပန်လောမ, အားဖြင့်။ ပ။ သူတပါးတို့၏ အရူပကုသိုလ်ကို သိခြင်း၌ါ အလိုရှိသည်ဖြစ်၍၊ ပါဒက။ပ။ဝင်စားလိုသတ်သည်ရှိသော်။ ။၅ ဝိထ် ချလေ။ရဟန္တာပုဂ္ဂိုလ်ကြိယာဇော ဆိုရုံမျှသာ ထူးဘော့သည်။

## အရူပဝိပါက်အားကျေးဇူးပြုပုံ။

အရူပဝိပါက်အား ပစ္စည်းတပ်ရာ၌၊ အရူပဝိပါက်သည်၊ ဝိညာဏဉ္စာယတန၊နေဝသညာနာသညာယတနဝိပါက်အားဖြင့် ၂-ပါးအပြားရှိ၏။ ထိုတွင်။ ဝိညာဏဉ္စာ ယတနဝိပါက်အား ပစ္စည်းတပ်ဟန်ကား။အာကာသာနဉ္စာယတနဘုံ ဝိညာဏဉ္စာယတနဘုံမှ ရတေ၍၊ ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပါဝစရဆယ်ဘုံမှ ရတေ၍၊ ဝိညာဏဉ္စာ ယတနဘုံ၌ ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ကာမသုဂတိ ခုနစ်ဘုံမှ ရတေ၍၊ ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေနေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိအားဖြင့် ၃-ပါး အပြားရှိ၏။ ။ထိုတွင်။အာကာသာနဉ္စာယတနဘုံ၊ဝိညာဏဉ္စာယတနဘုံမှရတေ၍ ဝိညာဏဉ္စာယတနဘုံ၌ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိသည်လည်း၊ ဇောနောင်ရတိ, ဇောနောင်ဘဝင်-ဘဝင်နောင် ရတိအားဖြင့် ၂-ပါးအပြားရှိ၏။ ။ထိုတွင်၊ ဇောနောင်ရတိဖြစ်ဟန်ကား။ အာကာသာ

နဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၌ ထင်ရှားရှိသော ဘဝမှ ရွေ့လျောသော အားဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးစုတိကျ၍၊ ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေ နေလိုတတ်သည် ရှိသော်၊ မိမိပဋိသန္ဓေ။ပ။အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန ဘဝင်အားဖြင့် ၂-ခတ္တိတွင်။ပ။ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။ ဘဝသစ်၌ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ အစွမ်းကြောင့်ထင်သော၊ ဤဘဝ-ရှေးဘဝ အဆက်ဆက်သန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်သည်လည်း၊ အာသန္နဘရ။ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ ထိုနောင် မဟာကုသိုလ်စိတ် ၈-ချက်တွင် တခုခုသည်၊ မရဏာသန္နဇောကိစ္စ ၅-ကြိမ်ဖြစ်၍ချုပ်၏။ထိုနောင် မိမိပဋိသန္ဓေ။ပ။ စုတိကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် အဝိဇ္ဇာနုသယသည် ခြံရံအပ်သော၊ ဥပါဒ်, ဌီ,ဘင်-နှင့် ပြည့်စုံသော ဝိညာဏဉ္စာယတနဝိပါက်သည်၊ မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော၊ ရှေးဘဝအဆက်ဆက်သန္တာန်၌ ဖြစ်ဘူးသော၊ အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စဖြစ်၍ချုပ်၏။ ။ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ဘဝင်ကိစ္စ ၁၅-ကြိမ်ဒုင်း၊ ၁၆-ကြိမ်ဒုင်း ဖြစ်၍ချုပ်၏။ ထိုနောင်၊ မိမိပဋိသန္ဓေနာမက္ခန္ဓာဟု ဆိုအပ်သော၊ ဘဝသစ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း။ ထိုနောင် ဘဝနိကန္တိလောဘဇောကိစ္စ ၇-ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။ နောက်ဝိထိကိုလည်းချလေ။ ။

နေဝသညာ နာသညာယတန ဝိပါက်အား ပစ္စည်းတပ်ဟန်ကား။အရူပ ၄-ဘုံမှစုတေ၍ နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံမှ စုတေ၍ နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်၏

ဝိသယပဝတ္တိ၊ ကာမသုဂတိ ၇-ဘုံမှ ဗုဒ္ဓ၏ နေဝသညာ နာသညာယတနဘုံ၌ ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ အားဖြင့် ၃-ပါး အပြားရှိ၏။ ။ဝိညာဏဉ္စာယတန ဝိပါက်ကို နည်းမှီ၍ချလေ။ ။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ၊ အရူပကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊အရူပဝိပါက်အား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။

အရူပကြိယာအားကျေးဇူးပြုပုံ။

အရူပကြိယာအား ပစ္စည်းတပ်ရာ၌ အရူပကြိယာသည်၊ ဝိညာဏဉ္စာယတနကြိယာ၊ နေဝသညာ နာသညာယတန ကြိယာအားဖြင့် ၂-ပါးအပြားရှိ၏။ ထိုတွင်၊ဝိညာဏဉ္စာယတန ကြိယာအား ပစ္စည်းတပ်ဟန်ကား။ဝိညာဏဉ္စာယတနဘုံ၌ တည်သော ရဟန္တာပုဂ္ဂိုလ်သည်၊ မိမိချမြီးသော ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ဝိညာဏဉ္စာယတန ဘဝင်တခုသည်။ ပ၊ ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ ရှေးဘဝအတွင်းသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည်လည်း၊ အာသန္နဘဝ။ပ။ထင်ခြင်းသို့ ရောက်၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်း။ထိုနောင် ဥပစာရသမာဓိဇော၊ထိုနောင် ဝိညာဏဉ္စာယတန ကြိယာဈာန်သည်၊ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသော အတိုင်း အပ္ပနာ သမာဓိဇောကိစ္စ များစွာဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဝိညာဏဉ္စာယတန ကြိယာအား ပစ္စည်းတပ်ဟန်ကား၊ သမာပတ် ၅စ်ပါးနှင့် ယထာရဟ ပြည့်စုံသော ကာမ, ရူပ, အာကာသာနဉ္စာယတန အနာဂါမိပုဂ္ဂိုလ်သည် ရဟန္တာ အဖြစ်သို့ရောက်၍၊အဋ္ဌကထာနည်းအားဖြင့်၊အာကာသာနဉ္စာ

ယတန ကြိယာဈာန်ကို မဝင်စားမီ၊ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်ငှင်း၊ ပဋိလောမ အားဖြင့် နေဝသညာ နာသညာယတန ကြိယာဈာန်၊ အာကိဉ္စညာယတန ကြိယာဈာန်ကို ဝင်စားပြီးမှ၊ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်ငှင်း။ ဧကန္တရိကအားဖြင့် ရူပါဝစရကြိယာပဌမ်ဈာန်။ တတိယဈာန်။ပဥ္စမဈာန်ကို ဝင်စားပြီးမှ။ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်ငှင်း။ဒွန္တရိက အားဖြင့်။ ရူပကြိယာပဌမဈာန်၊ စတုတ္ထဈာန်ကို ဝင်စားပြီးမှ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်ငှင်း။ ။

(*ဓိုကာနည်းအားဖြင့် အနုလောမ အားဖြင့်လည်း ရူပါဝစရကြိယာ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်၊ အာကာသာနဉ္စာယတနကြိယာဈာန်ကို ဝင်စားပြီးမှ။ ဝိညာဏဉ္စာ ယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်ငှင်း။*)။ ။

မိမိပင်္ဂသန္တေ။ပ။ပဥ္စဝေါကာရတ်ပဋိတ်ဘဝင် ၉ ခု အာကာသာနဉ္စာယတနဘဝင်တခုအားဖြင့် ၁၀-ခုဘို့တွင်၊တခုခုသည် မိမိပင်္ဂသန္တေ။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ဤဘဝ ရှေးဘဝ အစ္စတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာ ယတနကုသိုလ်သည်လည်း၊ အာသန္နတရဖြစ်၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ အား-ထင်ခြင်းသို့ရောက်၏။ထိုနောင်၊အာသန္နဘာ၍။ ပ။ မနောဒွါရာဝဇ္ဇန်း၊ ထိုနောင်၊ မန္ဒပညာဖြစ်အံ့။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ။ တိက္ခပညာဖြစ်အံ့ ဥပစာ, အနုလုံ, ဂေါတြဘူ၊ ဥပစာရသမာဓိ ဇောကိစ္စဖြစ်၍ချုပ်၏။ထိုနောင် ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံ

သော ဝိညာဏဉ္စာယတန ကြိယာသည်၊ ဘဝင်အယဉ်ကဲ့သို့ အခ ေ သောအတိုင်း။ပ။ဖြစ်၍ချုပ်၏။ထိုနောင်၊ မိမိပဋိသန္ဓေ။ ပ။ဖြစ်၍ချုပ်၏။ ။နေဝသညာ နာသညာယတနကြိယာအား။ ပ။ ကား။ နေဝသညာ နာသညာ ယတနဘုံ၌ တည်သော ရဟန္တာပုဂ္ဂိုလ်သည် မိမိရပြီးသော နေဝသညာ နာသညာ ယတနကြိယာဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်၊ မိမိပဋိ သန္ဓေ။ပ။ဝိညာဏဉ္စာယတနဈာန်ကို နည်းမှီ၍ချလေ။ ။

သမာပတ် ၈-ပါးနှင့် ယထာရဟပြည့်စုံသော ကာမ,ရူပ, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာ ယတန အနာဂါမိပုဂ္ဂိုလ်သည်၊ ရဟန္တာအဖြစ်သို့ရောက်၍၊ အဋ္ဌကထာ နည်းအားဖြင့် အာကိဉ္စညာယတန ကြိယာဈာန်ကို မဝင်စားဘဲ၊ နေဝသညာ နာသညာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်ငင်း၊ ဋီကာရိကအားဖြင့် ရူပါ ဝစရကြိယာပဌမဈာန်၊တတိယဈာန်၊ပဉ္စမဈာန် ဝိညာဏဉ္စာ ယတနဈာန်ကို ဝင်စားပြီးမှ၊ နေဝသညာ နာသညာယတနကြိ ယာဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်ငင်း၊ ဋီကာရိကအား ဖြင့် ပဌမဈာန် စတုတ္ထဈာန်၊ ဝိညာဏဉ္စာယတန ကြိယာ ဈာန်ကို ဝင်စားပြီးမှ၊ နေဝသညာ နာသညာယတန ကြိယာ ဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်ငင်း။ ။

(*ဋီကာနည်းအားဖြင့် အနုလောမအားဖြင့်လည်း၊ ရူပါဝစရကြိယာ ပဌမဈာန်, ဒုတိယဈာန်, တတိယ ဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်, အာကာသာနဉ္စာယ တန, ဝိညာဏဉ္စာယတန,အာကိဉ္စညာယတနကြိယာ ဈာန်ကို ဝင်စားပြီးမှ၊ နေဝသညာ နာသညာယတန ကြိယာဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်ငင်း*)။

ပဋ္ဌာနပါဠိ ကာရ ဋီကာတ်ဘဝင် ၉-ခု။အာကာသာနဉ္စာ ယ တန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန ဘဝင်အားဖြင့်

၁၂-ချက်ိုတွင်။ပ။ ဘဝင်စလနှ, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။ ဤဘဝ, ရှေးဘဝအစ္စက္ကဿလ္လသနို့ဖြစ်ဘူးသောအာ ဘိဥ္စဉာယတနကုသိုလ်သည်လည်း၊အာသန္နတရ။ ပ။ထင်ခြင်းသို့ရောက်၏။ ထိုနောင်၊အာသန္နတရ။ပ။မနော ဒွါရာဝဇ္ဇန်း၊ ထိုနောင် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ဥပစာရသမာဓိဇော၊ထိုနောင် ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော နေဝသည္ညာ နာသညာယတနကြိယာသည်၊ ဘဝင်အယဉ်ကဲ့သို့။ပ။များစွာဖြစ်၍ချုပ်၏။ ထိုနောင် မိမိပင်ိုသင်္ခေ။ ပ။ ဖြစ်၍ချုပ်၏။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ အရူပကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ အရူပကြိယာအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အရူပကုသိုလ်ပြီး၏။

---

## အရူပဝိပါက်အာရုံသည်၊ ရူပကုသိုလ်အား ကျေးဇူးပြုပုံ။

အရူပဝိပါက်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်-အကုသိုလ်, ကာမကုသိုလ်, ကာမကြိယာ, ရူပကုသိုလ်, ရူပကြိယာ,ဤ၅-ရာသီတို့အား-အာရမ္မဏသတ္တိဖြင့်ကျေးဇူးပြုပေ၏။ ။ထိုတွင်၊ အကုသိုလ်, ကာမကုသိုလ်, ကာမကြိယာတို့မှာ။အောက်ကနည်းကိုမှီ၍ချလေ။ ။ရူပကုသိုလ်အားပစ္စည်းတစ်ရာ၌၊ ရူပကုသိုလ်သည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသအားဖြင့် ၃-ပါးအပြားရှိ၏။၎င်း ၃-ပါးမှာ ၅ ဝီထိ ချလေ။ ။

ရူပကြိယာအား- ပစ္စည်းတစ်ရာ၌လည်း၊ ၎င်းနည်းဘူ ၃-ပါးပင်၊ဤ ၃-ပါးမှာလည်း ငါးဝီထိစီချလေ။ ။ဤသို့အစရှိသည်ဖြင့်ဆိုလေ။ ။အရူပဝိပါက်ပြီး၏။

---

## အရူပကြိယာအာရုံသည်၊ အရူပကြိယာအား ကျေးဇူးပြုပုံ။

အရူပကြိယာဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်- အရူပကြိယာချင်း၊ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ ၆ ရာသီတို့အား- အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုတွင်၊ အရူပကြိယာချင်းအား ပစ္စည်းတစ်ရာ၌၊ အရူပကြိယာသည်၊ ဝိညာဏဉ္စာယတနကြိယာ၊ နေဝသညာနာသညာယတနကြိယာအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုတွင်၊ ဝိညာဏဉ္စာယတနကြိယာအား ပစ္စည်းတစ်ဟန်ကား။ အာကာသာနဉ္စာယတနကြိယာဈာန်ကို ရပြီးသော-အစရှိသည်ဖြင့်ဆိုလေ။ အာဒိကမ္မိက တဝိထိ၊ သမာပဇ္ဇန တဝိထိတို့ကို အောက်ကနည်းကို မှီ၍ချလေ။ ။ နေဝသညာနာသညာယတနကြိယာတို့မှာလည်း၊ ဎင်းနည်းတူချလေ။ ။ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာတို့မှာလည်း၊ ဎင်းနည်းတူချလေ။ ။

ရူပကုသိုလ်အား-ပစ္စည်းတစ်ရာ၌၊ ရူပကုသိုလ်သည်လည်း။ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသအားဖြင့် ၃-ပါး အပြားရှိ၏။ ဤ ၃-ပါးမှာလည်း၊ အောက်နည်းကိုမှီ၍ ငါးဝိဉ်စီချလေ။ ။ ရူပကြိယာမှာလည်း၊ ၃-ပါးပင်၊ ၅ ဝိဉ်စီချလေ။ ။ ဤသို့ အစရှိသည်ဖြင့်ဆိုလေ။ ။ အရူပကြိယာပြီး၏။ ။

---

## လောကုတ္တရာကုသိုလ်အာရုံသည်။ ကာမကုသိုလ်အား ကျေးဇူးပြုပုံ။

လောကုတ္တရာ ကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤလေးရာသီတို့အား- အာရမ္မဏသတ္တိဖြင့် ကျေး

ဖူးပြုပေ၏။ထိုတွင် ကာမကုသိုလ်အားပစ္စည်းတပ်ဟန်ကား။ သောတာပတ္တိမဂ်ဖိုလ်ကို ရပြီးသော ကာမ,ရူပ, အရူပ သောတာပန်ပုဂ္ဂိုလ်သည်၊ မိမိရပြီးသော သောတာပတ္တိ မဂ်ကို အာဝဇ္ဇနဝီထိ, ပစ္စဝေက္ခဏာ ဝီထိဇောတို့ဖြင့် အလေ့အလာပြု၍၊ ဆင်ခြင်လိုလတ်သည် ရှိသော်။ မိမိပဋိသန္ဓေ။ပ။ တိဟိတ်ဘဝင်တောရသတို့တွင်၊ တခုသည်။ပ။ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ချုပ်၏။သောတာပတ္တိ မဂ်သည်လည်း။ အာသန္နတရဖြစ်၍။ ပ။ ထင်ခြင်းသို့ရောက်၏။ ထိုနောင် အာသန္နတရ။ ပ။ မနောဒွါရာဝဇ္ဇန်း။ ထိုနောင် မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခုတို့တွင်၊ တခုသည်၊ပစ္စဝေက္ခဏာဇောကိစ္စ ၇-ကြိမ်ဖြစ်၍ချုပ်၏။ထိုနောင် မိမိပဋိသန္ဓေ။ပ။ဖြစ်၍ချုပ်၏။ ။သကဒါဂါမိဖိုလ်, သကဒါဂါမိမဂ်ကို ဆင်ခြင်ရာ၌ ၎င်းနည်းတူချလေ။အနာဂါမိဖိုလ်၊အနာဂါမိမဂ်ကို ဆင်ခြင်ရာ၌လည်း။၎င်းနည်းတူချလေ။ဤသို့ အစရှိသည်ဖြင့်ဆိုလေ။ ။

## ကာမကြိယာအား ကျေးဇူးပြုပုံ။

ကာမကြိယာအား ပစ္စည်းတပ်ဟန်ကား။ ကာမ, ရူပ, အရူပ ရဟန္တာပုဂ္ဂိုလ်သည်၊ မိမိရပြီးသော အရဟတ္တမဂ်ကို အာဝဇ္ဇနဝီထိ, ပစ္စဝေက္ခဏာ ဝီထိဇောတို့ဖြင့် အလေ့အလာပြု၍ ဆင်ခြင်လိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ တိဟိတ်ဘဝင်တောရသတို့တွင်၊ တခုသည်။ပ။န, ဒ-ဟု နှစ်ကြိမ်ဖြစ်၍ချုပ်၏။ အရဟတ္တမဂ်သည်လည်း၊ အာသန္နတရဖြစ်၍။ပ။ ထင်ခြင်းသို့ ရောက်၏။ ထိုနောင် အာသန္နတရ။ပ။မနောဒွါရာဝဇ္ဇန်း။ ထိုနောင် မဟာကြိယာဉာဏသမ္ပယုတ် ၄-ခုတို့တွင်၊ တခုသည်၊ ပစ္စဝေက္ခဏာဇောကိစ္စ ၇-ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၍ချုပ်၏။ ။ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ။

## ရူပကုသိုလ်အား ကျေးဇူးပြုပုံ။

ရူပကုသိုလ်အား ပစ္စည်းတစ်ရာ၌၊ ရူပကုသိုလ်သည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် ၃ပါးအပြားရှိ၏။ ထိုတွင်၊ စေတောပရိယကုသိုလ်အဘိညာဉ်အား ပစ္စည်းတစ်ဟန်ကား။ စေတောပရိယ ကုသိုလ်အဘိညာဉ်ကို ရပြီးသော ကာမ, ရူပ သောတာပန်ပုဂ္ဂိုလ်သည်၊ အနုလောမ, ပဋိလောမ, အားဖြင့် လွန်လေပြီးသော ၇-ရက်မှစ၍။ပ။ သူဘပါးတို့၏ သောတာပတ္တိမဂ်ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ ပါဒက ဖြစ်သော ရူပါဝစရ ကုသိုလ်ပဥ္စမဈာန်ကို ဝင်စားလိုလတ်သည် ရှိသော်၊ မိမိပင်သန္တာ။ပ။ပါဒက တစ်ဝိထိ၊အဝဇ္ဇန်း တစ်ဝိထိ။တဘန် ပါဒက တစ်ဝိထိ၊ အဘိညာဉ် တစ်ဝိထိ၊ ပစ္စဝေက္ခဏာ တစ်ဝိထိ၊ ၅-ဝိထိစီချလေ၊ သကဒါဂါမိမဂ်, အနာဂါမိ မဂ်တို့မှာလည်း၊ အတူထုချလေ။ ။ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသတို့မှာလည်း။ ဤနည်းအတူ ၅-ဝိထိစီချလေ၊ ။ဤသို့ အစရှိသည်ဖြင့် ဆိုလေ၊

## ရူပကြိယာအား ကျေးဇူးပြုပုံ။

ရူပကြိယာအား ပစ္စည်းတစ်ရာ၌၊ ရူပကြိယာသည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် ၃-ပါးအပြားရှိ၏။ ထိုတွင်၊ စေတောပရိယကြိယာ အဘိညာဉ်အား ပစ္စည်းတစ်ဟန်ကား။အထက်ကနည်းကိုမှီ၍ဆိုရမည်၊ ။သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့မှာလည်း၊ ၅-ဝိထိစီချလေ၊ ။ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသတို့မှာလည်း၊ ဤနည်းအတူ ၅ ဝိထိစီချလေ၊ ။ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ။လောကုတ္တရာကုသိုလ်ပြီး၏။ ။

## လောကုတ္တရာစိတ်ပါက်အာရုံသည်၊ကာမကုသိုလ်အား ကျေးဇူးပြုပုံ။

လောကုတ္တရာစိတ်ပါက်ဟု ဆိုအပ်သော အာရမ္မဏာ၂၄ခုသည်း
သည်-ကာမကုသိုလ်,ကာမကြိယာ,ရူပကုသိုလ်,ရူပကြိယာ၊
ဤ ၄-ရာသိတို့အား- အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုပေ၏။
ထိုတွင်၊ ကာမကုသိုလ်အား ပစ္စည်းတစ်ဟန်ကား။ သော
တာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရပြီးသော ကာမ, ရူပ
သောတာပန်ပုဂ္ဂိုလ်သည် မိမိ ရပြီးသော သောတာပတ္တိဖိုလ်
ကို အာဝဇ္ဇနဝသီ, ပစ္စဝေက္ခဏာ ဝသီဘော်တို့ဖြင့် အလေ့
အလာပြု၍ ဆင်ခြင်လိုလတ်သည်ရှိသော်၊ မိမိပစ္စည်းသန္တေ။ပ။ နှ,
ဒ-ဟု နှစ်ကြိမ်ဖြစ်၍ချုပ်၏။ သောတာပတ္တိဖိုလ်သည်လည်း၊
အာသန္နတရဖြစ်၍။ပ။ထင်ခြင်းသို့ ရောက်၏။ ထိုနောင် အာ
သန္နတရ။ပ။မနောဒွါရာဝဇ္ဇန်း။ထိုနောင် မဟာကုသိုလ်ဉာဏ
သမ္ပယုတ် ၄-ခုတို့တွင်။တခုခုသည်၊ပစ္စဝေက္ခဏာဇော ကိစ္စ
၇-ကြိမ်ဖြစ်၍ချုပ်၏။ထိုနောင် မိမိပစ္စည်းသန္တေ။ပ။ဘဝင်ကိစ္စ ဖြစ်
ထိုက်သန္တေဖြစ်၍ချုပ်၏။ ။သကဒါဂါမိဖိုလ်, အနာဂါမိ
ဖိုလ်တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝိထိမှာလည်း၊ ဤ
နည်းအတူတူပင်ချေလေ။ ။

## ကာမကြိယာအားကျေးဇူးပြုပုံ။

ကာမကြိယာအား ပစ္စည်းတစ်ဟန်ကား၊အရဟတ္တမဂ်,
အရဟတ္တဖိုလ်ကို ရပြီးသော ကာမ, ရူပ, အရူပ ရဟန္တာ
ပုဂ္ဂိုလ်သည်၊ မိမိ ရပြီးသော အရဟတ္တဖိုလ်ကို အာဝဇ္ဇန
ဝသီ, ပစ္စဝေက္ခဏာ ဝသီဘော်တို့ဖြင့် အလေ့အလာပြု၍
ဆင်ခြင်လိုလတ်သည်ရှိသော်၊မိမိပစ္စည်းသန္တေ။ပ။ နှ, ဒ-ဟု နှစ်
ကြိမ်ဖြစ်၍ချုပ်၏။ အရဟတ္တဖိုလ်သည်လည်း၊ အာသန္နတရ
ဖြစ်၍။ ပ။ ရောက်၏။ ထိုနောင် အာသန္နတရ။ ပ၊ မနောဒွါရာ

ဝစ္ဆန်း။ ထိုနောင် မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု၌တွင်၊ တရရသည်။ ပ။ ပစ္စဝေက္ခဏာဇောကိစ္စ ၇-ကြိမ်။ ထိုနောင်၊ မိမိပင့်သနွေ။ပ။ချုပ်၏။အရဟတ္တဖိုလ်မှာသာရသည်။ ။

## ရူပကုသိုလ်အားကျေးဇူးပြုပုံ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌။ရူပကုသိုလ်သည်၊ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသအားဖြင့် ၃-ပါးအပြားရှိ၏။ထိုတွင်၊ စေတောပရိယကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။အနုလောမ, ပဋိလောမအားဖြင့်။ ပ။သူတပါးတို့၏ သောတာပတ္တိဖိုလ်ကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍။ပ။ ဝင်စားလိုလတ်သည်ရှိသော်။ ။စေတောပရိယ ၅-ဝိထိ၊ ပုဗ္ဗေနိဝါသာနုဿတိ၌ ၅ ဝိထိ၊ အနာဂတံသ၌ ၅-ဝိထိစီ ချလေ။· ။ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ။

## ရူပကြိယာအားကျေးဇူးပြုပုံ။

ရူပကြိယာအား ပစ္စည်းတပ်ရာ၌။ရူပကြိယာသည်။ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် ၃-ပါးအပြားရှိ၏။ဤမှာ ဆိုအပ်ပြီးသောနည်းဖြင့် ၅-ဝိထိစီချလေ။ ။ဤသို့ အစရှိသည်ဖြင့်ဆိုလေ။ လောကုတ္တရာဝိပါက်ပြီး၏။ ။

---

## ရုပ်သည်အကုသိုလ်စိတ်အားကျေးဇူးပြုပုံ။

ရုပ်အဋ္ဌဝိသယ ဆိုအပ်သော အာရမ္မဏပစ္စည်းသည်။ အကုသိုလ်, ကာမကုသိုလ်, ကာမဝိပါက်, ကာမကြိယာ, ရူပကုသိုလ်, ရူပကြိယာ-ဤ ၆ ရာသီတို့အား-အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထိုတွင်၊ အကုသိုလ်အား ပစ္စည်းတပ်ဟန်ကား။ရုပ်အဋ္ဌဝိသကို အာရုံပြု၍ အကုသိုလ်ဇောထိစိတ္တုပ္ပါဒ်

ဖြစ်လိုသတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ပ။ နှ,ဒ-ဟု နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ရုပ်အဋ္ဌမိသသည်လည်း၊ အာသန္နတရဖြစ်၍။ပ။ အောက်ကနည်းကိုမှီ၍ချလေ။ ။ကာမကုသိုလ်မှာလည်း။ ဤနည်းမှီ၍ ချလေ။ ။

## ကာမဝိပါက်အား ကျေးဇူးပြုမှု။

ကာမဝိပါက်အား ပစ္စည်းတပ်ဟန်ကား။ ရုပ်အဋ္ဌမိသကို အာရုံပြု၍ တဒါရုံကိစ္စ ဖြစ်လိုလတ်သည်ရှိသော်၊ မိမိ ပဋိသန္ဓေ။ပ။အောက်ကနည်းချလေ။ ။

တနည်းကား။ ။ကာမဝိပါက်အား ပစ္စည်းတပ်ဟန်ကား။ပဉ္စဒွါရ, မနောဒွါရအားဖြင့် နှစ်ပါးအပြားရှိ၏။ထိုတွင်၊ ပဉ္စဒွါရသည်လည်း၊ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ အားဖြင့် ၄-ပါး အပြားရှိ၏။ ထိုတွင်၊ အတိမဟန္တာရုံသည်၊ စက္ခုဒွါရ၌တပါး၊ သောတဒွါရ၌တပါး။ပ။ကာယဒွါရ၌တပါး အားဖြင့် ၅-ပါးအပြားရှိ၏၊ ထိုတွင်၊ စက္ခုဒွါရ၌ အတိမဟန္တာရုံ ဖြစ်ဟန်ကား။ မိမိပဋိသန္ဓေ။ ပ။ ပဉ္စဝေါကာရဘဝင် ၁၅-ချက်တွင်၊ တခုခုသည်၊မိမိပဋိသန္ဓေ စိတ်၏အာရုံဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အားဖြင့် ၃ ပါးတို့တွင်၊ တပါးပါးကို အာရုံပြု၍၊ အတီတဘဝင်ကိစ္စ တကြိမ်ဖြစ်၍ချုပ်၏။ထိုနောင် ထိုအတီတဘဝင် တချက်လွန်နှင့် ဥပါဒ်ပြိုင်သော ပစ္စုပ္ပန်ရူပါရုံသည်၊ ထိုအတီတ ဘဝင် တချက်လွန်နှင့်ရင်း၊ ဥပါဒ်ပြိုင်သော စက္ခုပသာဒအား အဘိမုခီဘူတဘာဝန္တေန ဖြစ်လိုလတ်သည်ရှိသော်၊ မိမိ ပဋိသန္ဓေ။ ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ထိုနောင် ပစ္စုပ္ပန်ဖြစ်သော ထိုရူပါရုံကိုအာရုံပြု၍၊ ဆင်ခြင်တတ်သော ဥပါဒ် ဌီ,ဘင်-နှင့် ပြည့်စုံသော ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည်၊ အာဝဇ္ဇန်းကိစ္စ ဖြစ်၍ချုပ်၏၊ ထိုနောင် ထိုအာရုံကို အာရုံပြု၍ မြင်တတ်သော ဥပါဒ်, ဌီ, ဘင် နှင့် ပြည့်စုံသော

စက္ခုဝိညာဏ်ဓာတ်တို့တွင် တခုသည် ဒဿနကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍ ခံသကဲ့သို့ဖြစ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော သမ္ပဋိစ္ဆိုန်းဓာတ်တို့တွင် တခုသည်၊ သမ္ပဋိစ္ဆိုင်းကိစ္စဖြစ်၍ချုပ်၏။ထိုနောင် ထိုအာရုံကို အာရုံပြု၍ စုံစမ်းသကဲ့သို့ ဖြစ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော သန္တီရဏ သုံးခုတို့တွင် တခုသည်၊ သန္တီရဏကိစ္စဖြစ်၍ ချုပ်၏။ထိုနောင် ထိုအာရုံကို အာရုံပြု၍ကောင်းစွာမှတ်တတ်သော ဥပါဒ်, ဌီ, ဘင်-နှင့် ပြည့်စုံသော မနောဒွါရာဝဇ္ဇန်းစိတ်သည်၊ ဝုဋ္ဌောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍ လျင်စွာ သိတတ်သော ဥပါဒ်, ဌီ, ဘင် နှင့် ပြည့်စုံသော ကာမဇောတခုယုတ် ၃၀ တို့တွင်၊ တခုသည်။ယောနိသော မနသိကာရ အစရှိသည် တို့၏ အစွမ်းဖြင့် ရအပ်သော အကြောင်းရှိသည်ဖြစ်၍၊ယေဘုယျအားဖြင့်ဇောကိစ္စ ၇-ကြိမ် ဖြစ်၍ချုပ်၏။ ထိုနောင် ထိုဇော၏ အာရုံကိုအာရုံပြုတတ်သော ဥပါဒ်, ဌီ, ဘင် နှင့် ပြည့်စုံသော တဒါရုံဧကာဒသတို့တွင် တခုသည်၊ တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ပ။ကာမဘဝင် ၁၀-တို့တွင်၊ တခုသည်။ပ။ဘဝင်ကိစ္စ ဖြစ်ထိုက်သန္တေဖြစ်၏။ မကျသည်ဖြစ်အံ့၊ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ရူပဘဝင် ၅-ခုတို့တွင်၊ တခုသည် ဖြစ်ထိုက်သန္တေဖြစ်၏။ ။သောတဒွါရ၌။ပ။ကာယဒွါရတို့၌ ဤနည်းကိုမှီ၍ချလေ။ ။

မဟန္တာရုံသည်-စက္ခုဒွါရ၌ နှစ်ပါး။ ပ။ ကာယဒွါရ၌ နှစ်ပါးအားဖြင့် ၁၀-ပါးအပြားရှိ၏။ထိုတွင်၊ ပဌမ မဟန္တာရုံဖြစ်ဟန်ကား။ မိမိပဋိသန္ဓေ။ ပ။ အတီတဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ထိုနောင် ထိုရှေးဦးအစ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပစ္စုပ္ပန်ရူပါရုံသည်၊ ထိုရှေးဦးအစ အတီတဘဝင်နှင့်၎င်း ဥပါဒ်ပြိုင်သောစက္ခုပသာဒအား အာဘိမုခီဘူတဘာဝန္န ဖြစ်လိုလတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ပ။ဘဝင်စလန,ဘဝင်

ပဋ္ဌာန-ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ထိုအာရုံကို အာရုံပြု၍ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောကိစ္စ ၇ ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိ-နိုသဒ္ဒေ။ ပ။ ဘဝင်တချက်မှ၍ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ ဤနည်းကိုမှီ၍ ကြွင်းသော ဝိထိတို့ကိုကြံ၊ ဆင်ခြင်၍ ချလေ။ ။

ပရိတ္တာရုံသည်လည်း စက္ခုဒွါရ၌ ၆-ပါး သောတဒွါရ၌ ၆-ပါး။ ပ။ ကာယဒွါရ၌ ၆ ပါးအားဖြင့် ၃၀-အပြားရှိ၏။ ၎င်း ၃၀-ကိုလည်းကြံ၊ ဆင်ခြင်၍ချလေ။ အတိပရိတ္တာရုံ သည်လည်း၊ စက္ခုဒွါရ၌ ၆-ပါး။ ပ။ ၆-ပါးအားဖြင့် ၃၀-အပြားရှိ၏။ ၎င်း ၃၀-ကိုလည်းကြံ၊ ဆင်ခြင်၍ချလေ။

(*အတိပရိတ္တာရုံသည်၊ ထင်ခြင်းသို့ရောက်၍။ အာဝဇ္ဇန်း စသော ဝိထိစိတ်တို့၏ မဖြစ်ခြင်းကြောင့်၊ တပုံတခုသော စိတ်အား- အာရမ္မဏပစ္စည်းမတပ်။ ထို့ကြောင့် ဤရပ် အာရမ္မဏပစ္စည်း၌၊ အတိပရိတ္တာရုံကို မရသင့်၊ အထူးနှလုံးသွင်းပါလေ*)။

မနောဒွါရသည်လည်း၊ ဝိဘူတာရုံ, အဝိဘူတာရုံ အားဖြင့် ၂-ပါးအပြားရှိ၏။ ၎င်း ၂-ပါးမှာလည်း၊ ဇောဒါရုံကျသည်, မကျသည်ကို နှလုံးပိုက်၍ ချလေ။ ကျယ်ဝန်းမည် စိုးသောကြောင့် နည်းအမြွက်မျှသာ ရေးလိုက်သည်။ ကာမကြိယာမှာလည်း၊ ကုသိုလ်နည်းချလေ။ ။

## ရူပကုသိုလ်အား ကျေးဇူးပြုပုံ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌၊ ရူပကုသိုလ်သည်၊ ဒိဗ္ဗစက္ခုကုသိုလ် အဘိညာဉ်, ဒိဗ္ဗသောတ, ဣဒ္ဓိဝိဓ, ပုဗ္ဗေနိဝါသာနုဿတိ, အနာဂတံသကုသိုလ်အဘိညာဉ်အားဖြင့် ၅ပါး အပြားရှိ၏။ ထိုတွင်၊ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်အားပစ္စည်း

တပ်ဟန်ကား၊ ဒိဗ္ဗစက္ခုကုသိုလ် အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမ,ရူပ သေက္ခပုဂ္ဂိုလ်သည်၊ ဒူရ,အာသန္န,ပဋိစ္ဆန္န သဏှ, သုခုမ ဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို မြင်ခြင်းငှါ အလိုရှိသည်ဖြစ်၍၊ ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုသတ်သည်ရှိသော်၊ မိမိပဋိသန္ဓေ။ ပ။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉ ချက်တို့တွင်၊ တခုခုသည်။ ပ။ န,ဒ-ဟု ၂ ကြိမ် ဖြစ်၍ချုပ်၏။ အာလောက ကသိုဏ်းပညတ်ပဋိဘာဂနိမိတ် သည်လည်း၊ အာသန္နတရဖြစ်၍။ ပ။ ရောက်၏။ ထိုနောင် မနော ဒွါရာဝဇ္ဇန်း။ ထိုနောင် မဟာကုသိုလ်ဉာဏ်ယှဉ်ဇောတို့တွင် တခုခု သည်၊ ပရိကံ ဥပစာ, အနုလုံ, ဂေါတြဘူဟု၊ ဥပစာရသမာဓိ ဇော၊ ထိုနောင် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်သည်၊ ဘဝင်အယဉ်ကဲ့သို့။ ပ။ များစွာဖြစ်၍ ချုပ်၏၊ ထိုနောင်။ ပ၊ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၍ချုပ်၏။ ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်၊ ဒူရ။ ပ။ ရုံကို မြင်စေခြင်းငှါအခြေပြု၏။

ထိုနောင်၊ ရူပံ ရူပံ ပဿာမိ၊ ရူပံ ရူပံ ပဿာမိ-ဟုဆောက် တည်သောအားဖြင့်၊ အဘိဉာဉ်ဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုသတ် သည်ရှိသော်။ မိမိပဋိသန္ဓေ။ ပ။ န,ဒ-ဟု ၂-ကြိမ်ဖြစ်၍ချုပ်၏။ အဘိဉာဘဇ္ဇဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည်လည်း၊ အာသန္နတရ ဖြစ်၍။ ပ။ ရောက်၏၊ ထိုနောင် အာသန္နတရ။ ပ။ မနောဒွါရာ ဝဇ္ဇန်း၊ မဟာကုသိုလ်စိတ်ရှစ်ချက်တို့တွင်၊ တခုခုသည်၊ အဘိဉာဉ် ဇောကိစ္စ ၄-ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေ။ ပ။ ချုပ်၏။ ။ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်။ ဒူရ။ ပ။ ရုံကိုမြင်စေသော- ဟု ဆောက်တည်ခြင်းကိုပြု၏။ ။ထိုနောင် ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်ကို တဖန် ဝင်စားလိုလတ် သည်ရှိသော်။ ပ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၍ချုပ်၏။ ဤ ဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်။ ပ။ တဖန် အခြေပြု၏။ ။

ထိုနောင် အဘိဉာဘဇ္ဇဖြစ်သော၊ ဒူရ။ ပ။ ရုံကိုအာရုံပြု၍ ဒိဗ္ဗ စက္ခုကုသိုလ်အဘိညာဉ် ဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်

သည်ရှိသော်။ ပ။ မိမိပဋိသန္ဓေ။ ပ။ နှ, ဒ-ဟု နှစ်ကြိမ်၊အဓိဋ္ဌာ
တဗ္ဗဖြစ်သော။ နုရ။ ပ။ ရုံသည်လည်း၊ အာသန္နတရဖြစ်၍၊
ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒအား- ထင်ခြင်းသို့ရောက်၏။ ထို
နောင် အာသန္နတရ။ ပ။ မနောဒွါရာဝဇ္ဇန်း။ ထိုနောင် မဟာ
ကုသိုလ် တတိယဇော်တို့တွင်၊ ကရုသည်၊ ပရိကံ, ဥပစာ,
အနုလုံ, ဂေါတြဘူဟု-ဥပစာရသမာဓိဇော။ ထိုနောင်။ပ။ဈာန်
အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဋ္ဌမဈာန်
သည်၊ နုရ။အာသန္နတရ။ပ။ရုံကိုမြင်လျက်။ ဒိဋ္ဌစက္ခု ကုသိုလ်
အဘိညာဉ်ဇောကိစ္စ တကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိ
သန္ဓေ။ပ။ချုပ်၏။ဤဝိထိစိတ္တုပ္ပါဒ်တို့ဖြင့်။နုရ။ပ။ရုံကိုမြင်၏။ ။
ထိုနောင် ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်သည် မြင်အပ်သော။
နုရ။ပ။ရုံကိုဆင်ခြင်လိုလတ်သည်ရှိသော်၊မိမိပဋိသန္ဓေ။ ပ။ နှ,
ဒ-ဟု ၂-ကြိမ်။ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်သည် မြင်အပ်
သော၊ နုရ။ ပ။ ရုံသည်လည်း၊ အာသန္နတရ။ ပ။ ထင်ခြင်းသို့
ရောက်၏။ ထိုနောင် အာသန္နတရ။ ပ။ မနောဒွါရာဝဇ္ဇန်း။
ထိုနောင် မဟာကုသိုလ် ၈-ခုတို့တွင်၊ တခုသည်၊ ပစ္စဝေက္ခ
ဏာဇောကိစ္စ ၅-ကြိမ်။ထိုနောင် မိမိပဋိသန္ဓေ။ပ။ချုပ်၏။ ။
ဤဝိထိစိတ္တုပ္ပါဒ် တို့ဖြင့် ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်သည်
မြင်အပ်သော။နုရ။အာသန္န။ပ။ရုံကို ဆင်ခြင်၏။

ဒိဗ္ဗသောတ ကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား။
ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာ
မ,ရူပသေက္ခပုဂ္ဂိုလ်သည်။နုရ,အာသန္န ပဋိစ္ဆန္န,သဏှ,သုခုမ-
ဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို ကြားခြင်းငှါ အလိုရှိသည်ဖြစ်၍၊
